# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် ဖိုဝင်ဘာလ ၃ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၇)၊ အမှတ်(၃၀၇)၊ ၁၃၈၆ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၅ ရက်၊ ၇-၁၀-၂၀၂၄၊ တနင်္လာနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလတည်းဟူသော အနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

(ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ တပ်တော်ဝင်ရေယာဉ်များဖြစ်သော ၄၈ မီတာ အမြန်သွားကင်းလှည့်ရေယာဉ် လေးစင်းအား လှည့်လည်ကြည့်ရှုစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကမ်းခြေစောင့်တပ်ဖွဲ့ကွပ်ကဲမှုဌာနချုပ်တည်ထောင်ခြင်း (၃) နှစ်ပြည့် အထိမ်းအမှတ်နှင့် ရေယာဉ်များတပ်တော်ဝင်ခြင်းအခမ်းအနားသို့ တက်ရောက်ချီးမြှင့်

နေပြည်တော် အောက်တိုဘာ ၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ကမ်းခြေစောင့်တပ်ဖွဲ့ကွပ်ကဲမှုဌာနချုပ် တည်ထောင်ခြင်း (၃) နှစ်ပြည့် နှစ်ပတ်လည်နေ့အထိမ်းအမှတ်နှင့် ရေကြောင်းဆိုင်ရာ အကျိုးစီးပွားများနှင့် မြန်မာ့ပင်လယ်ကမ်းရိုးတန်း လုံခြုံရေးအား ကာကွယ်စောင့်ရှောက်ရန်အတွက် ၄၈ မီတာ အမြန်သွား ကင်းလှည့်ရေယာဉ်လေးစင်း တပ်တော်ဝင်ခြင်းအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် အမှတ်(၃)ရေတပ် ဆိပ်ခံတံတား (သီလဝါ)၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ဂုဏ်ပြု အမှာစကားပြောကြားသည်။ စာမျက်နှာ ၃ သို့ ❊


ပြည်လုံးကျွတ်သန်းခေါင်စာရင်း (၇) ရက်မြောက်နေ့ ကောက်ယူနေပါသည်။

၂၀၂၄ ခုနှစ် ၊ အောက်တိုဘာ ၇ ရက်၊ တနင်္လာနေ့။

## ကြိုတင်ပြင်ဆင်ခြင်းသည် အောင်မြင်ခြင်း၏ မိတ်ဆွေ

အလုပ်တစ်ခု အောင်မြင်ရေးအတွက် ထိုအလုပ်၏ အခက်အခဲများကို မလွဲမသွေကျော်ဖြတ်ရမည်ဖြစ်သည်။ ထိုသို့ ကျော်ဖြတ်ရာတွင် မိမိ၌ စွမ်းရည်ရှိကြရမည်ဖြစ်သည်။ ကျော်ဖြတ်နိုင်စွမ်းရှိအောင် ကြိုတင်လေ့ကျင့်ထားရန်လည်း လိုအပ်မည်ဖြစ်သည်။ ကြိုတင်ပြင်ဆင်ခြင်းဟူသည် အောင်မြင်ခြင်း၏မိတ်ဆွေဖြစ်သည်။ ထိုသို့အလေ့အကျင့်ပြုလုပ်ထားခြင်းသည် ပွဲမဝင်ခင် အပြင်က ကျင်းပခြင်းဖြစ်သည်။ ထို့ပြင် အနုပညာဖျော်ဖြေတင်ဆက်မှုမပြုမီ ဇာတ်တိုက်ထားကြရမည်ဖြစ်သည်။ ထိုသို့ပြုလုပ်ခြင်းကို ရီဟာဇယ်ပြုလုပ်ခြင်း၊ အစမ်းလေ့ကျင့်ခြင်းဟု ခေါ်ပါသည်။ အစမ်းလေ့ကျင့်ခြင်းပြုလုပ်သည့်အခါ အသားကျလာသည်။ အချိန်နှင့် တစ်ပြေးညီပြီးစီးအောင် လုပ်နိုင်လာသည်။

ပွဲမဝင်ခင် အပြင်ကကျင်းပဟူသော စကားသည် ကြိုတင်လုပ်ဆောင်ကြရန် တိုက်တွန်းသော စကားဖြစ်သည်။ အလုပ်တစ်ခုကို မလုပ်ကိုင်မီ အစမ်းလေ့ကျင့်ထားသောအခါ ထိုအလုပ်တွင် မှားနိုင်သည့်အချက်များကို တွေ့လာရသည်။ လွဲချော်မှုရှိသော နေရာများကို သတိထားလုပ်ဆောင်ရမည်ဟူသော အသိရှိလာသည်။ အစမ်းလေ့ကျင့်သည့်အခါ လွယ်သည်ဟုထင်သောအရာများ ခက်ကြောင်း လက်တွေ့သိလာရသည်။ သူ့အဆင့်နှင့်သူ လုပ်ဆောင်ရမည်ဖြစ်ကြောင်း သိရသည်။ ပွဲမဝင်မီ အပြင်ကကျင်းပခြင်းသည် အတွေ့အကြုံရအောင်ပြုလုပ်ခြင်းလည်း ဖြစ်သည်။

အားကစားသမားတစ်ဦးသည် မိမိယှဉ်ပြိုင်ရမည့် အားကစားကို အထပ်ထပ်အခါခါ လေ့ကျင့်ရသည်။ အပြေးသမားတစ်ဦးသည်လည်း ပြေးနည်းစနစ်ကျအောင် တာထွက်မှန်အောင်၊ သက်လုံကောင်းအောင် လပေါင်းများစွာလေ့ကျင့်ကြရသည်။

ဘောလုံးသမားများသည်လည်း အကွက်စေ့စေ့ကစားတတ်အောင် အသင်းလိုက်လေ့ကျင့်ကြရသည်။ အခြားအသင်းများကိုလည်း ဖိတ်ကြားကာ အစမ်းယှဉ်ပြိုင်ကြရသည်။ ဤသို့ဖြင့် ပြိုင်ပွဲယှဉ်ပြိုင်သည့်အခါတွင် ကောင်းစွာယှဉ်ပြိုင်နိုင်မည်ဖြစ်သည်။ အလုပ်၌လည်း ကြိုတင်ပြင်ဆင်ခြင်းသည် အလုပ်ကို လေးစားခြင်းဖြစ်သည်။ အများနှင့် သက်ဆိုင်သော အလုပ်တစ်ခုကို ပြုလုပ်မည်ဆိုလျှင် လူရှေ့သူရှေ့တွင် အမှားမရှိအောင် လုပ်ဆောင်နိုင်ရမည်ဖြစ်သည်။ တိကျပြတ်သားစွာလုပ်ဆောင်နိုင်မှ မိမိစွမ်းရည်ကို သူတစ်ပါးက အသိအမှတ်ပြုမည်ဖြစ်သည်။ ကြိုတင်ပြင်ဆင်၍ လုပ်ဆောင်ထားသည့်အခါ လိုလေသေးမရှိ ပြည့်စုံဆောင်ရွက်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် မည်သည့်နေရာ၌မဆို ပွဲမဝင်ခင် အပြင်ကကျင်းပခြင်းသည် ပိုမိုကောင်းမွန်ပါသည်။ အခြားသူများ အလုပ်လုပ်နေသည်ကိုကြည့်လျှင် လွယ်ကူသည်ဟု ထင်ရသောအရာများသည် မိမိကိုယ်တိုင်လက်တွေ့ပြုလုပ်ကြည့်ပါက မလွယ်ကူလှသည်ကို သိရပါသည်။

သို့ဖြစ်ရာ အကျိုးရှိသော အလုပ်တစ်ခုကို လုပ်ကိုင်မည်ဆိုလျှင် အခက်အခဲများနှင့် ရင်ဆိုင်ရစမြဲဖြစ်သည်။ ထို့ကြောင့် ကြိုတင်ပြင်ဆင်ခြင်းဟူသည် အောင်မြင်ခြင်း၏ မိတ်ဆွေဖြစ်ပြီး အောင်မြင်မှုကို ရယူလိုသူတိုင်းသည် ကြိုတင်ပြင်ဆင်ခြင်းဖြင့် အရင်းတည်ရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

## မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးနေလင်းစိုး၏ မိသားစုအိမ်အား ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူ



**မန္တလေး အောက်တိုဘာ ၆**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး နေလင်းစိုး၏ မိသားစုအား ၂၀၂၄ ခုနှစ်၊ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းကို ယနေ့ နံနက် ၈ နာရီက ၎င်းမိသားစုနေထိုင်ရာ နေအိမ်၌ ကောက်ယူခဲ့သည်။ **(ယာပုံ)**

ထိုသို့ကောက်ယူရာတွင် မန္တလေးတိုင်းဒေသကြီး သန်းခေါင်စာရင်းကောက်ယူရေးကြီးကြပ်မှုကော်မတီ အတွင်းရေးမှူး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန တိုင်းဒေသကြီးဦးစီးမှူးရုံးမှ ညွှန်ကြားရေးမှူး ဦးစိုးလွင်၊ အောင်မြေသာစံခရိုင် အိမ်အကြောင်းအရာနှင့် လူဦးရေသန်းခေါင်စာရင်းကောက်ယူရေးကော်မတီဥက္ကဋ္ဌ အောင်မြေသာစံခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဒေါက်တာအောင်ဆွေနှင့် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ခရိုင်အိမ်အကြောင်းအရာနှင့် လူဦးရေသန်းခေါင်စာရင်းကောက်ယူရေးကော်မတီ အတွင်းရေးမှူး ဦးသန်းထွန်းအောင်နှင့် ကော်မတီဝင်များ၊ မြို့နယ်အိမ်အကြောင်းအရာနှင့် လူဦးရေသန်းခေါင်စာရင်းကောက်ယူရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်သန်းဇော်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်အိမ်အကြောင်းအရာနှင့် လူဦးရေသန်းခေါင်စာရင်းကောက်ယူရေးကော်မတီ အတွင်းရေးမှူး ဦးသိန်းလွင်နှင့် အထောက်အကူအဖွဲ့များ လိုက်ပါပြီး တာဝန်ကျစာရင်းကောက်ဆရာမက သန်းခေါင်စာရင်းဆိုင်ရာ မေးခွန်းများ မေးမြန်းမှုကို ဝန်ကြီး ဗိုလ်မှူးကြီးနေလင်းစိုးက ပြန်လည်ဖြေကြားခဲ့သည်။

အဆိုပါ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းများကို ယခုလ အောက်တိုဘာ ၁ ရက်မှ အောက်တိုဘာ ၁၅ ရက်အထိ နိုင်ငံတစ်ဝန်းလုံး၌ ကောက်ယူသွားမည်ဖြစ်ကြောင်း သိရသည်။

(၀၃၇)

## ဒို့ရိုးရာ ဒို့ဆင်နွှဲ သီတင်းကျွတ်ဈေးရောင်းပွဲတော် မန္တလေးကွန်ဗင်းရှင်းစင်တာတွင် ကျင်းပ



**မန္တလေး အောက်တိုဘာ ၆**

ဒို့ရိုးရာ ဒို့ဆင်နွှဲ သီတင်းကျွတ်ဈေးရောင်းပွဲတော်ကို အောက်တိုဘာ ၅ ရက်နှင့် ၆ ရက်နေ့များက မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ၁၀၁ လမ်း(သိပ္ပံ)လမ်းရှိ မန္တလေး ကွန်ဗင်းရှင်းစင်တာတွင် ကျင်းပသည်။ သီတင်းကျွတ်အကြို အထူးဈေးရောင်းပွဲတော်တွင် နာမည်ကြီး Brand Bag အိတ်ဆိုင်များ၊ ထိုင်းနိုင်ငံထုတ် အသားရေထိန်းသိမ်းရေးအလှကုန်ပစ္စည်းအရောင်းဆိုင်များ၊ လူသုံးကုန်ပစ္စည်းအရောင်းဆိုင်များ၊ စားသောက်ကုန်နှင့် သစ်သီးအခြေပြုတန်ဖိုးမြင့်စားသောက်ကုန်များ၊ အော်ဂဲနစ်သစ်သီးဝလံများ၊ Android Phone Accessories ဖုန်းအပိုပစ္စည်းအရောင်းဆိုင်များ၊ ဆိုလာနှင့် ဆက်စပ်ပစ္စည်းအရောင်းဆိုင်များ၊ ဘက်ထရီများ၊ အင်ဗာတာများ၊ ကွန်ပျူတာနှင့် စာရင်းအင်းဆိုင်ရာဝန်ဆောင်မှုများ၊ ဆော့ဝဲလ်နှင့် GPS စနစ်ဆိုင်ရာများ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းအရောင်းဆိုင်များ၊ မော်တော်ယာဉ်အရောင်းပြခန်းနှင့် လက်ဝတ်ရတနာပစ္စည်းအရောင်းဆိုင်များ ဖွင့်လှစ်ပြသ၍ အထူးဈေးနှုန်းဖြင့် မိတ်ဆက်ရောင်းချပေးလျက်ရှိသည်။

သီတင်းကျွတ်ဈေးရောင်းပွဲတော်နှင့်အတူ YOLOMUSIC အဖွဲ့နှင့် နာမည်ကြီးအဆိုတော်များ၏ သီဆိုဖျော်ဖြေမှုများ၊ ကံစမ်းမဲအစီအစဉ်များဖြင့် ကျင်းပလျက်ရှိရာ လာရောက်လှည့်လည်သူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။ **(အပေါ်ဝဲပုံ)(၀၄၅)**

## သီတင်းကျွတ်ကာလ မီးပုံးများရောင်းချ



**ရေနံချောင်း အောက်တိုဘာ ၆**

မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့တွင် သီတင်းကျွတ်ကာလ မီးပုံးများ ဈေးကွက်၌ စတင်ရောင်းချလျက်ရှိကြောင်း မီးပုံးအမျိုးမျိုးရောင်းဝယ်သူများထံက သိရသည်။

သီတင်းကျွတ်လဆန်းရက်က စတင်၍ မြန်မာ့လက်မှုပညာရပ်ဖြစ်သည့် ဝါးနီးဖြင့် ပြုလုပ်သော မီးပုံးအမျိုးမျိုးနှင့် ၄က်ရုပ်များ၊ ကလေးများအတွက် အရုပ်မီးအိမ်များကို ရောင်းချကြပြီး အရောင်းအဝယ်လိုက်နေကြောင်း မီးပုံးအမျိုးမျိုးရောင်းချသူတစ်ဦးထံက သိရသည်။

မီးပုံးတစ်ခုလျှင် အကြီး ၂၅၀၀ ကျပ်ကနေ ၃၀၀၀ ကျပ်၊ ၄က်ရုပ်မီးပုံးနှင့် ကလေးများအတွက် လက်တွန်းမီးပုံးတစ်ခုလျှင် ၁၅၀၀ ကျပ်ကနေ ၂၀၀၀ ကျပ် ရောင်းရသည်။

"ရိုးရာအမွေအနှစ်တစ်ခုဖြစ်သော လက်မှုပညာဖြင့် ဝါးနီးကို အခြေခံပြီး ပြုလုပ်ထားပါတယ်။ ဈေးဆိုင်တွေ၊ နေအိမ်တိုက်တာများမှာ သီတင်းကျွတ်ကာလအတွက် မီးပူဇော်ကြဖို့ ဝယ်ယူကြသည့်အပြင် ကလေးများအတွက် ၄က်ရုပ်အမျိုးမျိုးနှင့် တွန်းလှည်းမီးပုံးတွေကို လက်ကားရောင်းရတယ်"ဟု မီးပုံးပြုလုပ်သူ တစ်ဦးက ပြောသည်။

**(အပေါ်ပုံ)(၄၇၂)**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက်
ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊
အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှု မခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ကမ်းခြေစောင့်တပ်ဖွဲ့ကွပ်ကဲမှုဌာနချုပ် တည်ထောင်ခြင်း (၃) နှစ်ပြည့် နှစ်ပတ်လည်နေ့အထိမ်းအမှတ်နှင့် အမြန်သွား ကင်းလှည့်ရေယာဉ်လေးစင်း တပ်တော်ဝင်ခြင်းအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

※ ရွှေဖုံးမှ

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ကမ်းခြေစောင့်တပ်ဖွဲ့ညွှန်ကြားရေးမှူးချုပ် ဗိုလ်ချုပ်ကိုကိုကျော်၊ သက်ဆိုင်ရာ ရေတပ်စခန်းဌာနချုပ်များမှ ဌာနချုပ်မှူးများ၊ တပ်မတော်(ရေ)နှင့် ကမ်းခြေစောင့်တပ်ဖွဲ့ ကွပ်ကဲမှုဌာနချုပ်မှ အရာရှိ၊ စစ်သည်များ တက်ရောက်ကြသည်။

### ရှင်းလင်းတင်ပြ

ဦးစွာ ကမ်းခြေစောင့်တပ်ဖွဲ့ညွှန်ကြားရေးမှူးချုပ် ဗိုလ်ချုပ် ကိုကိုကျော်က တပ်တော်ဝင်ရေယာဉ်များဆိုင်ရာအချက်အလက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံသို့ ကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းက တပ်တော်ဝင်အခမ်းအနားအထိမ်းအမှတ် ရေယာဉ်ပုံစံငယ်ကို ဂါရဝပြုပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဂုဏ်ပြုအမှာစကားပြောကြားရာ၌ ယနေ့သည် ၄၈ မီတာ အမြန်သွားကင်းလှည့်ရေယာဉ်သစ်လေးစင်းကို မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့တွင် အင်အားဝင် ရေယာဉ်များအဖြစ် တပ်တော်ဝင်စာရင်းသွင်းနိုင်သည့် မင်္ဂလာရှိသောနေ့တစ်နေ့ဖြစ်သကဲ့သို့ မိမိတို့ တပ်မတော်နှင့် ကမ်းခြေစောင့်တပ်ဖွဲ့အတွက် အားသစ်လောင်းသည့်နေ့တစ်နေ့လည်းဖြစ်ကြောင်း၊ ထို့ပြင် ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၆ ရက်တွင် စတင်ဖွဲ့စည်းခဲ့သည့် ကမ်းခြေစောင့်တပ်ဖွဲ့၏ ၃ နှစ်မြောက် တပ်နှစ်ပတ်လည်နေ့ အခမ်းအနားလည်းဖြစ်ကြောင်း။

### ရေပြင်၊ ဝေဟင်နှစ်ရပ်လုံးမှ ကာကွယ်ထိန်းသိမ်း

နိုင်ငံတော်၏ ပင်လယ်ရေကြောင်းဆိုင်ရာ အမျိုးသားအကျိုးစီးပွားနှင့် အထွေထွေဝါပတ်ဝန်းကျင်ဆိုင်ရာ ဘေးကင်းလုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးတို့အတွက် ပင်မ ကမ်းခြေကမ်းရိုးတန်းမှ သီးသန့်စီးပွားရေးဇုန်အထိ ရေပြင်၊ ဝေဟင်နှစ်ရပ်လုံးမှ ကာကွယ်ထိန်းသိမ်းစောင့်ရှောက်နိုင်စွမ်းရှိသည့် အရည်အချင်းပြည့်ဝသော ကမ်းခြေစောင့်တပ်ဖွဲ့ဖြစ်လာရမည်ဟူသည့် မျှော်မှန်းချက် အမြင်ကျယ်ကျယ်ပြန့်ပြန့်ထားရှိပြီး တပ်ဖွဲ့ကို တည်ဆောက်သွားရန် မှာကြားလိုကြောင်း။

### ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်

ကမ်းခြေစောင့်တပ်ဖွဲ့အနေဖြင့် သတ်မှတ်လုပ်ငန်းတာဝန်များဖြစ်သည့်

စာမျက်နှာ ၄ သို့



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်၊ ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းက တပ်တော်ဝင်အခမ်းအနားအထိမ်းအမှတ် ရေယာဉ်ပုံစံငယ်ကို ဂါရဝပြုပေးအပ်စဉ်။

◆ **ကမ်းခြေစောင့်တပ်ဖွဲ့အနေဖြင့် သတ်မှတ်လုပ်ငန်းတာဝန်များဖြစ်သည့် လူသားချင်းစာနာအကူအညီပေးရေးကဏ္ဍတွင် သဘာဝဘေးဒုက္ခကယ်ဆယ်ခြင်း၊ ပင်လယ်ပြင်၌ အရေးပေါ်လိုအပ်ချိန်များတွင် အကူအညီပေးခြင်းတို့ကို ဒေသတွင်းနိုင်ငံများနှင့်သော်လည်းကောင်း၊ အိမ်နီးချင်းနိုင်ငံများနှင့်သော်လည်းကောင်း ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ပြီး ပင်လယ်ရေကြောင်းဆိုင်ရာ တရားမဝင်မှောင်ခိုလုပ်ငန်းများ၊ ဆိပ်ကမ်းများတွင် နိုင်ငံတကာရေယာဉ်များအား စစ်ဆေးကြပ်မတ်ခြင်း(Port State Control Inspections) စသည့် စစ်ရေးနှင့်မသက်ဆိုင်သော ရေကြောင်းလုံခြုံရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးတာဝန်များကိုလည်း ထမ်းဆောင်သွားကြရမည်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နှင့်အဖွဲ့ဝင်များ တက်ရောက်လာကြသည့် ဧည့်သည်တော်များနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

*စာမျက်နှာ ၃ မှ*

လူသားချင်းစာနာအကူအညီပေးရေး ကဏ္ဍတွင် သဘာဝဘေးဒုက္ခကယ်ဆယ်ခြင်း၊ ပင်လယ်ပြင်၌ အရေးပေါ်လိုအပ်ချိန်များတွင် အကူအညီပေးခြင်းတို့ကို ဒေသတွင်းနိုင်ငံများနှင့်သော်လည်းကောင်း၊ အိမ်နီးချင်းနိုင်ငံများနှင့် သော်လည်းကောင်း ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ပြီး ပင်လယ်ရေကြောင်းဆိုင်ရာ တရားမဝင်မှောင်ခိုလုပ်ငန်းများ၊ ဆိပ်ကမ်းများတွင် နိုင်ငံတကာရေယာဉ်များအား စစ်ဆေးကြပ်မတ်ခြင်း (Port State Control Inspections) စသည့် စစ်ရေးနှင့်မသက်ဆိုင်သော ရေကြောင်းလုံခြုံရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေး တာဝန်များကိုလည်း ထမ်းဆောင်သွားကြရမည် ဖြစ်ကြောင်း။

ထို့ပြင် ရေကြောင်းသဘာဝပတ်ဝန်းကျင် ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရာတွင် အဓိက တာဝန်ယူဆောင်ရွက်ရသည့် Key Actors များဖြစ်ပြီး အဏ္ဏဝါဂေဟစနစ်ကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်သည့် ပင်လယ်ပြင်ဆီယိုဖိတ်မှုနှင့် ရေထုညစ်ညမ်းမှု တုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်းများကို တာဝန်ယူဖြေရှင်းဆောင်ရွက်ရမည့် အဖွဲ့အစည်းလည်းဖြစ်ကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ တပ်တော်ဝင်ရေယာဉ်များဖြစ်သော ၄၈ မီတာ အမြန်သွားကင်းလှည့်ရေယာဉ် လေးစင်းအား လှည့်လည်ကြည့်ရှုရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသစဉ်။

ကမ်းခြေစောင့်တပ်ဖွဲ့အနေဖြင့် ယခုကဲ့သို့ များပြားသည့် ရေကြောင်းဆိုင်ရာတာဝန်များကို ထမ်းဆောင်နိုင်ရေး နှစ်စဉ်တိုးချဲ့ဖွဲ့စည်းပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ ရေမိုင် ၁၃၀၀ ခန့်ရှိသည့် ကမ်းရိုးတန်း၊ ကျွန်းပေါင်း (၁၄၀၀) ရှိပြီး ရေပြင်နယ်နိမိတ် စတုရန်း ရေမိုင် (၁၄၃,၁၁၀.၇၂) ရှိသည့် မိမိတို့နိုင်ငံအတွက် ကမ်းခြေစောင့်တပ်ဖွဲ့ကို ယခုထက် များစွာသောရေယာဉ်၊ လက်နက်ပစ္စည်းကိရိယာ၊ လူ့စွမ်းအားများကို တိုးချဲ့သွားရဦးမည်ဖြစ်ကြောင်း၊ ကမ်းခြေစောင့်တပ်ဖွဲ့သည် နိုင်ငံတကာအဖွဲ့အစည်းများနှင့်ထိတွေ့ဆက်ဆံရသကဲ့သို့ ပင်လယ်ပြင်တွင်လည်း ပြည်တွင်း၊ ပြည်ပက ကုန်သွယ်ရေယာဉ်များကို စစ်ဆေးကြပ်မတ်ရခြင်းဖြစ်သည့်အတွက် ရေကြောင်းဆိုင်ရာဥပဒေများ၊ နိုင်ငံတကာဥပဒေများ၊ IMO Regulation များ၊ မြန်မာနိုင်ငံက သဘောတူလက်မှတ်ရေးထိုးထားသည့် Convention များ၊ Treaty များကို ကောင်းမွန်စွာ သိရှိနားလည်ပြီး မိမိနိုင်ငံအကျိုးစီးပွားအတွက် ထိထိရောက်ရောက် အသုံးချနိုင်ရမည်ဖြစ်သကဲ့သို့ အဆိုပါဥပဒေများနှင့်အညီ ကမ်းခြေစောင့်တပ်ဖွဲ့၏ တာဝန်များကို ထမ်းဆောင်နိုင်ရန်လည်း လိုအပ်ကြောင်း။

ကမ်းခြေစောင့်တပ်ဖွဲ့အနေဖြင့် အခုကဲ့သို့ နိုင်ငံတကာရေကြောင်းအဖွဲ့အစည်းများနှင့် ထိတွေ့ဆက်ဆံရာတွင် White Hull Diplomacy ကို ထိထိရောက်ရောက် ကျင့်သုံးလုပ်ဆောင်သွားရမည်ဖြစ်ကြောင်း၊ အဖြူရောင်ကိုယ်ထည် သံခင်းတမန်ခင်း(White Hull Diplomacy)ဆိုသည်မှာ အဖြူရောင်ရေယာဉ်များကို အသုံးပြုတာဝန်ထမ်းဆောင်ကြသည့် ကမ်းခြေစောင့်တပ်ဖွဲ့အနေဖြင့် နိုင်ငံတကာနှင့် သံခင်းတမန်ခင်းကဲ့သို့သော ငြိမ်းချမ်းစွာထိတွေ့ဆက်ဆံခြင်း၊ လူသားချင်းစာနာအကူအညီပေးခြင်းနှင့် ရေကြောင်းလုံခြုံရေးဆိုင်ရာကိစ္စရပ်များအတွက် အတူတကွ ပူးပေါင်းဆက်ဆံဆောင်ရွက်ခြင်းတို့ကို ဆိုလိုခြင်းဖြစ်ကြောင်း။

*စာမျက်နှာ ၅ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အမြန်သွားကင်းလှည့်ရေယာဉ်ပေါ်ရှိ ဧည့်သည်တော်မှတ်တမ်းတင်စာအုပ်တွင် မှတ်တမ်းတင်လက်မှတ်ရေးထိုးစဉ်။

❑ **ကမ်းခြေစောင့်တပ်ဖွဲ့အနေဖြင့် ယခုကဲ့သို့များပြားသည့် ရေကြောင်းဆိုင်ရာတာဝန်များကို ထမ်းဆောင်နိုင်ရေး နှစ်စဉ်တိုးချဲ့ဖွဲ့စည်းပေးနိုင်ခဲ့ပြီးဖြစ်၊ ရေမိုင် ၁၃၀၀ ခန့်ရှိသည့် ကမ်းရိုးတန်း၊ ကျွန်းပေါင်း(၁၄၀၀) ရှိပြီး ရေပြင်နယ်နိမိတ် စတုရန်း ရေမိုင် (၁၄၃,၁၁၀.၇၂) ရှိသည့် မိမိတို့နိုင်ငံအတွက် ကမ်းခြေစောင့်တပ်ဖွဲ့ကို ယခုထက် များစွာသောရေယာဉ်၊ လက်နက်ပစ္စည်းကိရိယာ၊ လူ့စွမ်းအားများကို တိုးချဲ့သွားရဦးမည်ဖြစ်**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ ကမ်းခြေစောင့်တပ်ဖွဲ့ ကွပ်ကဲမှုဌာနချုပ်ဝင်းအတွင်း ကြည့်ရှုစစ်ဆေးစဉ်။

*စာမျက်နှာ ၄ မှ*

ကမ်းခြေစောင့်တပ်ဖွဲ့များသည် စစ်ရေးနှင့် မသက်ဆိုင်သည့် ပင်လယ်ရေကြောင်း ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ရေကြောင်းသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ခြင်း၊ ပင်လယ်ဓားပြရန် ကာကွယ်တားဆီးနှိမ်နင်းခြင်း စသည့် အရပ်သားပြည်သူလူထုများကို စောင့်ရှောက်ကာကွယ်ခြင်းနည်းလမ်းများကို အခြေခံသည့် Civilian Oriented လူမှုဝန်ထမ်းတပ်ဖွဲ့တစ်ခုအသွင် တာဝန်ထမ်းဆောင်ရခြင်းပင် ဖြစ်ကြောင်း။

**ဝိုင်းဝန်းဖြေရှင်းဆောင်ရွက်ပေးရမည်**

ကမ်းခြေစောင့်တပ်ဖွဲ့သည် ပြည်သူလူထုကို အကူအညီပေးရန် လူမှုဝန်ထမ်းအခြေပြုတပ်ဖွဲ့ Civilian-Oriented Troop တစ်ခုဖြစ်ခြင်းကြောင့် ပင်လယ်ရေကြောင်းအသုံးပြုသူ Mariners များကို ကူညီကယ်ဆယ်ရန်နှင့် အရပ်ဘက်ရေကြောင်းအာဏာပိုင်များ၊ အဖွဲ့အစည်းများ၊ Agency များ၏ လုပ်ငန်းရပ်များကို ပံ့ပိုးကူညီရန်လိုအပ်ကြောင်း၊ အထူးသဖြင့် သဘာဝဘေးအန္တရာယ်၊ အရေးပေါ်အခြေအနေ သို့မဟုတ် ရေကြောင်းနှင့်ပတ်သက်သည့် အရေးကိစ္စများ၊ အငြင်းပွားမှုများတွင် ပြည်သူလူထုအတွက် ဝိုင်းဝန်းဖြေရှင်းဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ထိုသို့ လုပ်ဆောင်သည့်အခါ အရပ်သားပြည်သူလူထုများနှင့် အနီးကပ်ထိတွေ့ပြီး အခက်အခဲကာလများတွင် ပြည်သူလူထုဘဝ လုံခြုံစိတ်ချရန်နှင့် တရားဥပဒေစိုးမိုးရန်ကို လုပ်ဆောင်ရမည်ဖြစ်သည့်အတွက် Public Relations အပိုင်းတွင်လည်း ကျွမ်းကျင်နေရန်လိုအပ်ကြောင်း။

**လုပ်ငန်းတာဝန်များကျေပွန်အောင်ထမ်းဆောင်**

ကမ်းခြေစောင့်တပ်ဖွဲ့ဝင်များသည် နိုင်ငံတော်၏ ရေကြောင်းအကျိုးစီးပွားများ (Maritime Interests)၊ ရေကြောင်းအရင်းအမြစ်များ (Marine Resources) ကို ထိန်းသိမ်းစောင့်ရှောက်ရသူများဖြစ်သည့်အတွက် တာဝန်ထမ်းဆောင်ရာတွင် နိုင်ငံတကာရေကြောင်းအဖွဲ့အစည်းများနှင့် ထိတွေ့ဆက်ဆံပြီး ပြည်တွင်းရေကြောင်းဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ သတ်မှတ်လုပ်ငန်းတာဝန်များအား ကျေပွန်အောင် ထမ်းဆောင်သွားကြရန်၊ ကမ်းခြေစောင့်တပ်ဖွဲ့၏ ဆောင်ပုဒ်ဖြစ်သည့် **"စောင့်ရှောက်ကာကွယ် ဒို့ပင်လယ်"** ဆောင်ပုဒ်အတိုင်း မြန်မာ့ပင်လယ်နှင့် ပင်လယ်ပြင်သယံဇာတအကျိုးစီးပွားများကို စောင့်ရှောက်ကာကွယ်နိုင်စွမ်းရှိသော၊ စွမ်းရည်ရှိသော၊ နိုင်ငံတကာကမ်းခြေစောင့်တပ်ဖွဲ့များနှင့် ရင်ပေါင်တန်းနိုင်သော တပ်ဖွဲ့တစ်ခုအဖြစ် ကြိုးပမ်းတည်ဆောက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ကမ်းခြေစောင့်တပ်ဖွဲ့ကွပ်ကဲမှုဌာနချုပ် ကြီးကြပ်ရေးမှူးချုပ် ဗိုလ်မှူးကြီး ကျော်ကျော်လင်းက အမြန်သွားကင်းလှည့်ရေယာဉ်လေးစင်းအား တပ်တော်ဝင်ရေယာဉ်များအဖြစ် ကြေညာခြင်း၊ နိုင်ငံတော်အလံလွှင့်တင်ခြင်း၊ ကမ်းခြေစောင့်တပ်ဖွဲ့ အလံလွှင့်တင်ခြင်း၊ တပ်တော်ဝင်အလံလွှင့်တင်ခြင်း၊ ခေါင်းလောင်း(၈) ချက် တီးခြင်းနှင့် တပ်တော်ဝင်လုပ်ငန်းစဉ်များအား အစီအစဉ်အတိုင်း ဆောင်ရွက်ကြသည်။

**မှတ်တမ်းတင်လက်မှတ်ရေးထိုး**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တပ်တော်ဝင်ရေယာဉ်များဖြစ်သော ၄၈ မီတာ အမြန်သွားကင်းလှည့်ရေယာဉ် လေးစင်းတို့အား လှည့်လည်ကြည့်ရှုကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။ ၎င်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် အမြန်သွားကင်းလှည့်ရေယာဉ်ပေါ်ရှိ ဧည့်သည်တော်မှတ်တမ်းတင်စာအုပ်တွင် မှတ်တမ်းတင်လက်မှတ်ရေးထိုးသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် ဧည့်သည်တော်များနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အမြန်သွားကင်းလှည့်ရေယာဉ်အတွင်း ကြည့်ရှုစဉ်။

**လှည့်လည်ကြည့်ရှုစစ်ဆေး**

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ကမ်းခြေစောင့်တပ်ဖွဲ့ ကွပ်ကဲမှုဌာနချုပ်ဝင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်





တပ်တော်ဝင်ရေယာဉ်များဖြစ်သော ၄၈ မီတာ အမြန်သွားကင်းလှည့်ရေယာဉ် လေးစင်းအား တွေ့ရစဉ်။

# ရေကြီးတာ လျှပ်စစ်ထုတ်လို့လား

မောင်မောင်စွယ်စုံထွန်း

ယခုတလော လျှပ်စစ်ထုတ်တဲ့ဆည်တွေ ဖောက်ချလိုက်လို့ ရေတွေကြီးတာဆိုပြီး ပြောဆိုနေမှုများကို ဆိုရှယ်မီဒီယာများတွင် တွေ့လာရသဖြင့် ရေအားလျှပ်စစ်နှင့်ပတ်သတ်၍ ဆည်မြောင်းတာတမံများအကြောင်းကို အနည်းငယ်ရှင်းလင်းတင်ပြလိုပါသည်။ ဆည်မြောင်းတာတမံများကို စိုက်ပျိုးရေရရှိရေး၊ လျှပ်စစ်ရရှိရေး စသည်ဖြင့် ဒေသအလိုက် အကြီး၊ အလတ်၊ အသေး သင့်လျော်သလို တည်ဆောက်ကြလေ့ရှိပါသည်။ တမံများတည်ဆောက်ရာတွင် ရေလှောင်ဖို့ တမံအမြင့်တည်မှာလား ရေစီးအားကို အသုံးချဖို့ နိမ့်နိမ့်ပဲ လုပ်မှာလား စသည်ဖြင့်လည်း ကြိုတင်လေ့လာသုံးသပ်ပြီးမှသာ တည်ဆောက်ကြရသည်။ မြေမျက်နှာသွင်ပြင်အခြေအနေ၊ ဘေးပတ်ဝန်းကျင်အနေအထားများ စသည်တို့ကိုလည်း လေ့လာကြရသည်။ ဘူမိအင်ဂျင်နီယာနည်းပညာ၊ မြို့ပြအင်ဂျင်နီယာနည်းပညာများဖြင့် ဆန်းစစ်လေ့လာကြရသည်။ လှောင်ရေအားလွှတ်ပါက ဆည်အောက်ဘက်တွင် ဘာဖြစ်နိုင်သည်၊ ဘာတွေထိခိုက်နိုင်သည်၊ ဘယ်လိုဖြေရှင်းမည် စသည်ဖြင့်လည်း ကြိုတင်ဆန်းစစ်လေ့လာပြီးမှ တည်ဆောက်ကြရသည်။ အရေးအကြီးဆုံးအချက်မှာ မိုးလေဝသနှင့် ဇလဗေဒနည်းအရလည်း နှစ်စဉ် စီးဆင်းနိုင်သည့် ရေပမာဏ၊ ရေစီးဝင်နိုင်မှုနှုန်း စသည်ဖြင့်လည်း အသေးစိတ်လေ့လာကြရပါသည်။ ထူးကဲဒီရေဖြစ်လာခဲ့လျှင် ဘယ်လောက်ရေစီးနှုန်းဖြစ်မည်၊ ဘယ်လောက်ထိခိုက်လာနိုင်သည် စသည်ဖြင့်လည်း အသေးစိတ်လေ့လာကြရပါသည်။ နှစ်အနည်းငယ်အတွင်း စုစမ်းရရှိထားသည့် အချက်အလက်များဖြင့်လည်း ဆည်တမံများ တည်ဆောက်လို့ မရသေးဘဲ ခေတ်မီတွက်ချက်နည်းများဖြင့် နှစ်(၁၀၀၀) ၊ နှစ်(၅၀၀၀) စသည်ဖြင့်လည်း ခန့်မှန်းတွက်ချက်ပြီးမှသာ တည်ဆောက်ကြရသည်။ ဆိုလိုသည်မှာ ဆည်တမံများကို ဖြစ်သလိုတည်ဆောက်ထားခြင်းမျိုးမဟုတ်ပါ။ ရေပြည့်လျှင်ဖောက်ချဖို့ဆိုသည့် အတွေးအမြင် မှားနေသူအချို့အား ဆည်တမံဆိုသည်မှာ အချက်အလက်များစွာ သုတေသနပြုလုပ်၍ ဒီဇိုင်းထုတ်ပြီးမှ တည်ဆောက်ရခြင်းဖြစ်သည်ကို ရှင်းပြလိုခြင်းဖြစ်ပါသည်။

ယခုတစ်လောဖြစ်ပွားခဲ့သည့် ရေကြီးခြင်းဖြစ်စဉ်မျိုးလို နှစ်ပေါင်းများစွာကြာမှ တစ်ကြိမ်လောက် ဖြစ်လာနိုင်သော ထူးကဲဒီရေများကိုပါ ထည့်သွင်းတွက်ချက်ပြီးမှသာ တည်ဆောက်ထားခြင်းဖြစ်ပြီး spill way ဟု ခေါ်သော ရေပိုလွှဲများကိုလည်း မဖြစ်မနေ ထည့်သွင်းတည်ဆောက်ထားကြပါသည်။ လိုအပ်လျှင် အရေးပေါ် အသုံးပြုရန် အရေးပေါ် ရေပိုလွှဲ (auxiliary spill way) များကိုလည်း ထည့်သွင်းတည်ဆောက်ထားကြပါသည်။ ပုံမှန်ရေပိုလွှဲက ရေထုတ်လုပ်တာမနိုင်လောက်လျှင် သတ်မှတ်ရေအမြင့်တစ်ခုကို ရောက်ရှိပါက အရေးပေါ် ရေပိုလွှဲကနေပါ ထုတ်နိုင်အောင် မဖြစ်မနေ ထည့်သွင်းတည်ဆောက်ထားလေ့ရှိကြပါသည်။ ယခုကဲ့သို့ ရာသီဥတုဖောက်ပြန်၍ မမျှော်မှန်းနိုင်သော ရေဝင်ရောက်ချိန်မျိုးတွင် အရေးပေါ် ရေပိုလွှဲသည် အသက်ကယ်ဆေးပင်ဖြစ်သည်။ ရေပိုလွှဲ (service spill way) အများစုမှာ တမံများနှင့် တစ်ဆက်တည်း တည်ဆောက်ကြလေ့ရှိပြီး (Concrete structure) များဖြစ်သည်။ မြေအကျယ်မလုံလောက်၍ တောင်ကုန်းစသည်တို့ကို ဖယ်၍ တည်ဆောက်ရလျှင် တောင်ကမ်းပါးယံပြို၍ ရေပိုလွှဲပိတ်ဆို့နိုင်သည်ကိုပါ တွက်ဆ၍ လုံလောက်သော လျှောစောက်ရရှိသည်အထိ ဖယ်ထုတ်တည်ဆောက်ကြရပါသည်။ Service spill way ကို နေရာကျဉ်းကျဉ်းဆောင်ရွက်ရလျှင် ရေထုတ်အားကောင်းစေရန် Radial Gate များဖြင့် ဆောက်လုပ်ကြလေ့ရှိပါသည်။ သို့မဟုတ်ပါက service spill way ကို တစ်ဖြောင့်တည်း မတည်ဆောက်ဘဲ ရေလှောင်ကန်အတွင်းဘက်သို့ ဆန့်ထုတ်ပြီး ဘဲနှုတ်သီးပုံ (ခေါင်းလောင်းပုံ) (bell mouth) ရေပိုလွှဲမျိုးကို တည်ဆောက်ကြလေ့ရှိပါသည်။




Service spill way ဟုခေါ်သော ရေပိုလွှဲများသည် မကြာခဏ ရေကျော်မှုနှင့် ကြုံတွေ့ရမည်ဖြစ်၍ အထူးခိုင်ခံ့အောင် ဆောက်လုပ်ကြရသည်။ အလွန်ကြီးမားသော ရေကြီးမှု (propability maximum flood) (PMF) ဖြစ်လာလျှင် စီးဝင်လာသောရေကို အမြန်ထွက်သွားစေရေးအတွက် အကူရေပိုလွှဲများကိုလည်း မဖြစ်မနေ ပါဝင်ထည့်သွင်းတည်ဆောက်လေ့ရှိကြပါသည်။ ထို့ပြင် ဆည်တမံများ၏ ရေဝေဒေသမှ ဒေသခံအများစုသည်လည်း ထူးကဲဒီရေဖြစ်နိုင်ကြောင်းကိုတွေးဆ၍ ချောင်းရေတက်နိုင်သည့်နေရာမျိုးတွင် အခြေချနေထိုင်လေ့မရှိကြပါ။ သို့သော်လည်း တမံပေါ်ပေါက်လာပြီး နောက်ပိုင်းတွင် ရေစီးရေလာနည်းသွားသည့်အတွက် မူလချောင်း ဇရိယာအတွင်း ကျူးကျော်ဝင်ရောက်နေထိုင် စီးပွားရှာသူများက ရှိလာပြန်ရာ အဆိုပါကိစ္စများသည် ဆည်ရေလျှံသည်နှင့်မဆိုင်ဘဲ အန္တရာယ်ရှိနိုင်သည်ကိုသိလျက် ဝင်ရောက်နေထိုင်ကြသဖြင့်သာ ရေကြီးပြီး အသက်အန္တရာယ် ဆုံးရှုံးကြရသည်ကို သဘောပေါက်နားလည်ကြရန် လိုပါသည်။ အဆိုးဆုံးမှာ မူလချောင်းဇရိယာအတွင်း ကန့်လန့်ဖြတ်ပိတ်၍ အဆောက်အအုံများ ဆောက်လုပ်ခြင်းဖြစ်သည်။ ချောင်းရေမြင့်တက်လာပါက ရေလမ်းကြောင်း ပျောက်ပြီး အခြားအနိမ့်ပိုင်းများသို့ပါ ရေဝင်ရောက်ခြင်းမျိုး ဖြစ်သည်။ ထို့သို့ မဆင်မခြင် ဆောက်လုပ်နေထိုင်ကြမှုများကြောင့်သာ ဆက်စပ်နေသည့် အိုးအိမ်များ ရေမျောကုန်ခြင်း၊ လမ်းတံတားများကျိုးခြင်း စသည်တို့ ဖြစ်ပေါ်လာရခြင်းဖြစ်သည်။ အကယ်၍ မုန်တိုင်းမိုးအား ကြိုတင်တွက်ဆ၍ရလျှင် ရက်အနည်းငယ်စောပြီး အထိုက်အလျောက် ရေကိုကြိုလျှော့ထားနိုင်သည်။ မိုးဗြဲတမံရေဝင်ရောက်မှုမှာ ယခင်နှစ်ကထက် ပိုများနေ၍ ယခု တောင်တရုတ်ပင်လယ်မှ မုန်တိုင်းမဝင်မီ တစ်ပတ်ကျော်မှပင် စပြီး ရေလျှော့ထားနိုင်ခဲ့သည်၊ မိုးဗြဲရေ ဖောက်ချလိုက်၍ လွိုင်ကော်ရေမြုပ်ပါပြီဆိုပြီး မီဒီယာအချို့က ပြောကြသည်။ ဤမုန်တိုင်းမတိုင်မီကံကောင်းထောက်မ၍ တာဝန်ရှိသူများက ကြိုတင်မှန်းဆပြီး ရေလျှော့ထားခဲ့၍သာ လွိုင်ကော်မြို့ ရေဘေးမှသက်သာသွားခဲ့ခြင်းဖြစ်သည်။ ယခု ဖောင်တော်ဦးဘုရားကြမ်းပြင်အထက်ပင် ရေဝင်တော့မည့်အခြေအနေတွင် အင်းလေးနှင့် မိုးဗြဲမှာ တစ်ဆက်တည်းဖြစ်နေရာ ရေသာကြိုလျှော့မထားပါက မိုးဗြဲမည်သို့ ဖြစ်လာနိုင်သည်ကို မှန်းဆကြည့်နိုင်ကြပါသည်။ ထပ်မံရှင်းလင်းလိုသည်မှာ တမံများသည် တည်ဆောက်စဉ်ကပင် ရည်ရွယ်ချက်မှာ စိုက်ပျိုးရေ၊ လျှပ်စစ်ထုတ်ရန်ရေ၊ မြို့ရေပေးရေးအတွက်ရေ စသည့်ဖြင့် ရေရရှိရေးသာ အဓိကဖြစ်သည်။ သို့သော် ဘက်စုံစဉ်းစားလုပ်ခဲ့သဖြင့် ဆည်များက ရေကိုထိန်းညှိသိုလှောင်ထုတ်ပေးခြင်းကြောင့် ရေမြုပ်မှုများမှ သက်သာသွားစေမည် ဖြစ်ပါသည်။ ဆည်ရေဖောက်ချလို့ ရေကြီးခြင်း လုံးဝမဟုတ်ပါ။ ဆည်တစ်ခုတွင် ရေထုတ်နိုင်သောနေရာ (၅)မျိုးရှိသည်။

(၁) ဆည်ရေပေးသည့်အပေါက်မှာ လယ်များရေပေးရန် သင့်တင့်သောအရွယ်နှင့် ဂိတ်ပါ တပ်ဆင်ထားသည်။ လက်တန်မြောင်းများအလိုက် အချိန်ကိုက်ပေးဝေရသည်။ ခုလို မုန်တိုင်းကာလမျိုးတွင် လယ်များထဲမှာပင် ရေထုတ်နေရပြီဖြစ်၍ ဆည်ရေပေါက်မှ ရေမလွှတ်တော့ပါ။

(၂) လျှပ်စစ်ထုတ်စက်များ မောင်းနှင်သည့်အပေါက်မှာ လျှပ်စစ်မောင်းချိန်တွင်သာ ဖွင့်၍ မောင်းရသည့်အပေါက်ဖြစ်သည်။ လျှပ်စစ်လိုလျှင် မောင်းမည်ရေထုတ်မည်။ လျှပ်စစ်မလိုလျှင် ရေဖွင့်စရာမလိုပါ။ ထိန်းချုပ်မောင်းနှင်နေခြင်းသာဖြစ်ပြီး ဖောက်ချထားခြင်းမျိုး မဟုတ်ပါ။

(၃) service spill way မှ ကန်ရေပြည့်ချိန် သူ့အလိုလိုကျော်ကျသည့်ရေမှာ အထူးစီမံရန်မလိုပါ။ ရေလှောင်တမံအတွင်း ရေပြည့်လျှင် သူ့အလိုလိုကျော်ဆင်းရန် ကွန်ကရစ်ဖြင့် အထူးစီမံထားသည့်ရေလမ်းဖြစ်သည်။ radial gate ပါသည့်တမံများတွင် ရေကိုကြို၍ လျှော့ချထားနိုင်၍ အန္တရာယ်ကို လျော့နည်းစေပါသည်။

(၄) Sand washing gate မှာ တမံအတွင်း သဲနုန်းများကို ဆေးထုတ်လိုသည့်အခါ အသုံးပြုရန် တမံအောက်ဘက်ပိုင်းတွင် တပ်ဆင်ထားသည့် gate မျိုး ဖြစ်သည်။ အထက်ပေါင်းလောင်းတစ်ခုသာ ဤအပေါက်ရှိသည်။ သို့သော် ဤအပေါက်ကို ဖွင့်ရသည့်အချိန်သည် မိုးဦးကျ ရေဝင်ရောက်ခါစတွင်သာ ဖွင့်ရပါသည်။ အခုလို ကန်ရေပြည့်နေချိန် ဖွင့်ရိုးထုံးစံမရှိပါ။

(၅) Navigation lock ဖွင့်ခြင်းမှာ တမံအထက်ပိုင်း ရေပြင်နှင့် အောက်ဘက်ချောင်းကို ဆက်စပ်ပေးပြီး လှေများ၊ မော်တော်များ၊ သင်္ဘောများ သွားလာနိုင်ရန်စီစဉ်ထားသည့် အပေါက်အတွင်း ရေနိမ့်မြင့်ညှိပေးသည့် ရေလမ်းဖြစ်သည်။ မလိုအပ်ဘဲ လုံးဝမဖွင့်ပါ။ ဤအပေါက်မျိုးမှာ မြန်မာနိုင်ငံတွင် မိုးဗြဲတမံတွင်သာ ရှိသည်။ မည်သည့် တမံမဆို ဤ(၅)မျိုးမှလွဲ၍ မည်သည့်နည်းနှင့်မျှ ရေထုတ်လွှတ်ခြင်း မလုပ်နိုင်ပါ။ တမံမှ ရေဖောက်ချ၍ အောက်ဘက် ရေကြီးပါသည်ဆိုသော အသုံးအနှုန်းသည် ဤအချက်(၅)ချက်ကို မသိကြ၍လည်း ဖြစ်နိုင်သလို ရည်ရွယ်ချက်ရှိရှိ တမင်သက်သက် ပြည်သူအား အမြင်လွဲမှားစေရန် ဆောင်ရွက်နေခြင်းမျိုးလည်း ဖြစ်နိုင်ပါသည်။



စာရေးသူ၏ အမြင်အားတင်ပြရပါလျှင် ဆည်တမံများ တည်ဆောက်ခြင်းကြောင့် ယခု ရာဂီကဲ့သို့ မုန်တိုင်းများဖြစ်ပေါ်လာသည့်အခါတွင် အောက်ပါအကျိုးကျေးဇူးများကို ရရှိခံစားကြရပြီး စည်းကမ်းမလိုက်နာမှုများကြောင့်သာ ဘေးထွက်ဆိုးကျိုး အနည်းငယ် ရှိခဲ့ခြင်းဖြစ်သည်ဟု ယူဆမိပါသည်။ ဆည်တာတမံများ တည်ဆောက်ခြင်း၏ အဓိကကျေးဇူးများမှာ

(၁) **Flood Control**

ဆည်တမံများသည် ရေကို ထိန်းချုပ်သိုလှောင်ထားသဖြင့် ရေလွှမ်းမိုးမှု အန္တရာယ်ကို လျော့ပါးစေပြီး ချက်ချင်းရေလျှံခြင်းမျိုးမှ ကာကွယ်ပေးနိုင်ပါသည်။

(၂) **ရေသိုလှောင်ထားနိုင်ခြင်း**

စိုက်ပျိုးရေနှင့် သောက်သုံးရေအတွက် ရေကို ပိုမိုသိုလှောင်ထားနိုင်ပြီး အကျိုးကျေးဇူးများစွာ ရရှိစေပါသည်။

(၃) **ရေအားလျှပ်စစ်ထုတ်နိုင်ခြင်း**

ရေများစွာကို ပိုမိုသိုလှောင်ထားနိုင်သဖြင့် ရေအားလျှပ်စစ်ထုတ်လုပ်နိုင်မှုကို ပိုမိုမြှင့်တင်ပေးနိုင်စွမ်း ရှိပါသည်။

(၄) **ဆည်မြောင်းပံ့ပိုးမှုပေးနိုင်ခြင်း**

မိုးရာသီကုန်လွန်ပြီး လယ်ယာစိုက်ပျိုးရေးအတွက် ရေကို ပိုမို၍ ဆက်လက်ပေးဝေနိုင်ပါမည်။

(၅) **တိုက်စားမှုနှင့် တိမ်ကောမှုများ ထိန်းချုပ်ခြင်း**

ရေတိုက်စားမှုနှင့် မြစ်ချောင်းများ တိမ်ကောမှုမှ ထိန်းချုပ်နိုင်ပြီး ရေလွှမ်းမှု၊ မိုးများမှုမှ များစွာကာကွယ်ပေးနိုင်ပါသည်။

ရာဂီကဲ့သို့ မုန်တိုင်းများကြောင့် ပြင်းထန်သော မိုးရွာသွန်းမှုများတွင် ဆည်တမံများ ဖောက်ချခြင်းကြောင့် ပျက်စီးဆုံးရှုံးရခြင်း လုံးဝမဟုတ်ပါ။ ဆည်တမံများ တည်ဆောက်ထားပြီး ရေပမာဏနှင့် စီးဆင်းမှုကို စီမံခန့်ခွဲနိုင်ခြင်းဖြင့်သာ ပျက်စီးဆုံးရှုံးသည်ကို လျှော့ချနိုင်မည်ဖြစ်ပါသည်။

အချုပ်အားဖြင့်တင်ပြလိုသည်မှာ ရေကြီးခြင်းသည် ဆည်မြောင်းတာတမံများ (အထူးသဖြင့် လျှပ်စစ်ထုတ်လုပ်လျက်ရှိသော ဆည်မြောင်းတမံကြီးများ)မှရေကိုဖောက်ချ၍ မရနိုင်ကြောင်းကို တည်ဆောက်ပုံနှင့် ဒီဇိုင်းပိုင်းတို့အား တင်ပြထားပြီးဖြစ်၍ အထူးမပြောလိုတော့ပါ။ ယခုကဲ့သို့ ရေကြီးခြင်းဖြစ်ရခြင်းမှာ (၁) မိုးရေချိန်မြင့်မားစွာ တစ်ခဏအတွင်း ရွာသွန်းခြင်း၊ (၂) မြစ်ချောင်းများအတွင်း အနည်ကျမှုများလာခြင်းကြောင့်သာ အဆိုပါ မြစ်ချောင်းများကောလာပြီး ရေစီးစရာမရှိဘဲ ရေမြင့်တက်လာခြင်းနှင့် (၃) လတ်တလော မိုးရွာသွန်းမှုများကို အောက်ရေ (ပုံမှန်ဒီရေ)က တောင့်ခံနေခြင်းစသည့် အချက်ကြီး(၃)ချက်ကြောင့်သာ ရေကြီးခြင်းဖြစ်စေသည်ကို ပြည်သူများ သိရှိနားလည်သဘောပေါက်ကြစေလိုပါသည်။ အထူးသဖြင့် ရေအားဖြင့် လျှပ်စစ်ထုတ်လုပ်ခြင်းကြောင့် ရေကြီးခြင်းမဟုတ်ဘဲ၊ ထို့သို့ ရေအားလျှပ်စစ်ထုတ်လုပ်ခြင်းကြောင့်သာ ရေကြီးမှုဒဏ်ကို ကာကွယ်နိုင်ခြင်းဖြစ်ပြီး မျှော်မှန်းမရသော ထူးကဲသည့် မိုးလေဝသအခြေအနေအရ တောင်ကျရေများ ရုတ်တရက်စီးဆင်းလာခြင်း၊ ရေလမ်းကြောင်း ချောင်းဇရိယာအတွင်း နေထိုင်ခြင်း မပြုသင့်ပါဘဲ ဝင်ရောက်နေထိုင်ခြင်း အချိန်အနည်းငယ်အတွင်း မိုးရေချိန်များလွန်းပြီး အောက်ရေက တောင့်ခံနေခြင်းတို့ကြောင့်သာ ရေကြီးရေလျှံဖြစ်၍ ယခုလို ပျက်စီးဆုံးရှုံးများခဲ့ရခြင်း ဖြစ်ပါကြောင်း စာရေးသူ၏ အမြင်အား ရေးသားတင်ပြလိုက်ရပါသည်။

## တစ်ရက်လျှင် အနည်းဆုံး မိနစ် ၄၀ မျှ အထိုင်လျှော့ပါက ခါးနာဝေဒနာခံစားရသူများ သက်သာနိုင်မည်ဟု ဆို

ကျန်းမာရေးဆုတ်ယုတ် ချုတ်ယွင်းလာသော လူကြီးပိုင်း များသာမက လူလတ်ပိုင်းများ လည်း အကြောင်းအမျိုးမျိုး ကြောင့် ခါးနာဝေဒနာခံစားရ လေ့ ရှိသည်။



ထိုဝေဒနာသည် တစ်ကြိမ် ဖြစ်ပြီးနောက် အသွားအလာ အနေအထိုင်လွဲမှားသည်နှင့် တစ်ပြိုင်နက် ပြန်ဖြစ်လေ့ရှိသောတစ်ကိုယ်ရေကျန်းမာရေးပြဿနာ မျိုးပင် ဖြစ်သည်။

ခါးနာခြင်းကို ယနေ့ခေတ်တွင် အဆင့်မြင့်ကုထုံးများဖြင့် ကုသပေးပြီး သက်သာပျောက်ကင်းသွားသူများရှိသော်လည်း အများစုမှာ ယင်းဝေဒနာကို နာတာရှည်ခံစားကြရသည်။

ခါးနာဝေဒနာသက်သာစေမည့်နည်းလမ်းများနှင့်ပတ်သက်၍ ဖင်လန်နိုင်ငံတာကုတက္ကသိုလ်မှ ဂျူဝါနော်ဟာဦးဆောင်သော သုတေသီများ မကြာသေးမီက လေ့လာခဲ့ကြသည်။

ထိုသို့ လေ့လာရာမှအထိုင်များလျှင် ခါးနာခြင်းကို ပိုဆိုးလာစေနိုင်သဖြင့် တစ်ရက်လျှင် အနည်းဆုံးမိနစ် ၄၀ မျှ အထိုင်လျှော့ပါက ခါးနာဝေဒနာခံစားရသူများ သက်သာနိုင်မည်ဖြစ်ကြောင်း ဖော်ထုတ်တွေ့ရှိခဲ့သည်။

SCI




## BTS မှ RM နှင့် V က 2024 UK Music Video Awards ဆန်ခါတင်ဆုစာရင်းဝင်ခဲ့

ဘီတီအက်စ်အဖွဲ့ခေါင်းဆောင် အာရ်အမ်(ခေါ်)ကင်နမ်ဂျွန်နှင့် အဖွဲ့ဝင် ဗွီ(ခေါ်)ကင်ထယ်ယောင်းတို့နှစ်ဦး 2024 UK Music Video Award ဆန်ခါတင်ဆုစာရင်း ဝင်ခဲ့၍ ပရိသတ်ဂုဏ်ယူမဆုံးဖြစ်ခဲ့ကြသည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ ဆန်ခါတင်ဆုစာရင်းတွင် အာရ်အမ်က Lost နှင့် Best Alternative Music Video International Best Production နှင့် Design Best Visual Effects တို့နှင့် စာရင်းဝင်ခဲ့သည်။

ဗွီက FRI(END)နှင့် Best Pop Video International နှင့် စာရင်းဝင်ထားပြီး ၂၀၂၄ ခုနှစ် ကမ္ဘာလုံးဆိုင်ရာ ကြည့်ရှုသူ အများဆုံးခုနစ်ယောက်မြောက် အမျိုးသားပေါ့ပ်စတားလည်း ဖြစ်ခဲ့သည်။

ယင်းစာရင်းတွင် မိုက်ကယ်ဂျက်ဆင်၊ အမ်မီနမ်၊ ကာရီဝက်စ်၊ ဒရိတ်၊ ဂျက်စတင်ဘီဘာ၊ ကန်ဒရစ်လာမာ၊ ကင်ထယ်ယောင်း၊ ဂျက်စတင်တင်ဘာလိတ်၊ ပို့စ်မာလွန်တို့ Pop Star များစာရင်းတွင် ပါဝင်ခဲ့ခြင်း ဖြစ်သည်။

(SKY)

# နိုင်ငံတကာ ရုပ်ရှင် ဂီတသတင်းများ



## Winai Kraibutr ရှားပါးအရေပြားရောဂါနှင့် ကွယ်လွန်ခဲ့

ထိုင်းအနုပညာလောကမှ မွန်းချိုင်းကာရိုက်တာနှင့် သရုပ်ဆောင်ခဲ့ကြသည့် သရုပ်ဆောင် Winai Kraibutr နှင့် Akkaphan Namart တို့ရှားပါးအရေပြားရောဂါနှင့် ကွယ်လွန်သွားခဲ့သည်ဟု ထိုင်းအတ်ဒိတ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

မွန်းချိုင်းကာရိုက်တာနှင့်သရုပ်ဆောင်ခဲ့သည့် သရုပ်ဆောင်နှစ်ဦးဖြစ်ပြီး၂၀၂၄ခုနှစ်တွင် ပရိသတ်ကို နှုတ်ဆက်ထွက်ခွာသွားခဲ့ကြသည်။

သရုပ်ဆောင် Winai Kraibutr က ရှားပါးအရေပြားရောဂါနှင့် ၂၀၂၄ ခုနှစ် မတ် ၂၀ ရက်တွင် ကွယ်လွန်ခဲ့ပြီး Akkaphan Namart မှာ ရှားပါးနှလုံးကြွက်သားကင်ဆာရောဂါနှင့် ၂၀၂၄ ခုနှစ် စက်တင်ဘာ ၂၀ ရက်တွင် ကွယ်လွန်ခဲ့သည်။

သူတို့နှစ်ဦးမှာ ထိုင်းနာမည်ကြီးသရုပ်ဆောင်များဖြစ်ကြကာ မွန်းချိုင်းကာရိုက်တာမှ သရုပ်ဆောင်များလည်းဖြစ်ကြသည်။(SKY)

## Wang JunKai @ Karry Wang နာမည်ကြီးရခြင်းအကြောင်း

တရုတ်ဂီတ TF Boys အဖွဲ့ဝင်ခေါင်းဆောင် ဝမ်ဂျွန်ကိုင်(ခေါ်)ကယ်ရီဝေါင် တရုတ်အနုပညာလောကတွင် နာမည်ကြီးရသည့် အကြောင်းရင်းများစွာရှိပြီး မျိုးဆက်သစ်အဖွဲ့ခေါင်းဆောင်အဖြစ် ကျော်ကြားနေသည်ဟု ဝိုက်ဘို ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

တရုတ်ဂီတလောကတွင် အအောင်မြင်ဆုံး ဂီတအဖွဲ့ TF Boys ၏ အဖွဲ့ခေါင်းဆောင် ဝမ်ဂျွန်ကိုင်သည် အသက် ၁၃ နှစ်ခန့်နှင့် ပွဲဦးထွက်ခဲ့ပြီး အဖွဲ့လိုက်ရော၊ တစ်ဦးချင်းစီပါ အောင်မြင်ခဲ့ကာ ၁၉၉၉ ခုနှစ်၊ စက်တင်ဘာ ၂၁ရက်ဖွားဖြစ်၍ အသက် ၂၅ နှစ်ပြည့်ပြီ ဖြစ်သည်။

ဝမ်ဂျွန်ကိုင်သည် နိုင်ငံကျော်အနုပညာရှင်၊ ဆယ်စုနှစ်အတွင်း အအောင်မြင်ဆုံးအနုပညာရှင်၊ အကျော်ကြားဆုံးဂီတ ကြယ်ပွင့်အဖြစ် ကမ္ဘာ့ဂင်းနစ်စံချိန်တင်ခဲ့သူဖြစ်ကာ သရုပ်ဆောင်နယ်ပယ်တွင်လည်း Hundred Flowers Awards တွင် ဆန်ခါတင်ဝင်ခဲ့ကာ Home Coming ရုပ်ရှင်နှင့် ဝင်ငွေများစွာရခဲ့ပြီး ၂၀၂၄ ခုနှစ် ရုပ်ရှင်သုံးကားမှာလည်း အောင်ပွဲခံနိုင်ခဲ့သည်။

ဇာတ်လမ်းတွဲများကို ၂၀၁၇ မှ ၂၀၂၂ ခုနှစ်ထိ ရိုက်ကူးထားပြီး သရုပ်ဆောင်အဖြစ်ရော အဆိုတော်အဖြစ်ပါ ထိပ်တန်းစူပါစတားတစ်ဦးဖြစ်ကာ အချမ်းသာဆုံးလူငယ်အနုပညာရှင်တစ်ဦးလည်း ဖြစ်ခဲ့သည်။

(SKY)





## Lee Seyoung အချစ်ဆုံးသူငယ်ချင်း၏ သစ္စာဖောက်ခံရ

မင်းသမီးလီဆီယောင်က You Quiz on the Block အစီအစဉ်တွင် ပါဝင်ခဲ့ပြီး သူ့အချစ်ဆုံးသူငယ်ချင်း၏ သစ္စာဖောက်ခံခဲ့ရကြောင်း ရင်ဖွင့်ပြောကြားသွားခဲ့သည်ဟု ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

လီဆီယောင်သည် ကလေးသရုပ်ဆောင်အဖြစ် အနုပညာလောကသို့ ဝင်ရောက်ခဲ့ပြီး A Jewel in the Palace တွင် နာမည်ရလာရာမှ အချစ်ဆုံးသူငယ်ချင်းက စတင်တိုက်ခိုက်ခြင်းခံခဲ့ရသည်။

လီဆီယောင်က သူငယ်ချင်းမှန်းသိ၍ မေးမြန်းခဲ့သော်လည်း တောင်းပန်ခြင်းမရှိဘဲ သတင်းမှားများရေးကာ ဆက်လက်တိုက်ခိုက်ခဲ့၍ စိတ်ပိုင်းဆိုင်ရာ ထိခိုက်နစ်နာခြင်း ဖြစ်ခဲ့ရသည်ဟု ရင်ဖွင့်ပြောကြားသွားခဲ့သည်။ (SKY)

## Kate Winslet က Titanic ရိုက်ကွင်းလျှို့ဝှက်ချက်များ ပြောပြထား

ကမ္ဘာကျော်ရုပ်ရှင် Titanic သရုပ်ဆောင်မင်းသမီး ကိတ်ဝင်းစလက်က ရိုက်ကွင်းလျှို့ဝှက်ချက်များအကြောင်းကို အင်တာဗျူးတစ်ခုတွင် အမှတ်တရပြန်လည်ပြောကြားခဲ့သည်ဟု ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။



အဆိုပါ ရုပ်ရှင်နောက်ဆုံးဇာတ်ဝင်ခန်းတွင် ဒါရိုက်တာက Mood မရမချင်း ရှထောင့်မျိုးစုံမှ ရိုက်ကူးခဲ့ရာ ရေကန်မှာ ရေတိမ်ပြီး ဘုတ်ပြားပေါ်တွင် ကြာရှည်နေခဲ့ရသည့်အပြင် ရေသံကြားရ၍ ဆီးအောင့်ထားခဲ့ရသည်ဟု ပြောကြားခဲ့သည်။

ထပ်ဆင့်၍ လူလိမ်မကြီးတစ်ဦးဖြစ်ပြီး Jack ကို ဘယ်တော့မှ လက်မလွှတ်ဘူးဟု ဆိုကာ အဆုံးကျလက်လွှတ်လိုက်ရကာ အဆုတ်ရောဂါအခံရှိ၍ ရေစိမ်ခံနိုင်သဖြင့် အင်္ကျီများ ရေမစိုအောင် အထူးပြုလုပ်ချုပ်ပေးသည့် ဝတ်စုံဝတ်ဆင်ထားကာ ပေါင်အောက်ပိုင်းသာ ရေစိုခဲ့ခြင်းဖြစ်သည်ဟု အမှတ်တရပြန်လည်ပြောပြပေးခဲ့သည်။

(SKY)

## Jackie Chan ၏ အကောင်းဆုံးစတန့်ပြကွက်များ အနောက်နိုင်ငံမှ ချီးကျူးထား



ဟောင်ကောင်မင်းသားကြီး ဂျက်ကီချန်း၏ အကောင်းဆုံးနှင့်အကြမ်းဆုံးစတန့်ပြကွက်များကို အနောက်နိုင်ငံမှ ဒါရိုက်တာများက အထူးအသိအမှတ်ပြု၍ ချီးကျူးထားကြကာ ဖြတ်တောက်ခြင်းမရှိ ပြသခဲ့ကြသည်ဟု ဝိုက်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ဂျက်ကီချန်း၏ ရုပ်ရှင်များသည် အာရှဒေသတွင် သာမက အနောက်နိုင်ငံများထိ ရောက်ရှိခဲ့ပြီး အနောက်နိုင်ငံ ဒါရိုက်တာများကြား အထူးအသိအမှတ်ပြုခံရကာ ဖြတ်တောက်ခြင်းမရှိ တစ်ဆက်တည်းပြသခဲ့သည့် စတန့်ပြကွက်များက ဂျက်ကီချန်းကို လူသိများ ကျော်ကြားစေခဲ့ခြင်း ဖြစ်သည်။

ဂျက်ကီချန်း၏ ရုပ်ရှင်အများစုမှာ လူစားမထိုးဘဲ ကိုယ်တိုင်စတန့်ပြကွက်များ ပြုလုပ်ကာ ဖန်တီးခဲ့သဖြင့် ဂျက်ကီချန်း၏ စတန့်ပညာရှင်များပါ အန္တရာယ်များသည့် စတန့်ပြကွက်များ ပြုလုပ်ခဲ့ကြသဖြင့် အနောက်တိုင်းဟောလိဝုဒ် ထုတ်လုပ်ရေးအထိ ပူးပေါင်းလုပ်ကိုင်နိုင်ခဲ့သည်။ (SKY)

# ရီပတ်ဘလီကင်သမ္မတလောင်း ဒေါ်နယ်လ်ထရမ့် ပစ်ခတ်ခံခဲ့ရသော ဘတ်တလာမြို့သို့ပြန်ရောက်လာ

**ဝါရှင်တန် အောက်တိုဘာ ၆**

ရီပတ်ဘလီကင်သမ္မတလောင်း ဒေါ်နယ်လ်ထရမ့် ဇူလိုင် ၁၃ ရက်က ပစ်ခတ်ခံခဲ့ရသော ဘတ်တလာမြို့သို့ အောက်တိုဘာ ၅ ရက်တွင် ပြန်ရောက်လာကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။



၂၀၂၄ ခုနှစ် အမေရိကန်သမ္မတရွေးကောက်ပွဲအတွက် မဲဆွယ်စည်းရုံးရန် ၎င်း၏မဲဆွယ်စည်းရုံးရေးအဖွဲ့က သဘောတူစီစဉ်ပေးသဖြင့် ထိုမြို့သို့ ၎င်းနောက်တစ်ကြိမ်ရောက်လာခဲ့ခြင်းပင်ဖြစ်သည်။

ဘတ်တလာမြို့သို့ ထရမ့်ပြန်ရောက်လာရသည့် အဓိကရည်ရွယ်ချက်မှာ ၎င်း ပစ်ခတ်ခံရစဉ်က ထိခိုက်ဒဏ်ရာရ သေဆုံးခဲ့သူများကို အောက်မေ့ဂုဏ်ပြုရန်ဖြစ်သည်ဟု မဲဆွယ်စည်းရုံးရေးအဖွဲ့ ပြောခွင့်ရသူ ကာရိုလင်း လီယာဗစ်က ထုတ်ဖော်ပြောကြားသည်။

ဒေသစံတော်ချိန် ညနေ ၅ နာရီတွင် သမ္မတလောင်း ဒေါ်နယ်လ်ထရမ့် သိန်းနှင့်ချီသော ပရိသတ်ရှေ့မှောက်သို့ ရောက်ရှိလာပြီး မိန့်ခွန်းပြောသည်။

၎င်း၏ဖိတ်ကြားချက်အရ ရွေးကောက်ပွဲနိုင်အောင် ငွေအားရော စိတ်ဓာတ်ခွန်အားပါ ထောက်ပံ့ပေးနေသည့် သန်းကြွယ်သူဌေး အီလွန်မတ်စ်လည်း မဲဆွယ်စည်းရုံးရေးစင်မြင့်ပေါ်သို့ ရောက်လာပြီး မိနစ်အနည်းငယ်ကြာမျှ စကားပြောခဲ့ကြောင်း သိရသည်။ **Mon**

# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ



အောက်တိုဘာ ၇ ရက်တွင် ကျရောက်မည့် ဂါဇာစစ်မက် နှစ်ပတ်လည်နေ့မတိုင်မီ ဂျာမနီနိုင်ငံ ဘာလင်မြို့တော်၌ စစ်အဆုံးသတ်ရေးအတွက် ယမန်နေ့က စုဝေးတောင်းဆိုနေကြစဉ်။ **Mon**

# ပါကစ္စတန်နှင့်အပြန်အလှန်ဆက်ဆံရေး ညှိနှိုင်းရန်ကိစ္စ အိန္ဒိယနိုင်ငံခြားရေးဝန်ကြီး ဂျိုင်ရှန်ကာ ရှင်းလင်းပြောကြား

**ဒေလီ အောက်တိုဘာ ၆**

ပါကစ္စတန်နိုင်ငံတွင် လက်ခံကျင်းပမည့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ညီလာခံသို့ မသွားမီ သွားမည့်ခရီးစဉ်နှင့်ပတ်သက်၍ ဒေလီမြို့တော်၌ အောက်တိုဘာ ၅ ရက်က အိန္ဒိယနိုင်ငံခြားရေးဝန်ကြီး ဂျိုင်ရှန်ကာ သတင်းစာရှင်းလင်းပွဲပြုလုပ်ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ပါကစ္စတန်နိုင်ငံသို့ရောက်ရှိစဉ် ကက်ရှ်မီးယားအရေးနှင့်ပတ်သက်၍ တင်းမာနေခဲ့သော အိန္ဒိယ-ပါကစ္စတန် အပြန်အလှန်ဆက်ဆံရေးညှိနှိုင်းရန် အစီအစဉ်ရှိသလားဟု သတင်းထောက်များက မေးမြန်းခဲ့သည်။

ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ ညီလာခံတက်ရောက်ရန် မိမိ ပါကစ္စတန်နိုင်ငံသို့ သွားရောက်ရန် စီစဉ်ထားခြင်းဖြစ်ရာ နှစ်နိုင်ငံဆက်ဆံရေးကိစ္စနှင့်မသက်ဆိုင်ဟု ဂျိုင်ရှန်ကာက ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။ **Mon**



# ပြည်ပချေးငွေများနှင့်ပတ်သက်သည့်မူဝါဒကို သီရိလင်္ကာအစိုးရသစ် အတည်ပြုလိုက်ပြီဟု ဆို

**ကိုလံဘို အောက်တိုဘာ ၆**

ပြည်ပချေးငွေများနှင့်ပတ်သက်သည့်မူဝါဒကို သမ္မတအနုရာကုမာရဒိဿနာယကေဦးဆောင်သော သီရိလင်္ကာအစိုးရသစ်က အောက်တိုဘာ ၅ ရက်တွင် အတည်ပြုလိုက်ပြီဖြစ်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့မှ တာဝန်ရှိသူများနှင့် နှစ်ရက်ကြာ ညှိနှိုင်းဆွေးနွေးခဲ့ပြီးနောက်ဆုံးတွင် သမ္မတဟောင်း ရာနီးလ်ဝီကရာမေဆင်ဂေ အတည်ပြုလက်ခံခဲ့သည့်မူဝါဒကို ဆက်လက်ကျင့်သုံးသွားရန် သမ္မတအနုရာကုမာရဒိဿနာယကေက ဆုံးဖြတ်ခဲ့သည်။

၂၀၂၂ ခုနှစ်က အဆိုးဆုံးအခြေအနေနှင့်ရင်ဆိုင်ရကာ အမျိုးသားစီးပွားရေး ၇ ဒသမ ၈ ရာခိုင်နှုန်းအထိ ကျုံ့ဝင်သွားခဲ့သည်ကို အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့မှ ထုတ်ချေးပေးသောချေးငွေဖြင့် ပြန်ထိန်းထားနိုင်ခဲ့ပြီးဖြစ်သော်လည်း တရုတ်နှင့်အခြားနိုင်ငံများမှ ချေးငွေများကို ပြန်ဆပ်ရန် စီမံခန့်ခွဲရဦးမည် ဖြစ်သည်။

သမ္မတဟောင်း ရာနီးလ်ဝီကရာမေဆင်ဂေက ၎င်း ရာထူးမစွန့်မီ နှစ်ရက်အလိုက တရုတ်ဖွံ့ဖြိုးရေးဘဏ်နှင့် အခြားဘဏ္ဍာရေးအဖွဲ့အစည်းများမှ ငွေတိုက်စာချုပ်ဆိုင်ရာချေးငွေများနှင့်ပတ်သက်၍ ညှိနှိုင်းအတည်ပြုပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။ **Mon**



# ဂျပန်ဝယ်လက်များထံသို့ ဓာတ်ငွေ့ရောင်းချပေးရန် အီတလီအခြေစိုက် အီးအင်န်အိုင်ကုမ္ပဏီနှင့် ညှိနှိုင်း

**တိုကျို အောက်တိုဘာ ၆**

ဂျပန်ဝယ်လက်များထံသို့ အယ်လ်အင်န်ဂျီဓာတ်ငွေ့ရောင်းချပေးရန်အတွက် အီတလီအခြေစိုက် အီးအင်န်အိုင်ကုမ္ပဏီနှင့် ထိုဝယ်လက်များ၏ ကိုယ်စားလှယ်များအကြား ညှိနှိုင်းနေကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

အီးအင်န်အိုင်ကုမ္ပဏီအနေဖြင့် လာမည့် ၂၀၂၇ ခုနှစ်မှစတင်၍ ဂျပန်ဝယ်လက်များထံသို့ တစ်နှစ်လျှင် အယ်လ်အင်န်ဂျီဓာတ်ငွေ့ မက်ထရစ်တန် ၁၈ သန်း ရောင်းချပေးမည်ဟု ဆိုသည်။

အယ်လ်အင်န်ဂျီဓာတ်ငွေ့အရောင်းအဝယ်ကို ဈေးနှုန်းနှင့်ရေရှည် မည်သို့အတည်ပြုဆုံးဖြတ်ရမည်ကို နှစ်ဖက်အဓိကညှိနှိုင်းနေခြင်းဖြစ်ကြောင်း သိရသည်။ **Mon**




# လက်ဘနွန်နိုင်ငံ တောင်ပိုင်းနှင့်မြောက်ပိုင်းသို့ အစ္စရေးဘက်က ဒုံးလက်နက်များဖြင့် တိုက်ခိုက်

**ဘေရွတ် အောက်တိုဘာ ၆**

လက်ဘနွန်နိုင်ငံ တောင်ပိုင်းနှင့်မြောက်ပိုင်းဒေသများသို့ အောက်တိုဘာ ၅ ရက်တွင် အစ္စရေးဘက်က ဒုံးလက်နက်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။



လက်ဘနွန်နိုင်ငံ တောင်ပိုင်းရှိ မြို့၊ ရွာများနှင့် မြောက်ပိုင်းရှိ နာဘာတီယေ၊ ဘီကား၊ ဘားလ်ဘက်နှင့် လက်ဘနွန်တောင်ကုန်းတို့ကို အစ္စရေးဘက်က ပစ်မှတ်ထားတိုက်ခိုက်ရာ လူပေါင်း ၂၀ ဦးကျော် သေဆုံးပြီး ၉၃ ဦး ဒဏ်ရာရခဲ့ကြောင်း လက်ဘနွန် ကျန်းမာရေးဝန်ကြီးဌာနက အတည်ပြုသည်။

ဘေရွတ်မြို့တော်ရှိ ပစ်မှတ်များကိုလည်း အစ္စရေးဘက်က ညပိုင်းတွင် ဒုံးလက်နက်များဖြင့် ပစ်ခတ်တိုက်ခိုက်ရာ တိုက်တာအဆောက်အအုံများစွာ ပြိုလဲပျက်စီးခဲ့သည်။

ဘေရွတ်လေဆိပ်သို့သွားရာလမ်း လက်နက်ကြီးထိမှန်ပျက်စီးခဲ့ပြီးနောက် အောက်တိုဘာ ၆ ရက် နံနက်ပိုင်းရောက်သည်အထိ ဘေရွတ်မြို့ ဆင်ခြေဖုံးရပ်ကွက်ပေါ်တွင် ဖရာမမီးခိုးလုံးများ တလိပ်လိပ်တက်နေခဲ့သည်။

ယဉ်ကျေးမှု၏ရန်သူများကို မိမိတို့ စစ်မျက်နှာ ၇ ခုဖွင့်ပြီး တိုက်ခိုက်နေခြင်းဖြစ်သည်ဟု အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နက်တန်ယာဟုက ပြောကြားကြောင်း သိရသည်။ **Mon**

# ကနေဒါနိုင်ငံ အွန်တေရီယိုပြည်နယ်မှ ကလေးတစ်ဦး လင်းနို့ထံမှ ခွေးရူးပျံရောဂါကူးစက်ခံရပြီး သေဆုံး

**အော့တဝါ အောက်တိုဘာ ၆**

ကနေဒါနိုင်ငံ အွန်တေရီယိုပြည်နယ်မှ ကလေးတစ်ဦး လင်းနို့ထံမှ ခွေးရူးပျံရောဂါကူးစက်ခံရပြီး သေဆုံးခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ထိုကလေး၏အိပ်ခန်းထဲသို့ လင်းနို့တစ်ကောင်ရောက်ရှိနေကြောင်း မိဘများတွေ့ရှိသဖြင့် ၎င်းကိုဖမ်းယူပြီး လွှတ်ပေးခဲ့ကြသည်။

လင်းနို့ကိုက်ခံရခြင်းရှိ၊ မရှိ ကလေး၏တစ်ကိုယ်လုံးကို မိဘများစစ်ဆေးပြီးနောက် မည်သည့်ပွန်းပဲ့ထိရှနာကိုမျှ မတွေ့ရသဖြင့် စိတ်ချလက်ချနေခဲ့ပြီးမှ ကလေး၏ကိုယ်ထဲ၌ ခွေးရူးပျံရောဂါအလွန်အမင်းကူးစက်ခံထားရကြောင်း တွေ့ရှိခဲ့သည်။

ဆေးရုံရောက်ချိန်တွင် ထိုကလေးကို ဆရာဝန်များက အသက်ကယ်တင်မပေးနိုင်တော့ဘဲ လက်လျှော့ခဲ့ကြသည်။

၁၉၆၇ ခုနှစ်နောက်ပိုင်းတွင် အွန်တေရီယိုပြည်နယ်၌ ပထမဆုံးအကြိမ် ခွေးရူးပျံရောဂါကြောင့် လူသေဆုံးခဲ့ရခြင်း ဖြစ်သည်။



ခွေးရူးပျံရောဂါသည် လင်းနို့၊ ဝံပုလွေ၊ မြေခွေး၊ ရက်ကွန်တို့၏ တံတွေး သို့မဟုတ် သွားရည်မှတစ်ဆင့်လည်း လူတို့ထံသို့ ကူးစက်တတ်ကြောင်း သိရသည်။ **Mon**

## အမှိုက်များ စနစ်တကျစွန့်ပစ်ရေး အသိပညာပေး ဟောပြောပွဲကျင်းပ

**မိတ္ထီလာ အောက်တိုဘာ ၆**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့ လူထုအခြေပြုဇဟို ဌာန၌ မိတ္ထီလာမြို့အား မြို့အင်္ဂါရပ်နှင့်အညီ သန့်ရှင်းသာယာလှပစေရန် ပြည်သူများမှ အမှိုက်များ စနစ်တကျ စွန့်ပစ်ရေး အသိပညာပေး ဟောပြောပွဲကို အောက်တိုဘာ ၅ရက် နံနက် ၁၀နာရီက ကျင်းပသည်။ **(ယာပုံ)**

အဆိုပါအသိပညာပေး ဟောပြောပွဲတွင် ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အေးစန္ဒာက အသိပညာပေး ဟောပြောပွဲ ကျင်းပရခြင်းအကြောင်းကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အမှိုက်များ စနစ်တကျ စွန့်ပစ်ရေးခေါင်းစဉ်ဖြင့် ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ညိမ်းရည်မွန်ကလည်းကောင်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ အမှိုက်များသိမ်းဆည်းမှုနှင့် အမှိုက်စွန့်ပစ်မှုဆိုင်ရာ သိကောင်းစရာများ ခေါင်းစဉ်ဖြင့် အဆိုပါအဖွဲ့မှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လဲ့လဲ့စိုးကလည်းကောင်း အသီးသီး အသိပညာပေးဟောပြောခဲ့သည်။



အဆိုပါအသိပညာပေး ဟောပြောပွဲသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်ဦးတင့်ဆန်း၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇင်ဝိုင်း၊ ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနမှ ဝန်ထမ်းများနှင့် မြို့ပေါ်ရပ်ကွက်များမှ ဒေသခံပြည်သူများ တက်ရောက်ခဲ့ပြီး ဟောပြောပွဲတွင် အမှိုက်များ စနစ်တကျ စွန့်ပစ်ရေး အသိပညာပေး လက်ကမ်းစာစောင်များကို ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနက ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

(၄၅၃)

## လျှပ်စစ်မီးကြိုး ဖြတ်တောက်ခိုးယူသူများ ဖမ်းမိ

**မန္တလေး အောက်တိုဘာ ၆**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်၊ အမှတ်(၂) နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် နယ်မြေလုံခြုံရေးနှင့် မှုခင်းကျဆင်းရေးလုပ်ငန်းများ ဆောင်ရွက်နေစဉ် လျှပ်စစ်မီးကြိုး ဖြတ်တောက်ခိုးယူသူများအား ဖမ်းဆီးရမိသဖြင့် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ထားသည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၂ရက် မွန်းလွဲ ၁နာရီခွဲက အမှတ်(၂)နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် မင်းတဲကုန်းကျေးရွာအနီးတွင် စိုးမင်းသိန်း၊ ထွန်းထွန်းဝင်း၊ ဖြိုးဝေလင်းတို့အား အရှည်ပေ ၃၀ခန့်ရှိသော လျှပ်စစ်မီးကြိုးဖြတ်စနှင့် ကတ်တာတစ်ချောင်းတို့အား သိမ်းဆည်းရမိသဖြင့် မေးမြန်းရာ ပိုင်ဆိုင်ကြောင်း အထောက်အထား တင်ပြပြောဆိုနိုင်ခြင်းမရှိသည့်အပြင် တစ်နေရာမှ ခိုးယူလာသည်ဟု မသင်္ကာသဖြင့် အရေးယူခဲ့ခြင်းဖြစ်သည်။

အဆိုပါလျှပ်စစ်မီးကြိုးများအား တစ်နေရာမှ ဖြတ်တောက်ခိုးယူလာသည်ဟု မသင်္ကာသူ စိုးမင်းသန်း(၂၀)နှစ်၊ ထွန်းထွန်းဝင်း(၃၀)နှစ်၊ ဖြိုးဝေလင်း(၂၅)နှစ်ဆိုသူတို့အား အမှတ်(၂) နယ်မြေရဲစခန်းတွင် ဥပဒေနှင့်အညီ အရေးယူထားပြီး အမှုကွင်းဆက်များ စစ်ဆေးလျက်ရှိကြောင်း သိရသည်။ **(၀၅၇)**

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## မဟာအောင်မြေမြို့နယ်နှင့် ချမ်းအေးသာစံမြို့နယ်တို့တွင် စိတ်ပြောင်းဆေးဝါးများ ဖမ်းဆီးရမိ





**နေပြည်တော် အောက်တိုဘာ ၆**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ အောက်တိုဘာ ၂ရက် ည ၈နာရီက သက်သေများနှင့်အတူ မဟာအောင်မြေမြို့နယ်၊ စကြာနွယ်စဉ်ရပ်ကွက်၊ ၃၈လမ်း၊ ၇၄လမ်းနှင့် ၇၅လမ်းကြားတွင် ကောင်းထက်စံမောင်းနှင်ပြီး ရဲရင့် လိုက်ပါလာသည့် မော်တော်ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ၎င်းတို့ထံမှ စိတ်ပြောင်းဆေးဝါး Happy Water အလေးချိန် ၂၈ ဂရမ်နှင့် လက်ကိုင်ဖုန်း နှစ်လုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်ဖော်ထုတ်ချက်အရ ည ၉ နာရီတွင် စိုင်းနော်ခမ်း(ခ)နော်ခမ်းအား မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁)ရပ်ကွက်၊ ၆၆လမ်းနှင့်၄၁လမ်းကြားတွင် စိတ်ပြောင်းဆေးဝါး Happy Water အလေးချိန် ၃၅ ဂရမ်နှင့် လက်ကိုင်ဖုန်း တစ်လုံးတို့အားလည်းကောင်း၊ အောက်တိုဘာ ၃ ရက် နံနက် ၈ နာရီတွင် ရဲရင့် နေထိုင်သည့် မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ ၆၂ လမ်း၊ ၄၃ လမ်းထောင့်ရှိ နေအိမ်အတွင်းမှ စိတ်ပြောင်းဆေးဝါး Happy Water အလေးချိန် ၂၈ ဂရမ်အားလည်းကောင်း၊ ည ၈နာရီတွင် သက်ပိုင်ဇော်အား ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးပျော်ဘွယ်အရှေ့ရပ်ကွက်၊ ၆၆လမ်း၊ လမ်း၃၀နှင့်၃၁လမ်းကြားတွင် စိတ်ပြောင်းဆေးဝါးများဖြစ်သည့် အက်တက်စီဆေးပြား ၅၀၊ ကက်တမင်း အလေးချိန် ၄၅ ဂရမ်နှင့် လက်ကိုင်ဖုန်းနှစ်လုံးတို့အားလည်းကောင်း၊ အောက်တိုဘာ ၅ ရက် နံနက် ၂နာရီခွဲတွင် သက်ပိုင်ဇော် နေထိုင်သည့် ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးပျော်ဘွယ်အရှေ့ရပ်ကွက်၊ ၆၆ လမ်း၊ လမ်း၃၀နှင့် ၃၁လမ်းကြားရှိ နေအိမ်အတွင်းမှ စိတ်ပြောင်းဆေးဝါး ကက်တမင်း အလေးချိန် ၅ ဒသမ ၂ ကီလိုအားလည်းကောင်း၊ နံနက် ၂ နာရီ မိနစ် ၅၀ တွင် ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးပျော်ဘွယ်အရှေ့ရပ်ကွက်၊ ၆၆လမ်း၊ လမ်း၃၀နှင့် ၃၁လမ်းကြားရှိ ရဲရင့်ဝင်း နေထိုင်သည့် နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအားမတွေ့ရှိဘဲ အခန်းအတွင်းမှ စိတ်ပြောင်းဆေးဝါး အက်တက်စီဆေးပြား ၆ ပြားအား လည်းကောင်း ထပ်မံတွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် ကောင်းထက်စံ(၂၅)နှစ်၊ ရဲရင့်(၂၇)နှစ်၊ စိုင်းနော်ခမ်း(ခ)နော်ခမ်း(၂၂)နှစ်၊ သက်ပိုင်ဇော်(၃၂)နှစ်နှင့် ရဲရင့်ဝင်းတို့အား သက်ဆိုင်ရာရဲစခန်းများတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့် အရေးယူထားရှိပြီး ကွင်းဆက်များ ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

## ဘိန်းစိမ်းများ ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၆**

မူးယစ်ဆေးဝါးတားဆီး နှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် အောက်တိုဘာ ၃ရက် ည ၈ နာရီက သက်သေများနှင့်အတူ စစ်ကိုင်းမြို့၊ တကောင်းရပ်ကွက်၊ ရတနာပုံတံတားအနီးတွင် မော်တော်ယာဉ်များအား စစ်ဆေးရှာဖွေစဉ် မန္တလေးမြို့ဘက်မှ မိုးကောင်းမြို့ဘက်သို့ မောင်းနှင်လာသည့် ခရီးသည်တင်မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်တွင် လိုက်ပါလာသော ခရီးသည်များဖြစ်သည့် အောင်ကျော်မင်းနှင့် ကြည်နိုင်ဆိုသူတို့ထံမှ ဘိန်းစိမ်း အလေးချိန် ၈ ကီလို မြန်မာငွေကျပ် ၄သိန်းနှင့် လက်ကိုင်ဖုန်း နှစ်လုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် အောင်ကျော်မင်း(၂၃နှစ်)နှင့် ကြည်နိုင်(၃၆နှစ်)ဆိုသူတို့အား စစ်ကိုင်းမြို့မရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့်အရေးယူထားရှိပြီး ကွင်းဆက်များ ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**(အောက်ပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

*-*-*-*-*



## လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ လိုင်စင်မဲ့ဆိုင်ကယ်များနှင့်ယာဉ်များ သိမ်းဆည်းရမိ

**နေပြည်တော် အောက်တိုဘာ ၆**

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၃ရက်နှင့် ၄ရက်တို့တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မကွေးခရိုင်နှင့် သရက်ခရိုင်အတွင်း၌ လိုင်စင်မဲ့ဆိုင်ကယ် နှစ်စီးကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်၊ သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



ထို့အတူ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြစ်ငယ်စစ်ဆေးရေးစခန်း၌ ယာဉ်သုံးစီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၄၁မျိုး၊ လူသုံးကုန်ပစ္စည်း ခြောက်မျိုးနှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Man Star Micro Bus တစ်စီး၊ Mitsubishi Canter Truck တစ်စီးနှင့် Toyota Wish တစ်စီးကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မူဆယ်မြို့ ဆင်ဖြူဂိတ်အကျော် လမ်းဘေးတစ်နေရာ၌ စုပုံထားသော အကောက်ခွန်မဲ့လုပ်ငန်းသုံးပစ္စည်း ခုနစ်မျိုးကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။ **(ဝဲပုံ)**

ထို့အပြင် အောက်တိုဘာ ၅ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့ ရတနာပုံတံတား ပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Daihatsu Hijet ယာဉ်နှစ်စီးကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်၊ သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

# လောင်းလုံးမြို့နယ်နှင့် တီးတိန်မြို့နယ်တို့မှ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူနေသည့် အဖွဲ့ဝင်များအား အကြမ်းဖက်သမားများက နည်းလမ်းမျိုးစုံဖြင့် နှောင့်ယှက်ဟန့်တား၊ ဖမ်းဆီးခေါ်ဆောင်

နေပြည်တော် အောက်တိုဘာ ၆

နိုင်ငံ၏ လူမှုရေး၊ စီးပွားရေး၊ စီမံခန့်ခွဲရေးဆိုင်ရာ ကိစ္စရပ်များကို ကဏ္ဍအလိုက် အချိုးညီညီ ဖွံ့ဖြိုးတိုးတက်စေရန် မူဝါဒများချမှတ်ခြင်း၊ စီမံကိန်းများရေးဆွဲဆောင်ရွက်ခြင်း စသည့်လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းကို အောက်တိုဘာ ၁ ရက်မှစ၍ နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် စာရင်းစစ်/ စာရင်းကောက် အဖွဲ့များဖြင့် စတင်ကောက်ယူလျက်ရှိသည်။

ထိုသို့ကောက်ယူရာတွင် ပြည်သူများအနေဖြင့် ပြည့်စုံမှန်ကန်စွာပြောကြားခြင်းဖြင့် သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းစဉ်များအပေါ် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးလျက်ရှိပြီး ထိုသို့ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းများအပေါ် မနာလို၊ မရှုဆိတ်ဖြင့် အကြမ်းဖက်သမားများက နည်းလမ်းမျိုးစုံအသုံးပြု၍ နှောင့်ယှက်ဟန့်တားမှုများ လုပ်ဆောင်လျက်ရှိရာ တနင်္သာရီတိုင်းဒေသကြီး လောင်းလုံးမြို့နယ် ရေဖြူကျေးရွာအုပ်စု အောက်ရေဖြူကျေးရွာ နေထိုင်ကြသော ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်းတွင် စာရင်းစစ်၊ စာရင်းကောက်များအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည့် အခြေခံပညာ မူလတန်းလွန်ကျောင်း (ဂေါ့အင်း)မှ ကျောင်းဆရာမများဖြစ်သော ဒေါ်မေမီမိုး(ဘ)ဦးကျော်လင်း အသက် ၂၇ နှစ်နှင့် ဒေါ်ဥမ္မာထွန်း(ဘ)ဦးအောင်ထွန်း အသက် ၄၈ နှစ်၊ အခြေခံပညာအထက်တန်းကျောင်း(ရေဖြူ)မှ ကျောင်းဆရာမများဖြစ်သည့် ဒေါ်ခင်အေးဆက်(ဘ)ဦးခင်လုံး အသက် ၄၇ နှစ်၊ ဒေါ်ရင်ရင်စိုး(ဘ) ဦးစိုးမြင့် အသက် ၆၀ နှစ်၊ ဒေါ်မြအေး(ဘ) ဦးအောင်ကျင် အသက် ၅၆ နှစ်၊ အခြေခံပညာ မူလတန်းကျောင်း (ကဒက်ငယ်ထိန်)မှ ကျောင်းအုပ်ဆရာမဖြစ်သူ ဒေါ်ဖြူဖြူထွေး(ဘ)ဦးခင်သန်း အသက် ၄၄ နှစ်၊ ရေဖြူကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး စာရေးမဖြစ်သူ ဒေါ်သီတာ(ဘ)ဦးခင်သန်း အသက် ၅၇ နှစ်တို့သည် ထားဝယ်မြို့နယ်တွင် သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းများဆောင်ရွက်ပြီး မိမိနေအိမ်များ၌ ပြန်လည်နေထိုင်နေစဉ် PDF အမည်ခံ အကြမ်းဖက်သမားများက ၎င်းတို့ခုနစ်ဦးအား ယနေ့ညနေပိုင်းတွင် လာရောက်ဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရသည်။

အလားတူ အောက်တိုဘာ ၄ ရက် မွန်းလွဲပိုင်းတွင် ချင်းပြည်နယ် တီးတိန်မြို့နယ်မှ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းများတွင် ပူးပေါင်းကူညီဆောင်ရွက်ပေးလျက်ရှိသည့် မြို့မိမြို့ဖဖြစ်သူ ဦးကမ်လျန်ထန်(ဘ)ဦးခုပ်ဆဝုန် အသက် ၆၅ နှစ်သည် သန်းခေါင်စာရင်းကောက်ယူရာတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ပြီး ၎င်းနေထိုင်သည့် လမ်းဇန်ကျေးရွာအနီးရှိ စိုက်ပျိုးမွေးမြူရေးခြံသို့ သွားရောက်စဉ် အကြမ်းဖက်သမားများက ဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရှိရသည်။

သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းသည် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများနှင့် မူဝါဒများချမှတ်ရန် အရေးကြီးသည့် လူမှုစီးပွားဆိုင်ရာ အချက်အလက်များရရှိနိုင်မည့် တစ်ခုတည်းသော စီမံကိန်းလုပ်ငန်းဖြစ်ခြင်းကြောင့် အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ဝိုင်းဝန်းဆောင်ရွက်လျက်ရှိရာ အကြမ်းဖက်သမားများက ယခုကဲ့သို့ သန်းခေါင်စာရင်းကောက်ယူနေသည့် အဖွဲ့များကို နည်းလမ်းမျိုးစုံဖြင့် နှောင့်ယှက်ဟန့်တားမှုများအပေါ် ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းကန့်ကွက်ရှုတ်ချလျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့်လုံခြုံရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် အောက်တိုဘာ ၆

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

### အသိပေးသတင်းထုတ်ပြန်

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ် အောက်တိုဘာ ၅ ရက်တွင် အသိပေး ထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "အမုန်း" TikTok အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ (အနောက်ပိုင်း) မြို့နယ် အမှတ်(၁၁) ရပ်ကွက်နေ ဇော်လှိုင်မင်း(ခ) ချစ်ထူးအား နံနက် ၁၁ နာရီ ၁၀ မိနစ်တွင် ပဲခူးမြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့သည်။

### ထိရောက်စွာ အရေးယူသွားမည်

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။ သတင်းစဉ်

## ယူအေအီးနိုင်ငံ ဒူဘိုင်းမြို့၌ အလုပ်လုပ်ကိုင်စဉ် အခက်အခဲကြုံတွေ့ရသည့် မြန်မာနိုင်ငံသူတစ်ဦးအား အမိနိုင်ငံသို့ ပြန်လည်ပို့ဆောင်

ရန်ကုန် အောက်တိုဘာ ၆

နိုင်ငံတော်အစိုးရ အနေဖြင့် ပြည်ပတွင်ရောက်ရှိနေသည့် အမိနိုင်ငံသားများ အခက်အခဲကြုံတွေ့ရပါက နိုင်ငံသားများအပေါ် အလေးအနက် တန်ဖိုးထားသည့်အနေဖြင့် မည်သို့သောအခြေအနေနှင့် တွေ့ကြုံရသည်ဖြစ်စေ မြန်မာကောင်စစ်ဝန်ချုပ်ရုံးနှင့် မြန်မာသံရုံးသည် သက်ဆိုင်ရာ နိုင်ငံသံရုံးများ၊ ဝန်ကြီးဌာနများနှင့် ချိတ်ဆက်၍ အမိနိုင်ငံသားများ မြန်မာနိုင်ငံသို့ အမြန်ဆုံးအေးချမ်းလုံခြုံစွာ ပြန်လည်ရောက်ရှိနိုင်ရန် စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယူအေအီးနိုင်ငံ ဒူဘိုင်းမြို့၌ အလုပ်လုပ်ကိုင်စဉ် အခက်အခဲကြုံတွေ့ရသည့် မြန်မာနိုင်ငံသူ မမေရီအား အမိနိုင်ငံသို့ အမြန်ဆုံးပြန်လည် ပို့ဆောင်နိုင်ရန် မြန်မာကောင်စစ်ဝန်ချုပ်ရုံး အနေဖြင့် ယူအေအီးနိုင်ငံ လူဝင်မှုကြီးကြပ်ရေးဌာန၊ လူ့စွမ်းအားအရင်းအမြစ်နှင့် နိုင်ငံသားအကျိုးစီးပွားမြှင့်တင်ရေးဝန်ကြီးဌာနနှင့် သက်ဆိုင်ရာ အလုပ်အကိုင် အေဂျင်စီရုံးတို့နှင့် ညှိနှိုင်းဆောင်ရွက်မှုဖြင့် ပြန်လည်ထွက်ခွာခွင့်လက်မှတ်(Out Pass) ရရှိခဲ့ပြီး မြန်မာနိုင်ငံသူ မမေရီသည် အောက်တိုဘာ ၆ ရက်တွင် ဒူဘိုင်း-ရန်ကုန်ခရီးစဉ်ဖြင့် ထွက်ခွာခဲ့ရာ ည ၁၀ နာရီ ၁၅ မိနစ်တွင်



ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့သည်။

### ပြန်လည်ခေါ်ဆောင်ပေးလျက်ရှိ

နိုင်ငံတော်အစိုးရ အနေဖြင့် ပြည်ပ၌ အလုပ်လုပ်ကိုင်စဉ် အခက်အခဲကြုံတွေ့ရသည့် မြန်မာနိုင်ငံသားများအား မြန်မာကောင်စစ်ဝန်ချုပ်ရုံးနှင့် မြန်မာသံရုံးတို့မှ ညှိနှိုင်းကူညီ ဆောင်ရွက်မှုဖြင့် အမိနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ပေးလျက်ရှိပြီး ယခုကဲ့သို့ အမိနိုင်ငံသားများ အတိဒုက္ခကြုံတွေ့နေရစဉ်ကူညီကယ်တင်ပေးမှုအား အလုပ်သမားနှင့် မိဘဆွေမျိုးများက နိုင်ငံတော်အစိုးရ၊ မြန်မာကောင်စစ်ဝန်ချုပ်ရုံးနှင့် မြန်မာသံရုံးတို့အား လှိုက်လှဲစွာ အထူးကျေးဇူးတင်လျက်ရှိကြောင်း သိရသည်။

ညိမ်းသူ(သတင်းစဉ်)

ဓာတ်ပုံ - ကနူး

စာမျက်နှာ ၂၄ မှ

ရွှံ့မီးတောင်များ၏အမြင့်များမှာ ပင်လယ်ရေမျက်နှာပြင်အထက် မီတာ ၅၀ မှ မီတာ ၆၀ ခန့်အထိရှိကြောင်း၊ ရွှံ့မီးတောင်သည် မီးတောင်ပေါက်ကွဲရန် ပံ့ပိုးပေးသည့် ကုန်းမြေထုလှုပ်ရှားမှုနှင့် မြေအောက်ဓာတ်ငွေ့များ စုစည်းကာ ပေါက်ကွဲထွက်လာမှုတို့ကြောင့် ဖြစ်ပေါ်ရခြင်းဖြစ်ကြောင်းနှင့် ယခုပေါက်ကွဲခဲ့သည့် ဝက်အင်းနဂါး ရွှံ့မီးတောင်သည် ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၅ ရက်တွင် နောက်ဆုံးအကြိမ် ပေါက်ကွဲခဲ့ပြီး ၂၀၁၆ ခုနှစ်မှ ၂၀၂၄ ခုနှစ်အထိ (၆)ကြိမ် ပေါက်ကွဲခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



ကျောက်ဖြူမြို့နယ် စိုင်ခြံကျေးရွာအနီးရှိ ဝက်အင်းနဂါးရွှံ့မီးတောင် ပေါက်ကွဲမှုကိုတွေ့ရစဉ်။

# နိုင်ငံတကာ အားကစား သတင်းများ



## 2024 China Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်သို့ Coco Gauff တက်ရောက်

**ပေကျင်း အောက်တိုဘာ ၆**

တရုတ်နိုင်ငံ ပေကျင်းမြို့တွင် ကျင်းပလျက်ရှိသော အမျိုးသမီးတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2024 China Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်သို့ အမေရိကန်တင်းနစ်မယ် Coco Gauff တက်ရောက်ခဲ့သည်။

အဆိုပါ အမေရိကန် တင်းနစ်မယ် Coco Gauff သည် 2024 China Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်တွင် စပိန်တင်းနစ်မယ် Paula Badosa အား ၄-၆၊ ၆-၄၊ ၆-၂ဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲအဆင့်သို့ တက်ရောက်ခဲ့ခြင်း ဖြစ်သည်။

2024 China Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်တွင် အမေရိကန်တင်းနစ်မယ် Coco Gauff နှင့် ချက်တင်းနစ်မယ် Karolina Muchova တို့ ယှဉ်ပြိုင်ကစားသွားမည် ဖြစ်သည်။

(အပေါ်ပုံ)

(NGB)

## ကာဗာနီ ဘိုကာဂျူနီယာအသင်းနှင့် ၂၀၂၆ခုနှစ်အထိ သက်တမ်းတိုးစာချုပ် ချုပ်ဆို

**လန်ဒန် အောက်တိုဘာ ၆**

ဘိုကာဂျူနီယာအသင်းသည် အသင်း ဝါရင့်တိုက်စစ်မှူး ကာဗာနီအား ၂၀၂၆ ခုနှစ်အထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ တိုက်စစ်မှူးသည် ဘိုကာဂျူနီယာအသင်းနှင့်အတူ ၂၀၂၃ မှ ၂၀၂၄အထိ ပြိုင်ပွဲစုံ ၄၃ပွဲကစားကာ ဂိုး ၂၀ထိ သွင်းယူပြီး ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အသင်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ခြင်း ဖြစ်သည်။




အသက်(၃၇)နှစ်အရွယ်ရှိ ကာဗာနီက "ကျွန်တော် ဘိုကာဂျူနီယာအသင်းနဲ့အတူ သက်တမ်းတိုးစာချုပ် ချုပ်ဆိုနိုင်လို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ ဒီအသင်းနဲ့အတူ အောင်မြင်မှုတွေလည်း ရယူသွားချင်ပါတယ်။ ကစားသမားဘဝကိုလည်း ဒီအသင်းမှာပဲကုန်ဆုံးသွားလိုပါတယ်"ဟု ပြောသည်။

(ဝဲပုံ) (NGB)

## ဂျွန်ဒူရမ်၏ ပြောင်းရွှေ့ကြေးအား စတာလင်ပေါင် သန်း ၈၀ ထက်ပို၍ အက်စတွန်ဗီလာအသင်း အလိုရှိနေ

**လန်ဒန် အောက်တိုဘာ ၆**




အက်စတွန်ဗီလာအသင်းသည် အသင်းတိုက်စစ်မှူး ဂျွန်ဒူရမ်၏ ပြောင်းရွှေ့ကြေးအား စတာလင်ပေါင် သန်း ၈၀ထက်ပို၍ အလိုရှိနေသည်။

အသက်(၂၀)နှစ်အရွယ်ရှိ တိုက်စစ်မှူးကို လက်ရှိအချိန်တွင် ချဲလ်ဆီးအသင်းအပါအဝင် ဥရောပကလပ်အသင်းများက ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

တိုက်စစ်မှူး ဂျွန်ဒူရမ်သည် အက်စတွန်ဗီလာအသင်းနှင့်အတူ ၂၀၂၂-၂၀၂၃မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၅၈ ပွဲကစားပြီး ၁၄ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။

အက်စတွန်ဗီလာအသင်းကလည်း ဂျွန်ဒူရမ်အတွက် ၄င်းတို့အလိုရှိသည့် ပြောင်းရွှေ့ကြေးအတိုင်း ပေးချေမည့် မည်သည့်အသင်းကိုမဆို ရောင်းချသွားမည်ဖြစ်သည်။

ထို့ကြောင့် အက်စတွန်ဗီလာအသင်းထံမှ ဂျွန်ဒူရမ်အား မည်သည့်အသင်းက ခေါ်ယူသွားနိုင်မည်လဲဆိုသည်မှာ စောင့်ကြည့်ရမည် ဖြစ်သည်။

(အပေါ်ပုံ)

(NGB)

၀-၀-၀-၀-၀-၀

## ပရီးမီးယားလိဂ် အဝေးကွင်း ၄ပွဲလုံး အနိုင်ရရှိခဲ့သည့် ပထမဆုံး လီဗာပူးနည်းပြအဖြစ် အာနီစလော့ မှတ်တမ်းဝင်

**လီဗာပူး အောက်တိုဘာ ၆**

နည်းပြ အာနီစလော့သည် ပထမဆုံးတာဝန်ယူသည့်နှစ်မှာပင် ပရီးမီးယားလိဂ် အဝေးကွင်း ၄ပွဲစလုံး အနိုင်ရရှိအောင် စွမ်းဆောင်နိုင်သည့် ပထမဆုံး လီဗာပူးနည်းပြအဖြစ် စံချိန်မှတ်တမ်းတစ်ရပ်ပိုင်ဆိုင်ခဲ့သည်။

အဆိုပါ နည်းပြသည် ပရီးမီးယားလိဂ်ပွဲစဉ်အဖြစ် လီဗာပူးအသင်းက ပဲလေ့စ်အသင်းအား တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိသည့် အဝေးကွင်းပွဲစဉ်အား ကိုင်တွယ်ပြီးနောက် ယခုလို မှတ်တမ်းတစ်ရပ်ပိုင်ဆိုင်ခဲ့ခြင်း ဖြစ်သည်။

နည်းပြအာနီစလော့သည် လီဗာပူးအသင်းအား ယခုနှစ် ဘောလုံးရာသီမှ စတင်ကိုင်တွယ်ခဲ့ပြီး ပြိုင်ပွဲ ၁၀ ပွဲတွင် ၁၀ ပွဲစလုံး ရှုံးပွဲမရှိအောင်လည်း စွမ်းဆောင်နိုင်ခဲ့သည်။

အသက်(၄၆)နှစ်အရွယ်ရှိ အာနီစလော့က "ကျွန်တော် အခုလို မှတ်တမ်းကောင်းတစ်ရပ် ပိုင်ဆိုင်လို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ နောက်ထပ်လည်း ယခုလို မှတ်တမ်းတွေနဲ့ အသင်းအား ဆုဖလားတွေ ရရှိအောင် အစွမ်းကုန်ကြိုးစားပေးသွားမှာပါ" ဟု ပြောသည်။

(ယာပုံ)

(NGB)



## ဂါနာချို မန်ချက်စတာယူနိုက်တက်အသင်းတွင် ဆက်ရှိသွားမည်



**မန်ချက်စတာ အောက်တိုဘာ ၆**

မန်ချက်စတာယူနိုက်တက်အသင်း တောင်ပံကစားသမား ဂါနာချိုက မိမိအနေဖြင့် အသင်းမှ ထွက်ခွာမည်ဆိုသော သတင်းများသည် ကောလာဟလများသာဖြစ်ကြောင်း၊ အသင်းတွင်သာ ဆက်ရှိသွားမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

အဆိုပါ တောင်ပံကစားသမားကို လက်ရှိအချိန်တွင် ဥရောပထိပ်သီးကလပ်အသင်းများစွာက ခေါ်ယူရန် စိတ်ဝင်စားနေသော်လည်း ၄င်းကအသင်းတွင်သာ ဆက်ရှိသွားမည် ဖြစ်သည်။

တောင်ပံကစားသမား ဂါနာချိုသည် မန်ချက်စတာယူနိုက်တက်အသင်းနှင့်အတူ ၂၀၂၁-၂၀၂၂မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၉၆ ပွဲကစားပြီး ၁၉ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။

အသက်(၂၀)နှစ်အရွယ်ရှိ ဂါနာချိုက "ကျွန်တော် အသင်းမှာပဲ ဆက်ရှိသွားမှာပါ။ ဒီအသင်းနဲ့အတူ အောင်မြင်မှုများစွာ ရယူသွားဦးမှာပါ။ ဒီအသင်းဟာ ကျွန်တော်ရဲ့အိမ်ပါပဲ။ ကျွန်တော်ကိုယ်တိုင်ကလည်း ဒီမှာပျော်ရွှင်နေပါတယ်"ဟု ပြောသည်။

(အပေါ်ဝဲပုံ)

(NGB)



## ကာဗာဂျယ်လ် ဒဏ်ရာပြင်းထန်စွာရရှိခဲ့ခြင်းကြောင့် ကာလရှည် အနားယူရဖွယ်ရှိ

**မက်ဒရစ် အောက်တိုဘာ ၆**

ရီးရဲလ်မက်ဒရစ်အသင်း အမိက နောက်ခံကစားသမား ကာဗာဂျယ်လ် ဒူးဒဏ်ရာ ပြင်းထန်စွာရရှိခဲ့ပြီး ခွဲစိတ်ကုသမှု ခံယူရမည်ဖြစ်သောကြောင့် ကာလရှည် အနားယူရဖွယ် ရှိနေသည်။

အဆိုပါ နောက်ခံကစားသမားသည် စပိန်လာလီဂါ ပွဲစဉ်အဖြစ် ရီးရဲလ်မက်ဒရစ်အသင်းက ဗီလာရီးရဲလ်အသင်းအား နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့် ပွဲစဉ်တွင် ဒဏ်ရာပြင်းထန်စွာ ရရှိခဲ့ခြင်း ဖြစ်သည်။ (ဝဲပုံ)

နောက်ခံကစားသမား ကာဗာဂျယ်လ် ဒဏ်ရာပြဿနာနှင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့် ရီးရဲလ်မက်ဒရစ်အသင်းအတွက်လည်း ကြီးမားသည့် ထိုးနှက်ချက်တစ်ရပ်ဖြစ်လာခဲ့သည်။

အသက်(၃၂)နှစ်အရွယ်ရှိ နောက်ခံကစားသမား ကာဗာဂျယ်လ်သည် ရီးရဲလ်မက်ဒရစ်အသင်းနှင့်အတူ ၂၀၁၃-၂၀၁၄မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၄၂၇ ပွဲကစားကာ ၁၄ ဂိုးထိ သွင်းယူထားသည်။

(NGB)

## သောမတ်စ်ပါတေးအား ခေါ်ယူရန် အင်တာမီလန်အသင်းနှင့် ဂျူဗင်တပ်အသင်း အပြိုင်စိတ်ဝင်စား

**မီလန် အောက်တိုဘာ ၆**

စီးရီးအေကလပ်အသင်းများဖြစ်သည့် အင်တာမီလန်အသင်းနှင့် ဂျူဗင်တပ်အသင်းတို့သည် အာဆင်နယ်အသင်း ကွင်းလယ်ကစားသမား သောမတ်စ်ပါတေးအား ခေါ်ယူရန် အပြိုင်စိတ်ဝင်စားလျက်ရှိသည်။

အသက်(၃၁)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် အာဆင်နယ်အသင်းနှင့်အတူ ၂၀၂၀-၂၀၂၁မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၂၃ပွဲကစားပြီး ၆ ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် စီးရီးအေကလပ်အသင်းများက အပြိုင်စိတ်ဝင်စားလာခြင်း ဖြစ်သည်။

အာဆင်နယ်အသင်းကလည်း ကြံခိုင်မှု ကျဆင်းလာပြီဖြစ်သော သောမတ်စ်ပါတေးအား ရောင်းချသွားဖွယ်ရှိသည်။

ထို့ကြောင့် အင်တာမီလန်အသင်းနှင့် ဂျူဗင်တပ်အသင်းတို့အနေဖြင့် လာမည့်ဆောင်းရာသီ ဈေးကွက်အတွင်းတွင် အာဆင်နယ်အသင်းထံမှ သောမတ်စ်ပါတေးအား မည်သည့်အသင်းက လက်ဦးမှုရရှိအောင် ခေါ်ယူနိုင်မည်လဲဆိုသည်မှာ စောင့်ကြည့်ရဦးမည် ဖြစ်သည်။

(NGB)

## ဂျီဆီရိုဒရီဂွက်ဇ်အား Johor Darul Ta'zim F.C အသင်း ခေါ်ယူ

**လန်ဒန် အောက်တိုဘာ ၆**

မလေးရှားကလပ် Johor Darul Ta'zim F.C အသင်းသည် ရီးရဲလ်မက်ဒရစ်အသင်းနှင့် ပီအက်စ်ဂျီအသင်းတိုက်စစ်မှူး ဟောင်း ဂျီဆီရိုဒရီဂွက်ဇ်အား အလွတ်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ တိုက်စစ်မှူးသည် Johor Darul Ta'zim F.C အသင်းတွင် ကျောနံပါတ် ၃၃ ဂျာစီအား ဝတ်ဆင်ကစားသွားမည် ဖြစ်သည်။

အသက်(၃၁)နှစ်အရွယ်ရှိ တိုက်စစ်မှူး ဂျီဆီရိုဒရီဂွက်ဇ်သည် ကစားသမားဘဝတစ်လျှောက်တွင် ရီးရဲလ်မက်ဒရစ်၊ ပီအက်စ်ဂျီ၊ စတုတ်စီးတီး၊ ဆမ်ဒိုးရီးယား၊ လာ့ပါးမားစ်၊ စပို့တင်း စသည့် ကလပ်အသင်းများတွင် ကစားခဲ့ဖူးပြီး အတွေ့အကြုံရှိသည့် ဝါရင့်ကစားသမားတစ်ဦးဖြစ်ခြင်းကြောင့် Johor Darul Ta'zim F.C အသင်းက ခေါ်ယူခဲ့ခြင်း ဖြစ်သည်။

(ယာပုံ) (NGB)



## ခရိုင်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ ကြည့်ရှုစစ်ဆေး

**ပုသိမ်ကြီး အောက်တိုဘာ ၆**

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ အုန်းချောကျေးရွာ၊ ကျောက်မီးကျေးရွာနှင့် ထုံးဘိုအကျဉ်းဦးစီးဌာနသို့ ယမန်နေ့နံနက်ပိုင်းက ခရိုင်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်သန်းခေါင်စာရင်းကော်မတီဝင်များ လိုက်ပါလျက် တစ်အိမ်တက်ဆင်း သန်းခေါင်စာရင်း ကောက်ယူနေမှုများကို လိုက်လံကြည့်ရှု အားပေးခဲ့ကြသည်။

ပုသိမ်ကြီးမြို့နယ်တွင် သန်းခေါင်စာရင်း ကောက်ယူရန် မြို့ပေါ်ရပ်ကွက်ကြီးတစ်ခု ကျေးရွာအုပ်စု ၅၇ စု၊ ကျေးရွာ ၁၃၇ ရွာအား စာရင်းကောက်အဖွဲ့ ၄၅ ဖွဲ့ဖြင့် စာရင်းကောက်ကွက်ပေါင်း ၅၅၉ ကွက်ကို အောက်တိုဘာ ၁ရက်မှ ၁၅ရက်အထိ သန်းခေါင်စာရင်း ကောက်ခံသွားမည်ဖြစ်ကြောင်း မြို့နယ်သန်းခေါင်စာရင်းကော်မတီထံမှ သိရသည်။



ကျေးရွာများသို့ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူနေမှုများ အခက်အခဲမရှိ ဆောင်ရွက်နိုင်ရန် ခရိုင်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ဆွေဦးဆောင်၍ ခရိုင်သန်းခေါင်စာရင်းကော်မတီဝင်များ၊ မြို့နယ် သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌနှင့် ကော်မတီဝင်များက ကျေးရွာများရှိ ပြည်သူများနှင့် တွေ့ဆုံ၍ လိုအပ်သည်များကို ပေါင်းစပ်ဖြည့်ဆည်းပေးခဲ့ကြောင်း သိရသည်။

(ဝဲပုံ) (၀၉၅)



## အညာဒေသထွက် ဩဇာသီးအရောင်းအဝယ်လိုက်၊ ဈေးကောင်းရ

**မန္တလေး အောက်တိုဘာ ၆**

အညာဒေသမှ ထွက်ရှိသော ဩဇာသီးပေါ်နေပြီး ဈေးကွက်အတွင်း အရောင်းအဝယ်လိုက်၍ ဈေးကောင်းရရှိကြောင်း မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ်၊ ပုပ္ပားဒေသခံ စိုက်ပျိုးရောင်းဝယ်သူအချို့ထံက သိရသည်။

"ဩဇာသီးများ ဆွတ်ခူးရောင်းချလျက်ရှိပြီး နယ်သို့ တင်ပို့နေရတယ်။ ယခုနှစ် ဩဇာသီးဈေးကောင်းရသည့်အပြင် အရောင်းအဝယ်လိုက်တယ်။ ခြံဈေးရောင်းတဲ့ဈေးနှုန်းက ပုံမှန်မရှိဘဲ သစ်သီးအရွယ်အစားအလိုက် ဈေးကွာဟတယ်။ ယခုရက်ကတော့ အရောင်းအဝယ်လိုက်တဲ့အတွက် အဆင်ပြေတယ်"ဟု ဩဇာသီးစိုက်စိုက်ပျိုးသူတစ်ဦးထံက သိရသည်။

"ဩဇာသီးကို အသီးအကြီး၊ အလတ်၊ အသေးဆိုပြီးရောင်းချသည့်အပြင် အချို့ ဩဇာသီးဆိုင်များမှ ကန်တော့ပွဲပြင်ဇလုံဖြင့် ဩဇာသီးကိုထည့်၍ ဇလုံတစ်လုံးလျှင် ပါဝင်သော ဩဇာသီးကို ဈေးနှုန်းသတ်မှတ်၍ ရောင်းတယ်"ဟု ဒေသခံအမျိုးသမီးတစ်ဦးက ပြောသည်။

အညာဒေသထွက် ဩဇာသီးခြံများမှ နှစ်စဉ် ယခုလို ကာလရောက်လျှင် ဩဇာသီးကို ဆွတ်ခူးရရှိပြီး သစ်သီးဆိုင်များသို့ ရောင်းချကြကာ ရာသီစာအဖြစ် စားသုံးကြသည်။

အညာဒေသတွင် ဩဇာပင်ကို ခြံစည်းရိုးများတွင်လည်းကောင်း၊ သရက်၊ မာလကာခြံများတွင် သီးညှပ်အဖြစ် စိုက်ပျိုးကြကြောင်း သိရသည်။

(အပေါ်ပုံ) (၄၇၂)

## ကျေးလက်စီးပွားမြှင့်တင်ရေးရန်ပုံငွေ ထူထောင်ခြင်းလုပ်ငန်း (RBS) စီမံကိန်းရန်ပုံငွေ ကျပ် သိန်း ၃၀၀ လွှဲပြောင်းပေးအပ်

**ကျောက်ဆည် အောက်တိုဘာ ၆**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ကျောက်ဆည်မြို့နယ်၊ဟံမြင့်မိုရ်ကျေးရွာပြည်သူများ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ယမန်နေ့ မွန်းလွဲပိုင်းက ကျေးရွာအုပ်ချုပ်ရေးမှူးရုံးအစည်းအဝေးခန်းမတွင် ကျေးလက်စီးပွားမြှင့်တင်ရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း (RBS) စီမံကိန်းရန်ပုံငွေကျပ် သိန်း ၃၀၀ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစီးမှူးက ကျေးလက်စီးပွားမြှင့်တင်ရေး ရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း(RBS) စီမံကိန်း၏ မျှော်မှန်းချက်များအကြောင်း ရှင်းလင်းပြောကြားခဲ့ပြီး ပြည်သူများအနေဖြင့် စီမံကိန်းလုပ်ငန်းများ အောင်မြင်အောင်အကောင်အထည်ဖော်ဆောင်ပြီး မိသားစုအကျိုး၊ဒေသစီးပွားအကျိုးစီးပွားများအောင်မြင်ရေး ဝိုင်းဝန်းဆောင်ရွက်သွားကြရန် အမှာစကားပြောကြားခဲ့ပြီး ဒေသမျိုးရင်းမျိုးကောင်းမျိုးသန့် နို့စားနွားမကောင်ရေ ၂၁ကောင်မွေးမြူရန်အတွက် စီမံကိန်းရန်ပုံငွေကျပ်သိန်း ၃၀၀အား ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် အသက်မွေးဝမ်းကျောင်းအစုအဖွဲ့(၄)မှ ကိုယ်စားလှယ်များထံ လက်ဝယ်အရောက်လွှဲပြောင်း ပေးအပ်ခဲ့သည်။ (အောက်ပုံ)

ဟံမြင့်မိုရ်ကျေးရွာတွင် အိမ်ခြေ ၆၁၄ အိမ်၊ အိမ်ထောင်စု ၆၂၄ စု၊ လူဦးရေ ၃၀၃၀ ဦး နေထိုင်လျက်ရှိပြီး ကျေးလက်စီးပွားမြှင့်တင်ရေး ရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း(RBS) စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် စိုက်ပျိုးမွေးမြူထုတ်လုပ်သူများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ကိုင်သူများအတွက် လိုအပ်သော ငွေကြေးအရင်းအနှီးများရရှိစေခြင်း၊ ငွေကြေးစီမံခန့်ခွဲမှုဆိုင်ရာ ဗဟုသုတနှင့် နည်းပညာများရရှိခြင်းဖြင့် စိုက်ပျိုးမွေးမြူထုတ်လုပ်သူများ၏ စီးပွားရေးလုပ်ငန်းများ ပိုမိုအားကောင်းဖွံ့ဖြိုးလာစေခြင်း၊အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအား အစုအဖွဲ့စနစ်ဖြင့် ဆောင်ရွက်ခြင်းဖြင့် ကျေးလက်ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးလာစေခြင်း၊ မိသားစုဝင်ငွေတိုးပွားစေရန်နှင့် အလုပ်အကိုင်အခွင့်အလမ်း ရရှိလာစေခြင်း၊ ဒေသထွက်ကုန်အပေါ်အခြေခံသည့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေခြင်း၊ ကျေးရွာတစ်ရွာထွက်ကုန်တစ်မျိုးလုပ်ငန်းများ အထောက်အကူဖြစ်စေခြင်းစသည့် အကျိုးကျေးဇူးများ ခံစားရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

(၄၈၅)



## ညောင်ဦးမြို့နယ်၌ မိုးစပါး ၇၈၅ ကေစိုက်ပျိုးပြီးဖြစ်

**ညောင်ဦး အောက်တိုဘာ ၆**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ် လျှပ်စစ်မြစ်ရေတင် ငါးခုမှ မိုးစပါး လျှပ်စစ်မြစ်ရေတင်ရေဖြင့် ၇၈၅ ဧက စိုက်ပျိုးလျက်ရှိရာ ရာခိုင်နှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ညောင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန တာဝန်ရှိသူများထံက သိရသည်။

ညောင်ဦးမြို့နယ် လျှပ်စစ်မြစ်ရေတင်ဖြင့် မိုးစပါးစိုက်ပျိုးရန် ဇွန်လတွင် ပျိုးစတင်ပျိုးထောင်ခဲ့ကြောင်း ဇူလိုင်လဆန်းပိုင်းကစတင်၍ ပျိုးပင်များ လယ်ကွင်းအတွင်းရွှေ့ပြောင်းစိုက်ပျိုးခဲ့သည်။လျှပ်စစ်မြစ်ရေတင်ဖြင့် စိုက်ပျိုးသည့် စပါးမျိုးမှာ ဆင်းသုခ၊ မနောသုခ၊ YSR စပါးမျိုးများကို တောင်သူများ စိုက်ပျိုးကြပြီး ပျိုးထောင်ရက် ၂၁ ရက်အကြာတွင် စိုက်ပျိုးမည့် လယ်မြေအတွင်း ရွှေ့ပြောင်းစိုက်ရကြောင်း၊ စပါးတစ်သီးရင့်မှည့်ချိန်ထိ ငါးလကြာမြင့်ကြောင်း၊ မိုးစပါးစိုက်တောင်သူများက ရှင်းပြသည်။

မြစ်ရေတင်ဖြင့် စိုက်ပျိုးသည့် မိုးစပါးစိုက်တောင်သူများ စပါးသီးနှံရိတ်သိမ်းပြီးချိန်အထိ တစ်ဧကစိုက်ပျိုးရေသွင်း စရိတ်ငွေကျပ် ၆၀၀၀ ပေးသွင်းရပြီး၊ နွေစပါးစိုက်ပျိုးချိန်တွင် စပါးတစ်သီးစာငွေကျပ် ၉၀၀၀ ပေးရကြောင်း၊ အခြားသီးနှံအတွက် ငွေကျပ် ၃၀၀၀ ပေးသွင်းရသည်။ မြစ်ရေတင်ဖြင့် စိုက်ပျိုးသည့်စပါးများအတွက်နှုန်း ပုံမှန်ကောင်းမွန်ပြီး ရေပေးသွင်းခလည်းတန်လွန်းကြောင်း၊ မိုးစပါးဆိုသော်လည်း ညောင်ဦးဒေသတွင် တစ်နှစ်ပတ်လုံးမှ မိုးရေချိန် ၂၀လက်မအောက်သာ ရွာသွန်းခြင်းကြောင့် စပါးအောင်ရေအထိ မြစ်ရေတင် ရေသွင်းရကြောင်း၊တစ်ဧကသွင်းဈေးလည်း တန်လွန်းကြောင်း မိုးစပါးစိုက် တောင်သူများက ရှင်းပြသည်။ မိုးစပါးစိုက်ပျိုးရာတွင် စပါးတစ်ဧက ကောက်စိုက်သမစိုက်ပျိုးခ ငွေကျပ် ၅၅၀၀၀ဖြင့် စိုက်ဧကပြတ်စိုက်ပျိုးခြင်းနှင့် လက်ဆွဲကောက်စိုက်စက်ဖြင့် စိုက်ပျိုးလာကြကြောင်း မိုးစပါးစိုက်တောင်သူများက ရှင်းပြသည်။

ညောင်ဦးမြို့နယ်တွင် မိုးစပါးစိုက်ပျိုးခြင်းအား ငါ့သရောက်မြစ်ရေတင်ဖြင့် ၁၂၉ ဧက၊ လက်ပံခြေပေါ်မြစ်ရေတင်ဖြင့် ၈၅ ဧက၊ သူကောင်းတည်မြစ်ရေတင်ဖြင့် ၆၅ ဧက၊ ကျောက်ကူးမြစ်ရေတင်ဖြင့် ၁၆၀ဧကနှင့် လောကနန္ဒာမြစ်ရေတင်ဖြင့် ၃၄၆ ဧက စိုက်ပျိုးလျာထားစိုက်ပျိုးလျက်ရှိရာ ရာခိုင်နှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

(အောက်ပုံ)

(၄၈၁)





## ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များစွာ ထင်ကျန်နေသည့် စကုမြို့

**မင်းဘူး အောက်တိုဘာ ၆**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ စကုမြို့သည် မင်းဘူး မြို့မြောက်ဘက် ၁၀ မိုင်ခန့် အကွာတွင်ရှိပြီး ရှေးဟောင်းရုပ်စုံကျောင်းအပါအဝင် တန်ခိုးကြီး စေတီပုထိုးများနှင့် သာသနိက အဆောက်အအုံအများအပြား တည်ရှိနေသည့် မြို့တစ်မြို့ ဖြစ်သည်။

ထိုစေတီပုထိုးများအနက် လူအများ စိတ်ဝင်စားဖွယ်ရာ နံရံဆေးရေးမင်စာများ၊နံရံပန်းချီများရှိသည့် စကုမြို့၊ ကျွဲတဲကျေးရွာ၊ ရွှေတောင်ဦးဘုရားသည်လည်း တန်ဖိုးကြီးမားသည့် သမိုင်းအမွေအနှစ် စေတီတစ်ဆူ ဖြစ်သည်။

ရွှေတောင်ဦးဘုရားနှင့် လိုဏ်ဂူအတွင်းမှ သမိုင်းအမွေအနှစ် မင်စာများမှာ မြန်မာ သက္ကရာဇ် ၁၁၇၇ ခုက တည်ခဲ့သည်ဟု သိရသည်။ ကျွဲတဲရွာအဝင်တွင် တည်ရှိသော ရွှေတောင်ဦးဘုရားလိုဏ်ဂူဝင်ပေါက် ညာဘက်ခြမ်းတွင် နံရံ ပန်းချီများနှင့်အတူ နံရံဆေးရေးမင်စာ ဝတ္ထုတိုတစ်ပုဒ်မှာလည်း လွန်ခဲ့သောနှစ်ပေါင်း ၂၀၀ ကျော်က မူလလက်ရေးအတိုင်း တွေ့ရပြီး၊ ထိုစာများကို မြန်မာစာလေ့လာသူများ၊စာပေဝါသနာရှင်သမိုင်းသုတေသီပညာရှင်များ လာရောက်လေ့လာဖတ်ရှုလျက်ရှိသည်။

"မင်စာပါအကြောင်းအရာကတော့ ခန္ဓာပူရဝတ္ထုတိုဖြစ်ပြီး အင်းဝခေတ်က စတင်ရေးဆွဲထားဟန်ရှိပါတယ်။မြတ်စွာဘုရားရှင်ဟောကြားတဲ့ ပိဋကတ်တော်လာဇာတ်ဝတ္ထုမဟုတ်ဘဲ ရုပ်တရား၊ နာမ်တရားတို့၏ ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏသဘောတို့ကို ထင်မြင်လွယ်အောင် ဝတ္ထုသဘောဆောင်ရေးသား၍ အစပထမမှာတော့ တိုတိုရှင်းရှင်း လိုရင်းကို ရေးသားကြတယ်လို့ မှတ်သားရပါတယ်"ဟု စကုမြို့သမိုင်းသုတေသီ ဦးဇော်မျိုးဦးက ပြောသည်။

ရွှေတောင်ဦးဘုရားလိုဏ်ဂူအတွင်း အဆိုပါမင်စာများနှင့်အတူ တွေ့ရသည့် လက်ရာမြောက် နံရံဆေးရေးပန်းချီများကလည်း စိတ်ဝင်စားဖွယ်ကောင်းသည့် အားလျော်စွာ ဝတ္ထုတိုပါအကြောင်းအရာဖြစ်သည့် ဓမ္မ-အဓမ္မ အကြောင်းအရာများဟာလည်း လေ့လာသုံးသပ်ဖွယ်ရာ ကောင်းနေပြန်သည်။

ထိုအကြောင်းအရာများ စိတ်ဝင်စားဖွယ်ကောင်းလှသည်ထက် လေ့လာဖော်ထုတ်မှုမပြုနိုင်သေးသည့် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ မည်မျှကျန်ရှိနေပြီး တွေ့ရှိထားသမျှ သမိုင်းအမွေအနှစ်များ မည်မျှ ပျက်စီးယိုယွင်းလျက်ရှိသည်ကလည်း စိတ်ဝင်စားဖွယ်ကောင်းနေပါတော့သည်။

(အပေါ်ပုံ)

(၅၀၄)

## အငြိမ်းစားဆရာကြီး၊ ဆရာမကြီးများအား ပူဇော်ကန်တော့ပွဲ ကျင်းပ

**ပင်းတယ အောက်တိုဘာ ၆**

အငြိမ်းစား ဆရာကြီး၊ဆရာမကြီးများအား ပူဇော်ကန်တော့ပွဲကို ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမြို့၊ မြို့နယ်ဓမ္မာရုံ(ပတ္တမြား ခန်းမဆောင်)တွင် အောက်တိုဘာ ၅ ရက်မှာ ကျရောက်လာသည့် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် အောက်တိုဘာ ၅ ရက် နံနက် ၉နာရီက ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားကို "အနန္တငါးဖြာမြတ်ဆရာ"သီချင်းဖြင့် ဖွင့်လှစ်ပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်မိုးလွင်က အဖွင့်ချီးကျူးဂုဏ်ပြုအမှာစကားပြောကြားသည်။

ဆက်လက်၍ အခမ်းအနားဒုတိယပိုင်းအစီအစဉ်ကို ကျင်းပရာ အပူဇော်ခံ ဆရာကြီး၊ ဆရာမကြီးများအား "မြတ်ဆရာ"သီချင်းဖြင့် သီဆိုဖြေဖျော်ခြင်း၊ဓနုဒေသပညာရေးမှူး ဆရာကြီး ဦးခင်ဇော်ထွန်းက ဂါရဝပြုအမှာစကားပြောကြားခြင်း၊မြို့နယ်ပညာရေးမှူး ဒေါ်အေးအေးမော်က ဂါရဝပြုအမှာစကားများပြောကြားခြင်း၊ ဆရာမကြီး ဒေါ်ဝင်းကြည်က အပူဇော်ခံဆရာကြီး၊ ဆရာမကြီးများအား ဆရာ့ဂုဏ်ကို ချီးကျူးပူဇော်သည့် စာတမ်းဖတ်ကြားပူဇော်ခြင်း ဆောင်ရွက်ခဲ့ကြသည်။

၄င်းနောက် မြတ်ဆရာပူဇော်ကန်တော့ပွဲသို့ တက်ရောက်လာကြသော အငြိမ်းစားဆရာကြီး၊ ဆရာမကြီးများအား ဓနုဒေသပညာရေးမှူးနှင့် ဆရာ၊ ဆရာမများ ပင်းတယမြို့နယ်ပညာရေးမှူးနှင့်ဆရာ၊ ဆရာမများ၊ မြို့နယ်အတွင်းရှိ အခြေခံပညာ(ထက်+လယ်+မူ)စာသင်ကျောင်း (၁၂၁)ကျောင်း ကိုယ်စားပြု တက်ရောက်လာကြသည့် ကျောင်းအုပ်ဆရာကြီး၊ ဆရာမကြီးများနှင့် ဆရာ၊ ဆရာမ ၂၃၀ဦးတို့က ရှိခိုးကန်တော့ကြရာ ကန်တော့ခံဆရာကြီးတစ်ဦးက ကောင်းချီး ဩဘာဆုပန် ပေးခဲ့သည်။

၄င်းနောက် ဓနုဒေသ ပင်းတယမြို့ရှိ အငြိမ်းစားဆရာကြီး၊ ဆရာမကြီး စုစုပေါင်း ၁၀၇ ဦးအတွက် တက်ရောက်လာကြသည့် ဆရာကြီး၊ ဆရာမကြီး ၆၂ ဦးအား တစ်ဦးလျှင် လှူဒါန်းငွေ ကျပ်ငါးသောင်းဖြင့် စုစုပေါင်း ငွေကျပ် ၅၃၅၀၀၀၀ အား ပူဇော်လှူဒါန်းပေးကြကြောင်း သိရသည်။

(အောက်ပုံ)

(၃၃၈)



## ရေဘေးသင့်ပြည်သူများအား ကျန်းမာရေးစစ်ဆေးခြင်း၊ ဆေးကုသမှုများ ဆောင်ရွက်

**ကျောက်ဆည် အောက်တိုဘာ ၆**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊စဉ့်ကိုင်မြို့နယ်အတွင်းရှိ ကျေးရွာများတွင် ရေကြီးရေလျှံမှုများကြောင့် ရေဘေးသင့်ခဲ့သည့် ပြည်သူများကို ကျန်းမာရေးဦးစီးဌာနနှင့် ဌာနဆိုင်ရာများက ယနေ့ နံနက် ၉နာရီက ကျန်းမာရေးစစ်ဆေးခြင်း၊ ဆေးကုသမှုများ ဆောင်ရွက်ပေးခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မန္တလေးတိုင်းဒေသကြီး ကုသရေးဦးစီးဌာန လက်အောက်ရှိ အထူးကုဆေးအဖွဲ့များ၊ ကျောက်ဆည်မြို့ ပြည်သူ့ဆေးရုံကြီးမှ အထူးကုဆရာဝန်များ၊ စဉ့်ကိုင်မြို့နယ် ကျန်းမာရေးဦးစီးဌာနနှင့် ဌာနဆိုင်ရာများက ရေဘေးသင့်ခဲ့သည့် ခံလူးကျေးရွာနေ ပြည်သူများအား အရေပြားရောဂါ၊ သွေးတိုး၊ ဆီးချိုနှင့် အထွေထွေရောဂါများ စစ်ဆေးပေးခဲ့ပြီး ဆေးကုသမှုများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(အောက်ပုံ) (၀၅၇)



## လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ဆက်လက်ကောက်ယူဆောင်ရွက်

**ရေနံချောင်း အောက်တိုဘာ ၆**

မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့နယ်၌ နိုင်ငံတော်၏ လူမှုရေး၊ စီးပွားရေး၊စီမံခန့်ခွဲမှုကိစ္စရပ်များတွင် မူဝါဒများ ချမှတ်ခြင်း၊ စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် အခြေခံအသုံးပြုရသည့် လူဦးရေနှင့် လူမှုစီးပွားရေးဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များကို ရရှိရန်အတွက် ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းများကို ယမန်နေ့ နံနက် ၇ နာရီက ဆက်လက်ကောက်ယူဆောင်ရွက်လျက်ရှိသည်။

ထိုသို့ကောက်ယူရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊မြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများ၊သက်ဆိုင်ရာရပ်ကွက် အုပ်ချုပ်ရေးမှူးများ၊ ရာအိမ်မှူး၊ ဆယ်အိမ်မှူးများ ပူးပေါင်းကာ အောက်တိုဘာ ၁ ရက်မှ စတင်ကာ ညောင်လှ ရပ်ကွက်တွင် စာရင်းကောက်အဖွဲ့ ရှစ်ဖွဲ့၊ သစ်တပွေရပ်ကွက်တွင် စာရင်းကောက်အဖွဲ့ နှစ်ဖွဲ့ စုစုပေါင်း စာရင်းကောက်အဖွဲ့ ၁၀ ဖွဲ့တွင် စာရင်းစစ်၊စာရင်းကောက် ၅၂ ဦးဖြင့် လူဦးရေနှင့် အိမ်အကြောင်းအရာ အချက်အလက်များကို တစ်အိမ်တက်ဆင်း လိုက်လံကောက်ယူလျက်ရှိသည်။



အဆိုပါ သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းများ အဆင်ပြေချောမွေ့စေရန်အတွက် မြို့နယ်အဆင့် သန်းခေါင်စာရင်း ကောက်ယူရေးကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဦးအောင်ဇင်ဦးနှင့် အဖွဲ့ဝင်များက အနီးကပ်ကြီးကြပ်ကာ ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါဆောင်ရွက်ပြီး လုံခြုံရေးတပ်ရင်းတပ်ဖွဲ့များက လုံခြုံရေး လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ရေနံချောင်းမြို့နယ်၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းများကို မြို့ပေါ်ရပ်ကွက် ၁၄ရပ်ကွက်နှင့် ကျေးရွာအုပ်စု ငါးအုပ်စုရှိ ကျေးရွာ ၁၇ ရွာတွင် စာရင်းကောက်ကွက် ၁၃၅ ကွက်ဖြင့် လူဦးရေနှင့်အိမ်အကြောင်းအရာအချက်အလက်များ ကောက်ယူသွားမည်ဖြစ်ကြောင်း မြို့နယ်သန်းခေါင်စာရင်းကောက်ယူရေးကော်မတီထံက သိရသည်။

(ဝဲပုံ)

(၄၇၂)

*–*–*–*–*

## သက်ရှည်ကျန်းမာဖို့ နေ့စဉ်လမ်းလျှောက်ကြစို့


၁။ ခန္ဓာကိုယ်နှင့် စိတ်ဓာတ်ကျန်းမာကြံ့ခိုင်လာစေသည်။
၂။ သက်လုံကောင်း၍ အမောခံနိုင်သည်။
၃။ အဆီလျော့ကျ၍ အဝမလွန်အောင် ထိန်းပေးနိုင်သည်။
၄။ ဦးနှောက်နှင့် အာရုံကြောအားကောင်း၍ ဉာဏ်ရည်ထက်မြက်စေသည်။
၅။ ကိုယ်ခံစွမ်းအား မြင့်တက်စေပြီး ရောဂါများကို ကာကွယ်ပေးနိုင်သည်။
၆။ အကြော၊ အချဉ်၊ အရွတ်များကို ပျော့ပျောင်းစေ၍ လူကို ဖျတ်လတ်ပေါ့ပါးစေနိုင်သည်။
၇။ သွေးလည်ပတ်မှု ကောင်းမွန်ပြီး အိပ်ပျော်၊ စားဝင်စေသည်။
၈။ စိတ်ဖိစီးမှုလျော့နည်းစေ၍ ကြည်လင်လန်းဆန်းစေသည်။
၉။ နေ့စဉ်ပုံမှန် မိနစ်(၃၀)ခန့် လမ်းလျှောက်ပေးခြင်းဖြင့် ကျန်းမာကြံ့ခိုင်သော ဘဝကို ပိုင်ဆိုင်စေနိုင်သည်။

**အားကစားနှင့်ကာယပညာဦးစီးဌာန**

ဝတ္ထုတိုကဏ္ဍ

# အပူရှုံး အပူမြတ်

နွေမိုးကို



‘ဟဲ့---မိုးမမ နင့်သားပြန်ရောက်ပြီလား’

မိခင်ဖြစ်သူ ဒေါ်နှင်းသဇင်၏ မေးခွန်းကြောင့် လှမ်းလက်စ ခပ်ဖွဖွခြေလှမ်းပင် တန့်သွားရသည်။ အမေ ဘုရားဝတ်ပြုနေသည်မို့ ခြေသံမကြားအောင် ကိုယ်ဖော့ကာ ခြေဖွနင်းပါတယ်ဆိုတာတောင် ဒီခြေသံကို ကြားရလောက်အောင် အမေ့နားက ပါးလှချေလား။

‘မရောက်သေးဘူး အမေ’

‘ခက်တာပဲအေ ညပဲ ကိုးနာရီထိုးတော့မယ် ဒီကလေး ဘယ်များသဝေထိုးနေလဲမသိဘူး’

‘အကင်ဆိုင်သွားမယ် ပြောတာပဲ အမေ’

‘ဒါဆို သောက်လာဦးမှာပါ သောက်စားပြီး ဆိုင်ကယ်စီးပြီး ပြန်လာဦးမယ် ငါ့နယ်နော် လူကြီးတွေကို တယ်အပူပေးတဲ့ကောင်’

အော်--- အမေ့နယ် ဘုရားတောင် ဖြောင့်ဖြောင့်ဝတ်မပြုနိုင်ဘဲ အပြင်သွားလို့ ပြန်မရောက်သေးသည့် မြေးကို ပူနေသေးသည်။ သားပူ၊ သမီးပူ ပြီးတော့ မြေးပူ၊ မြစ်ပူအထိပါ ဆက်လာသော မိခင်ဖြစ်သူကို မိုးမမ သနားမိပါသည်။

‘ဘုရားသာ ဖြောင့်ဖြောင့်ရှိခိုးပါ အမေရယ် အမေ့မြေးက ကလေးမှ မဟုတ်တော့တာ၊ အသက်ပဲ ၂၀ ကျော်နေပြီကို ပူမနေနဲ့၊ အချိန်တန်ရင် ပြန်ရောက်လာလိမ့်မယ်’

‘ပူရတယ်အေ့ ပူရတယ်၊ သူ့ဟာသူ ဘယ်အရွယ်ဖြစ်ဖြစ် သားအချစ် မြေးအနှစ်အေ့၊ ညည်းသာ အမေဖြစ်ပြီး အပူအပင်ကင်းနေတာ မိထွေးမရေ’

ခက်တာရော-- ကိုယ့်ဘက်ကို မြားဦးလှည့်လာပြီမို့ မိုးမမ အသာထွက်လာလိုက်သည်။ အိမ်မှာက ကိုယ်က လွဲရင် အပူလွန်ကဲနေတဲ့သူတွေချည်းပဲ ဟုတောင် မိုးမမ ထင်မိသည်။ အမေက အသက် ၈၀ ကျော် ဒါကို သူ့သံသရာအတွက် မပူဘဲ မြေးပူရ၊ သားပူရနဲ့ သနားစရာတောင် ကောင်းသေးတော့သည်။ ပိုဆိုးတာက မိုးမမ၏ ညီမအပျိုကြီး ဖြိုးပပ---။

‘မမ--ညည်းသမီး ရည်းစားရနေပြီလား မသိဘူး’

‘ဘယ်သိမလဲအေ ရချင်ရမှာပေါ့ တက္ကသိုလ်ပဲ တက်နေမှတော့’

‘ဟယ်---ကြည့်စမ်းပါဦး မပူတတ်ချက်အေ အမေမဟုတ်တဲ့အတိုင်းပဲ’

‘ဟဲ့--- ဒါပူစရာကိစ္စမှ မဟုတ်တာ အရွယ်ရောက်လာရင် သူတို့နှစ်သက်ရာ၊ သင့်တော်ရာ ရွေးချယ်ပြီး ချစ်ကြ၊ ကြိုက်ကြမှာပဲ၊ အချိန်တန်တော့ အိမ်ထောင်ပြုကြမှာပဲလေ’

‘မတော်တရော်နဲ့ တွေ့သွားရင် ဘယ့်နယ်လုပ်မလဲ’

‘အော်---ဖြိုးရယ် ငါ နင့်တူမကို မွေးကတည်းက ခေါင်းထဲမှာ ဦးနှောက် ထည့်ပြီး မွေးပေးလိုက်တယ်၊ သူ့ဟာသူ စဉ်းစားတတ်တယ် သိလား၊ နင် သိပ်ပြီးတွေးပူမနေနဲ့ အပျိုကြီးရေ---’

ဖြိုးပပ၏ ပွစိပွစိ အပူလုံးဒဏ်ကို မခံနိုင်သဖြင့် အိပ်ခန်းထဲ ဝင်သွားမိတော့။

‘မိန်းမ---မင်း မြစ်ကြီးနား ခရီးစဉ်က အဆင်ပြေရဲ့လား’

ကောက်ခါငင်ကာ မေးလိုက်သော ခင်ပွန်းသည် ဦးအောင်သူ၏ အမေးစကားကြောင့် မိုးမမ ကြောင်တောင်တောင်ဖြစ်သွားရသည်။

‘ဟင်--- ကိုအောင် မြစ်ကြီးနားက ကျွန်မ မသွားရသေးဘူးလေ၊ သွားမလို့ စီစဉ်တုန်း၊ အဆင်ပြေမပြေက သွားမှသိမှာလေ’

‘အေးပါ မင်းက လေယာဉ်နဲ့သွားမယ်ဆိုလို့ ငါက စိတ်ပူလို့’

‘ရှင်ပဲ ကားတွေ၊ ရထားတွေနဲ့ သွားရင် စိတ်မချဘူးဆိုလို့ လေယာဉ်နဲ့ သွားဖို့ လုပ်ထားတာလေ၊ ကောင်းကင်မှာ တိုက်စရာ ဘာမှမရှိဘူး’

‘အေးပါကွာ ငါက ရာသီဥတုကို ပူတာပါ’

‘ကိုအောင်ရယ် အခုက မတ်လကြီးလေ၊ ကောင်းကင်မှာ နေကြီးက ပြဲနေအောင်ပူလို့ ဘာတိမ်တောင် တိမ်လိပ်မှ မရှိဘူး၊ ရှင် ကြံဖန်စိတ်ပူမနေနဲ့’

ဦးအောင်သူက ဘာမှဆက်မပြောတော့ပဲ ဖတ်လက်စ စာအုပ်ကို ဆက်ဖတ်နေသည်။ ထိုစဉ် ဖုန်းသံမြည်လာသည်။ ကုမ္ပဏီမှ အထွေထွေမန်နေဂျာ (G.M) ဒေါ်ခင်ဝင်းတင့် ဆက်သည့်ဖုန်း--။

‘ဟုတ်ကဲ့ အန်တီဝင်း’

‘သမီး ခရီးစဉ် ဘယ်နေ့လဲ’

‘လာမယ့် အင်္ဂါနေ့ပါ အန်တီ’

‘ဟိုတယ် ဘွတ်ကင်လုပ်ပြီးပြီလား’

‘လုပ်ပြီးပြီ အန်တီ’

‘ဘယ်သူ့ခေါ်သွားမလဲ သမီး’

‘ဝန်ထမ်းကိစ္စရှင်းရမှာဆိုတော့ (H.R)က စန္ဒာမြင့်ပဲ ခေါ်သွားမယ် အန်တီ’

‘အေး---ကောင်းတယ် ကောင်းတယ် ဘာအဆင်မပြေတာရှိသေးလဲ’

‘မရှိပါဘူး အန်တီ’

‘အော်---အေး အေး ဒါနဲ့ သမီးက အစာအိမ်ရှိတော့ ဆေးတော့ဆောင်သွားနော်၊ အစားမေ့၊ အသောက်မေ့ အလုပ်တွေချည်း စွတ်လုပ်မနေနဲ့ဦး’

‘ဟုတ်ကဲ့ပါ အန်တီ’

‘အော်--- အေး အေး ဒါပဲနော် သမီးရေ’

မိုးမမ ခရီးတစ်ခုခုသွားတိုင်း (G.M) ဒေါ်ခင်ဝင်းတင့် ပြောနေကျစကားများ ဖြစ်သည်။ မိုးမမမှာ အသက်ပဲ ၄၀ စွန်းစွန်းကျော်လာပြီ၊ ရာထူးအားဖြင့်လည်း မန်နေဂျာတစ်ယောက်ဖြစ်နေပြီ။ သို့သော် ကိုယ့်သမီးတစ်ယောက်နှင့်မခြား ချစ်သော ဒေါ်ခင်ဝင်းတင့်က အသေးစိတ်က အစ လိုက်ပူပန်ပေးနေတာမြင်တော့ သူ့အစား ပင်ပန်းလိုက်တာ။ မယုံရင်ကြည့် မိုးမမ မြစ်ကြီးနားရောက်ရင် တစ်နေ့ ငါးခါလောက် ဖုန်းဆက်ပြီး အစာကို အချိန်နှင့်စားဖို့ ကော်ဖီတွေ နင်းကန်မသောက်ဖို့ ပြောဦးတော့မည်။

‘မေမေ’

သမီးဖြစ်သူ ခင်သစ္စာ၏ ခေါ်သံကြောင့် အတွေးစပြတ်သွားရသည်။

‘သမီး မျက်နှာမှာ ဝက်ခြံတွေများလာတယ် မေမေ’

‘အစားမှားသလား သမီး’

‘ဟင့်အင်း---’

‘အိပ်ရေးရော ပျက်သလား’

‘မပျက်ဘူး မေမေ’

‘ဒါဆို သမီးမှာ စိတ်ဖိစီးစရာ ဘာရှိသလဲ’

မိုးမမ ကိုယ့်သမီး အကြောင်းကိုယ်သိသည်။ ကိစ္စတစ်ခုခုကို စိတ်ပူလျှင် ဝက်ခြံတွေ ထွက်တတ်သည်။

‘ကျောင်းက ပရောဂျက်ကိစ္စ နည်းနည်းပူနေတာ၊ အရင်တစ်ခါ ပရောဂျက်တုန်းက သမီးတို့ အကောင်းဆုံး လုပ်နိုင်ခဲ့တယ်၊ အခု ပရောဂျက်ကိုကော အကောင်းဆုံးမှ ဖြစ်ပါ့မလားလို့ စိတ်ပူနေတာ’

လုပ်စရာရှိတာကို အကောင်းဆုံးလုပ်နေပါလျက် ရလဒ်မထွက်သေးသော လုပ်ငန်းစဉ်အတွက် တွေးပူနေသော သမီးဖြစ်သူကို ဘယ်လိုဖျောင်းဖျဆုံးမရမည်ဆိုတာ မိုးမမ ကောင်းကောင်းသိပါသည်။

‘ငါ့သမီး အခုလို ပူနေတော့ ပိုကောင်းတာတွေ ဖြစ်လာလို့လား’

‘ဖြစ်တော့ မဖြစ်ပါဘူး မေမေရယ်၊ သမီးက အကောင်းဆုံးမဖြစ်မှာဘဲ စိုးရိမ်နေတာ’

‘အကောင်းဆုံးဖြစ်ချင်ရင် အကောင်းဆုံးကြိုးစားလုပ်၊ ဒီလိုလုပ်နေပါလျက်နဲ့ အကောင်းဆုံးဖြစ်မလာရင် အကောင်းဆုံးဖြစ်သွားတဲ့ လူတွေအတွက် ဝမ်းသာပြီး ပျော်ပေးလိုက်’

သမီးက ကျွန်မခါးကို နောက်မှ သိုင်းဖက်ပြီး

‘မေမေ့မှာ စိတ်ကျေနပ်ရလောက်တဲ့ အဖြေ အမြဲတမ်းရှိတယ်နော်၊ ကျေးဇူးပါ မားသား’

‘အေးပါကွယ် လှချင်ရင် စိတ်ကလေး လျှော့ထား ဟုတ်ပြီလား’

သမီးလေးထွက်သွားတော့ ဒီညခင်းလေးမှာပဲ ကြားခဲ့ရသည့် လူငါးယောက်၏ စကားငါးမျိုးအတွက် မိုးမမမှာ စဉ်းစားစရာတွေအများကြီး ရှိလာပါတော့သည်။

တကယ်တမ်းကျတော့ သူတို့ ‘ပူ’ နေတာတွေက ဘာမှလည်း အရေးကြီးတာတွေ မဟုတ်။ ဘဝပျက်ပြီး ဆုံးရှုံးသွားစရာလည်း ဘာတစ်ခုမှ မပါဘူး။ အသက်နဲ့လည်း မရင်းရဘူး။ သိက္ခာနဲ့လည်း မရင်းရဘူး။ စီးပွားရေးလည်း မထိခိုက်ဘူး။ နောက်ပြီး သူတို့တွေးပြီး ပူပန်သလို ဖြစ်လာနိုင်ချေကလည်း ရာခိုင်နှုန်း အလွန်နည်းသည်။

လူ့သဘာဝအရဆိုတော့ ကိုယ်ချစ်တဲ့လူတွေအတွက် စိုးရိမ်စိတ်နှင့် တစ်စုံတစ်ခုသော အဆိုးတွေ ဖြစ်လာမှာ တွေးပြီး ပူကြသည်။ ကိုယ်ရည်မှန်းသလို ဖြစ်မလာမှာ ပူကြသည်။ ဒေါသနှင့်ပူကြသည်၊ လောဘနှင့် ပူကြသည်။ အပူဆိုသည့်မျိုးက ပူနေသမျှ ဘာအကောင်းတွေမှ ဖြစ်မလာဘဲ အဆိုးတွေဖြစ်ပြီး အဆုံးအရှုံးတွေ ဖြစ်လာနိုင်ချေသာ ရှိသည်။ အပူရှိလျှင် ရှုံးသည်။ အပူရှုံးတွေပါလာဟု သံဝေဂ ရမိသည်။

‘မိုးရယ် နင့်ကို ကြည့်လိုက်ရင်လေ အမြဲပြုံးနေ၊ ပျော်နေတာပဲ အပူအပင်ကင်းလို့ ထင်ပါရဲ့’

ကျွန်မ၏ အသွင်အပြင်ကို ကြည့်၍ သူငယ်ချင်းတချို့က ဤသို့ ပြောဖူးသည်။ လူပဲ အပူအပင်ကင်းတယ်ရယ်လို့တော့ ဘယ်ရှိပါ့မလဲ၊ ငယ်ငယ်တုန်းကလည်း ပညာရေးအတွက် ပူပြီး စာတွေဖတ်ခဲ့ရတာပဲ။ ကြိုးစားလိုက်ရတာမှ တင်ပါးတွေ ပူကျိန်းပြီး ဦးနှောက်က မီးခိုးထွက်မတတ် ကျက်လိုက်ရတဲ့စာ။ အရွယ်လေးရလာတော့လည်း ရည်းစားသနာလေးရှိလာတော့ အိမ်က သိပြီး ပြဿနာရှာမှာ ပူလိုက်ရတာ။ အိမ်ထောင်ကျသွားပြန်တော့လည်း မပြည့်စုံတဲ့ဘဝဖြစ်မှာပူလို့ ရုန်းကန်လိုက်ရတာ။ သားသမီးတွေ မွေးလာပြန်တော့လည်း သူတို့ရဲ့ ကျန်းမာရေး၊ ပညာရေးအတွက် ပူပန်ပြီး စောင့်ရှောက်လိုက်၊ ရှာဖွေလိုက်ရတာ။ ဟော-- ခုလို ပြည့်စုံစ ပြုလာတဲ့ အရွယ်ကျပြန်တော့ သက်ကြီးရွယ်အိုမိဘတွေရဲ့ ကျန်းမာရေးကို ပူရပြန်ရော။

လူရယ်လို့ ဖြစ်လာရင် ပူကြရတာ သဘာဝပါပဲ။ ပူရလွန်းလို့ အပူနှင့် နေသားကျလာသလို အပူရှောင်နည်းလေးတွေ ရှာဖွေတတ်လာသည်။ မိုးမမရဲ့ အပူရှောင်နည်းက စိတ်ညစ်လျှင် တရားနာသည်။ စိတ်ပူလျှင် တရားမှတ်သည်။ ဒီနည်းလေး နှစ်နည်းပါပဲ။ ဒီလိုနှင့် ကြာလာတော့ အပူကို မယူဘဲ နေတတ်လာသည်။ ကိုယ်က ယူယူ မယူယူ အပူကတော့ အပူပါပဲ။ သူ့ဟာသူ ပူစရာရှိတာ ပူနေတာ။ ပူခြင်းလည်း မမြဲပါဘူး။ ဒါကြောင့် အမြဲတမ်းတော့ ပူမနေပါဘူး။

ငယ်ငယ်က သိပ္ပံဘာသာရပ်မှာ သင်ကြားဖူးသည်။ အရည်ကို အပူပေးသည်။ ပြီးနောက် အအေးပြန်ခံသည်။ ဒီဖြစ်စဉ်မှာ ရှိနေတာက အပူရှုံးခြင်း၊ အပူမြတ်ခြင်း၊ ဒါလေးပြန်သတိရမိတိုင်း အပူလည်း ကြာကြာမပူနိုင်ပါဘူး။အချိန်တန်တော့ အေးသွားတာပါပဲ ဆိုတာကို ဆင်ခြင်မိလာသည်။ ကြာကြာမပူချင်လျှင် မြန်မြန်အေးအောင် လုပ်ဖို့ရာသာ ရှိသည်။

စိတ်ပူလျှင် ရုပ်ပူတတ်တယ်ဆိုတာ မိုးမမ ကြားဖူးပါသည်။ အပူဓာတ်ဟာ ရင့်ရော်မှုကို အားပေးထောက်ပံ့သည်မို့ အလှကြိုက်ပြီး လှချင်တဲ့ မိုးမမတစ်ယောက်ကတော့ဖြင့် ဘယ်အပူကိုမှ ကြာကြာမယူ၊ မြန်မြန်ဖြေရှင်း ကျော်လွှားလိုက်သည်။ အသက်အတွက်၊ ဘဝအတွက်၊ သိက္ခာအတွက် ပျက်စီးဆုံးရှုံးစရာ မဟုတ်သ၍ အပူဟုပင် မသတ်မှတ်ချင်တော့ပါ။

သူမ၏မိခင် ဒေါ်နှင်းသဇင် ပူသလိုမျိုး၊ သူမ၏ခင်ပွန်း ဦးအောင်သူ ပူသလိုမျိုး၊ သူမ၏ညီမ ဖြိုးပပ ပူသလိုမျိုး၊ သူမ၏သမီး ခင်သစ္စာ ပူသလိုမျိုး၊ သူမ၏ G.M ဒေါ်ခင်ဝင်းတင့် ပူသလိုမျိုး အပူတွေဟာ ပူစရာ မဟုတ်တာကို ကြံဖန်ပူနေကြတာမို့ အပူမရှိတဲ့နေရာမှာ အပူရှာပြီး ရှုံးအောင်လုပ်နေကြတာလို့ ခံစားမိသည်။ မိုးမမကတော့ တကယ့်အပူအစစ်ရှိနေလျှင်တောင် အမြတ်ထွက်အောင်သာ လုပ်မည့်သူ။

အိမ်သားတွေကို ကြည့်ပြီး အပူမကူးလိုသည့် မိုးမမ တစ်ယောက် ငြိမ်ငြိမ်လေးထိုင်ပြီး လေကို ဖြည်းဖြည်းညင်ညင်သာသာ ရှူသွင်းလိုက်သည်။ အအေးဓာတ်လေး နှာခေါင်းတွင်း တိုးဝင်လာသည်။ ထို့နောက် လေကို အသာထုတ်လိုက်သည်။ အပူဓာတ်က နှာသီးဖျားကို တိုးကာ ဝေ့ကာ ထွက်သွားသည်။အအေးဓာတ်လေး ရှူကာ ယူလိုက် အပူဓာတ်တွေ မှုတ်ထုတ်လိုက် လုပ်နေစဉ်မှာပဲ---

‘ဘွားဘွားရေ--သား ပြန်ရောက်ပြီနော်’

အိမ်ရှေ့မှ သားဖြစ်သူ သီဟသူ၏ အော်သံနှင့်အတူ တံခါးပြန်ပိတ်သံပါ ကြားလိုက်ရသည်။

‘အေးဟော့--နင်ပြန်ရောက်မှပဲ ငါ့ရင်ထဲက အပူလုံးကြီးလည်း ကျသွားတော့တယ်’

ဘုရားခန်းထဲမှ ဒေါ်နှင်းသဇင်၏ အသံကိုပါ ကြားလိုက်ရသည်။ အော် သူမ၏ မေမေတစ်ယောက် အပူတွေ ပျောက်သွား၊ ပျက်သွားပြီပဲ။ တကယ့်စင်စစ်မှာတော့ ဘယ်အရာမှ မမြဲသော သဘောဆောင်တဲ့ လောကကြီးမှာ အပူတွေဟာလည်း ကြာကြာမပူနိုင်၊ မမြဲနိုင်ပါဘူးလေ။

## သံဃပဝါရဏာပွဲသဘင် ဆင်ယင်ပွဲနှင့် သိမ်ဆင်းလောင်းလှူပွဲ ကျင်းပမည်

**စဉ့်ကိုင် အောက်တိုဘာ ၆**

မန္တလေး၊ စဉ့်ကိုင်မြို့နယ်၊ ညောင်ပင်ကြီးကျေးရွာအုပ်စု၊ ထန်းသုံးပင်ရွာရှိ အရိယဝံသ မိုးကုတ်ဝိပဿနာမဂ္ဂင်ဓမ္မရိပ်သာမှ ကြီးမှူး၍ သံဃပဝါရဏာပွဲသဘင် ဆင်ယင်ပွဲနှင့် သိမ်ဆင်းလောင်းလှူပွဲ အခမ်းအနားကို ၁၃၈၆ခုနှစ်၊ သီတင်းကျွတ်လပြည့်(အဘိဓမ္မာနေ့)တွင် အဆိုပါ ရိပ်သာရှိ ဝိသုံဂါမသိမ်တော်မင်္ဂလာကြီး၌ နံနက် ၁၀နာရီတွင် ကျင်းပမည်ဖြစ်ကြောင်း ရိပ်သာ ဥက္ကဋ္ဌဦးမောင်ထွေး(နေဖွန်ဝမ်းစတားတာယာရောင်းဝယ်ရေး) ထံက သိရသည်။

အဆိုပါ အခမ်းအနားကို အရိယဝံသ မိုးကုတ်ဝိပဿနာမဂ္ဂင်ဓမ္မရိပ်သာဆရာတော်နှင့် ညောင်ပင်ကြီးဆရာတော်တို့၏ သြဝါဒလမ်းညွှန်မှုဖြင့် ကျင်းပမည်ဖြစ်ပြီး သံဃပဝါရဏာပွဲသဘင် ဆင်ယင်ပွဲနှင့်သိမ်ဆင်းလောင်းလှူပွဲတွင် စဉ့်ကိုင်မြို့နယ် ညောင်ပင်ကြီးကျေးရွာ၊ သပြေရိုးကျေးရွာ၊ ရွာဟောင်းကုန်းကျေးရွာ၊ တအုံကျေးရွာအုပ်စုနှင့် အရိယဝံသ မိုးကုတ်ဝိပဿနာမဂ္ဂင်ဓမ္မရိပ်သာ အနီးပတ်ဝန်းကျင်ကျေးရွာများရှိ ဘုန်းတော်ကြီးကျောင်းတိုက်များမှ ဆရာတော်၊ သံဃာတော်အရှင်သူမြတ်အပါး၁၉၀တို့အား ပင့်ဖိတ်၍ ဆွမ်းဆက်ကပ်ကာ နဝကမ္မအလှူတော်ငွေနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လောင်းလှူမည်ဖြစ်သည်။

ယခုနှစ်တွင်ကျင်းပမည့် သံဃပဝါရဏာပွဲသဘင် ဆင်ယင်ပွဲနှင့် သိမ်ဆင်းလောင်းလှူကြမည့် ဆရာတော်၏ တပည့်ဒါယကာ၊ တပည့်ဒါယိကာမများ၊ အလှူရှင်များ၊ ကိုယ်တိုင်ကိုယ်ကျ ပါဝင်လောင်းလှူလိုကြသော အလှူရှင်အသီးသီးတို့အနေဖြင့် ရိပ်သာအကျိုးတော်ဆောင်အဖွဲ့ထံ အခမ်းအနား မကျင်းပမီ တစ်ရက်အလိုသီတင်းကျွတ်လဆန်း ၁၄ရက်နောက်ဆုံးထားပြီး စာရင်းပေးဆက်သွယ်ဆောင်ရွက်ကြပါရန် အခမ်းအနားကျင်းပရေး ကော်မတီမှ နိုးဆော်တိုက်တွန်းထားကြောင်း သိရသည်။

(၀၅၃)

## ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေး Talk Show ကျင်းပ

**မန္တလေး အောက်တိုဘာ ၆**

မန္တလေးတိုင်းဒေသကြီး၊မဟာအောင်မြေမြို့နယ်၌ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေး Talk Show ကို Community Centre ခန်းမ၌အောက်တိုဘာ နံနက်ပိုင်းက ကျင်းပခဲ့သည်။

**(အောက်ပုံ)**

အဆိုပါ အသိပညာပေးနှင့် ပတ်သက်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးညီဝင်းသူက အစိမ်းရောင်စီးပွားရေး Green Economy နှင့်ပတ်သက်၍ ဆွေးနွေးမေးမြန်းရာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးထွန်းထွန်းနိုင်က ပြောကြားရာတွင် အစိမ်းရောင်စီးပွားရေးဆိုတာကတော့ သဘာဝ ပတ်ဝန်းကျင်ထိခိုက် ပျက်စီးမှုများကို အတတ်နိုင်ဆုံးလျှော့ချပြီး လူသားတို့၏ လူနေမှုဘဝကို အချိုးညီညီ ဖွံ့ဖြိုးတိုးတက်မှုရရှိအောင် ဆောင်ရွက်တဲ့ စီးပွားရေးဖြစ်ကြောင်း၊ အစိမ်းရောင်စီးပွားရေးဆိုတာ တိုးတက်ပြောင်းလဲလာသော လူမှုဘဝတွေနဲ့ ဒီကျွန်တော်တို့ လူသားတွေ တစ်ဆင့်တစ်ဆင့် တိုးတက်လာတာနဲ့အမျှ ယိုယွင်းပျက်စီးလာတဲ့ သဘာဝပတ်ဝန်းကျင်အန္တရာယ်များနှင့် ဂေဟစနစ်ရှုံးပါးမှု၊ ဇီဝမျိုးစုံမျိုးကွဲ ဗေဒရှုံးပါးမှုတို့ကို ထိန်းညှိပေးတဲ့ စီးပွားရေး ဖြစ်သည့်အပြင် သဘာဝပတ်ဝန်းကျင်ကို မပျက်စီးစေဘဲ ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုရရှိစေသော စီးပွားရေးဖြစ်ကြောင်း၊ အစိမ်းရောင်စီးပွားရေးလုပ်ငန်းများကတော့ နေ၊လေ၊ရေစသည့် ပြန်လည် ပြည့်ဖြိုးမြဲစွမ်းအင်များနှင့် သဘာဝအရင်းအမြစ်များကို အကျိုးရှိစွာ အသုံးချခြင်းအားဖြင့် လူသားများအတွက် အလုပ်အကိုင် အခွင့်အလမ်းများရရှိရေး၊ စားနပ်ရိက္ခာဖူလုံရေး၊ ကျန်းမာရေးနှင့် လူမှုအဆင့်အတန်းများကို တိုးတက်လာစေရန်အတွက် ဆောင်ရွက်သည့် လုပ်ငန်းများဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင်လည်း အစိမ်းရောင်စီးပွားရေး၊ အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်မှုဖိုရမ်ကို ၂၀၁၁ခုနှစ်မှ စတင်၍ ၂၀၂၀ခုနှစ်အထိ (၆)ကြိမ်တိုင်တိုင် ကျင်းပပြုလုပ်နိုင်ခြင်း၊ အစိမ်းရောင်စီးပွားရေးဆိုင်ရာ အသိပညာ၊ နည်းပညာများကို မူဝါဒချမှတ်သူများ၊ အကောင်အထည်ဖော်သူများ စီမံခန့်ခွဲသူများ၊ စီးပွားရေးလုပ်ငန်းရှင်များအား ပိုမိုနားလည် သဘောပေါက်လာစေရန် လှုံ့ဆော်ဆောင်ရွက်ခြင်းများ ဆောင်ရွက်နိုင်ခဲ့ကြောင်း စသည်များ ပြောကြားခဲ့ကြောင်း သိရသည်။

(၀၅၆)







## ပြည်သူ့ဆေးရုံတွင် နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား ကျန်းမာရေးစစ်ဆေးပေးပြီး ဆေးကုသမှုများဆောင်ရွက်ပေး

**သရက် အောက်တိုဘာ ၆**

မကွေးတိုင်းဒေသကြီး သရက်မြို့နယ်အတွင်းရှိ ခရိုင်ကုသရေးဦးစီးဌာနမှ ကြီးမှူး၍ မြို့နယ်အတွင်းရှိ နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား သွေးတိုးရောဂါ၊ သွေးချိုဆီးချိုရောဂါ၊ နှလုံးရောဂါများအား အခမဲ့စစ်ဆေးပေးခြင်း ဆေးကုသပေးခြင်းကို အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း စစ်ဆေးပေးလျက်ရှိရာ ယမန်နေ့ နံနက် ၉နာရီက ခရိုင်ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ကျန်းမာရေးစစ်ဆေးရန် လာရောက်သည့် ဝန်ထမ်းအငြိမ်းစားများအား ခရိုင်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး၏ ကြီးကြပ်မှုဖြင့် လက်ထောက်ဆရာဝန်များ၊ သူနာပြုဆရာမများက သွေးပေါင်ချိန်တိုင်းတာပေးခြင်း၊ သွေးချို၊ ဆီးချိုရောဂါစစ်ဆေးပေးခြင်း၊ECG စစ်ဆေးခြင်းများဆောင်ရွက်ပေးပြီး လိုအပ်သည့် ဆေးဝါးများကို အခမဲ့ စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

**စော်ဝမ်းထွန်း(အောင်လံ)**



ဖတ်စရာ၊ မှတ်စရာ
စုံလင်
မန္တလေး နေ့စဉ်

## ဖန်တီးမှု အနုပညာ

\- - - - - - -

* သစ်သားတုံးကြီး
အသုံးမဝင်
အမြင်မလှ
ကြည့်ရရုပ်ဆိုး
တန်ဖိုးမဲ့ကင်း
ထင်းဖြစ်တော့မှာ ။

* ပန်းပုဆရာ
ပညာ စက္ခု
မျှော်ထောက်ရှုမြင်
လက်မှု စွမ်းအား၊
စူး၊ ဆောက်၊ ဓားသုံး
သစ်သားတုံးခွင်း
ပုံစံသွင်းပြီး
ထွင်းထု လိုက်တဲ့အခါ ။

* အို
အလို
ရင်သပ်ရှုမော
အံ့သြစရာ ကြည့်စမ်းပါဦး
ခန္ဓာနွဲ့နှောင်း
သွဲ့ပြောင်းကိုယ်ဟန်
သဏ္ဌာန်ကျော့ရှင်း
ခြောက်ပစ်ကင်းတဲ့
ယမင်းရုပ်လေး ဖြစ်ပေါ်လာ။ ။

ချမ်းမြေ့မိုး(မန္တလေး)

## သတင်းပဒေသာ

### အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး (မွမ်းမံ)သင်တန်းဆင်းပွဲ ကျင်းပ

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လင်းခေးခရိုင်၊ မိုင်းပန်မြို့နယ်အတွင်းရှိ ဒေသခံပြည်သူများ သဘာဝဘေးအန္တရာယ် ကျရောက်လာပါက ကြိုတင်ပြင်ဆင်ရေး၊ ရှာဖွေကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးအတွက် မြို့နယ်မီးသတ်ဦးစီးဌာနမှ ဖွင့်လှစ်သည့် အရန်မီးသတ်တပ်ဖွဲ့ဝင်များလေ့ကျင့်ရေး (မွမ်းမံ)သင်တန်းကို သင်တန်းသား ၅၀ဦးဖြင့် စက်တင်ဘာ ၉ ရက်မှ စတင်ဖွင့်လှစ်ခဲ့ပြီး သင်တန်းဆင်းပွဲ အခမ်းအနားကို မြို့နယ်မီးသတ်ဦးစီးမှူးရုံး၌ အောက်တိုဘာ ၄ရက် နံနက် ၈ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

### လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ဆက်လက်ကောက်ယူ

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ နမ့်စန်ခရိုင်၊ မိုးနဲမြို့နယ်၌ သန်းခေါင်စာရင်းကောက်ယူရေးကော်မတီ၏ ကြီးကြပ်မှုဖြင့် ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း မြို့နယ်အဆင့် စာရင်းစစ်၊ စာရင်းကောက်များသည် ယမန်နေ့ ညနေပိုင်းက ဥယျာဉ်ရပ်ကွက်အတွင်းရှိ နေအိမ်များသို့ ဆက်လက်စာရင်းကောက်ယူလျက်ရှိကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)

### သန်းခေါင်စာရင်း စတုတ္ထရက် ကွင်းဆင်းကောက်ယူ

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးခရိုင်၊ ကျောက်တလုံးကြီးမြို့တွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် ၂၀၂၄ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို မြို့နယ်အဆင့်စာရင်းစစ်၊ စာရင်းကောက်များက စတုတ္ထရက် ကွင်းဆင်းကောက်ယူခြင်းကို ယမန်နေ့ နံနက်ပိုင်းက ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)

### ကာကွယ်ဆေးထိုးနှံပေးခြင်းလုပ်ငန်း ဆောင်ရွက်

စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္တီးမြို့၊ မိခင်နှင့်ကလေးကျန်းမာရေးဌာနတွင် ယမန်နေ့ နံနက် ၉နာရီမှစ၍ ကလေးငယ်များအား လစဉ် ပုံမှန်ကာကွယ်ဆေးထိုးနှံပေးခြင်းလုပ်ငန်းကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)

### မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေး ပြုလုပ်

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးခရိုင်၊ ရပ်စောက်မြို့နယ်တွင် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးကို ယမန်နေ့ နံနက် ၉နာရီခွဲက မြို့နယ်လူမှုဝန်ထမ်းဦးစီးဌာန မူလတန်းကြိုကျောင်း၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

### ရေဘေးသင့်ပြည်သူများအား ဆေးကုသခြင်းနှင့် ကျန်းမာရေးအသိပညာပေး

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့နယ်တွင် ရေဘေးသင့်ပြည်သူများအား အထူးကုဆရာဝန်ကြီးက ကွင်းဆင်း ဆေးကုသခြင်းနှင့် ကျန်းမာရေးအသိပညာပေးခြင်းလုပ်ငန်းများကို ယမန်နေ့ နံနက်ပိုင်းက ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

### စုဆောင်းငွေအပေါ် အတိုးများထုတ်ပေးလျက်ရှိ

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လင်းခေးခရိုင်၊ မောက်မယ်မြို့နယ် "ငွေလမင်း" အစိုးရဝန်ထမ်းပေါင်းစုံ ငွေစုငွေချေးသမဝါယမအသင်းလီမိတက်၏ ၂၀၂၄ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ ခြောက်လအတွက် ဝန်ထမ်းများမှ စုဆောင်းငွေအပေါ် အတိုးများ ထုတ်ပေးခြင်းကို ယမန်နေ့ နံနက် ၁၀နာရီက မြို့နယ်သမဝါယမဦးစီးဌာနရုံးခန်းမ၌ ထုတ်ပေးလျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## သံဃာ့ဆေးရုံကြီးသို့ အလှူငွေ လှူဒါန်း

**မန္တလေး အောက်တိုဘာ ၆**

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကန်တော်ကြီး၊ ကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ မန္တလေး၊ ၄၂လမ်း၊ ရဲမွန်တောင်ရပ်နေ ဖခင် ဦးထွန်းလှအောင် + မိခင် ဒေါ်အေးမြင့်ချိုတို့အား ရည်စူး၍ သမီး မတင်ဇာထွန်း "အောင် စက်သုံးဆီ ရောင်းဝယ်ရေး"မိသားစုမှ ဆွမ်းငွေကျပ်လေးသိန်းနှင့် အောက်စီဂျင်စက်တစ်လုံးတို့အား ယမန်နေ့က လှူဒါန်းရာ ဆွမ်းကွမ်းဝေယျာဝစ္စဆပ်ကော်မတီအဖွဲ့ဝင် ဦးဝင်းမြင့်နှင့် ရုံးအဖွဲ့မှူး ဦးသန့်ဇင်တို့မှ လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်း ပြန်လည်ပေးအပ်သည်။ အလှူရှင်များ လှူဒါန်းလိုပါက ၀၉-၄၀၂ ၆၂၆၃၂၄ သို့ တိုက်ရိုက်ဆက်သွယ်၍ လှူဒါန်းနိုင်ကြောင်း သိရသည်။

(အောက်ပုံ)(ကဆ)



## ဝန်ထမ်းမိသားစုများ စုပေါင်း၍ ဘုံဆွမ်းလောင်းလှူ

**မန္တလေး အောက်တိုဘာ ၆**

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ၊ မဟာမြိုင် စည်ပင်ဝန်ထမ်းအိမ်ရာ ၃၆လမ်း၊ ၆၈လမ်းနှင့် လမ်း၇၀ကြားတွင် နေထိုင်သည့်ဝန်ထမ်းမိသားစုများမှ စုပေါင်း၍ အပတ်စဉ် တနင်္ဂနွေနေ့တိုင်း လေးပြင်လေးရပ်မှ ကြွရောက်အလှူခံတော်မူကြသော ဆရာတော်၊ သံဃာတော်များအား ဘုံဆွမ်းလောင်းလှူ ကုသိုလ်ပြုကြသည်။

ဘုံဆွမ်းလောင်းလှူရာတွင် ဝန်ထမ်းမိသားစုဝင်များက လေးပြင်လေးရပ်မှ ကြွရောက်တော်မူကြသော ဆရာတော်၊ သံဃာတော်များအား ယနေ့နံနက်ပိုင်းက (၉၉)ကြိမ်မြောက်အဖြစ် ဆွမ်း၊ ကြက်သားချက်၊ ပဲတီချဉ်သုပ်တို့ကို ၃၆လမ်းနှင့် ၆၉လမ်း ထောင့်တွင် ပြင်ဆင်၍ ကြွရောက်လာကြသော ဆရာတော်၊ သံဃာတော် ၂၅၀ကျော်တို့အား နံနက် ၅ နာရီခွဲမှ စတင်လောင်းလှူကြည်ညိုခဲ့ကြပြီး အပတ်စဉ် တနင်္ဂနွေနေ့တိုင်း ဆက်လက်လောင်းလှူကြမည်ဖြစ်၍ လေးပြင်လေးရပ်မှ ဆရာတော်၊ သံဃာတော်များအား ကြွရောက်အလှူခံနိုင်ပါရန် ပင့်ဖိတ်ထားကြောင်း သိရသည်။

(ယာပုံ)

(မန္တလေးနေ့စဉ်-၃)



## ရေဘေးသင့်ပြည်သူများအတွက် အဝတ်အထည်နှင့်ငွေများ လှူဒါန်း

**မန္တလေး အောက်တိုဘာ ၆**

မန္တလေး၊ တောင်စလင်းတိုက်သစ်၊ ဘာဝနာဌာန၊ နယ်စပ်-တောင်တန်းဒေသနှင့် ကမ်းရိုးတန်းဒေသဆရာတော်၊ ဗုဒ္ဓဘာသာ သာသနာပြန့်ပွားရေးအသင်း ပဓာနနာယကဆရာတော် ဘဒ္ဒန္တ တိက္ခ၊ အဘိဓဇ မဟာရဋ္ဌဂုရု ဦးဆောင်သည့် ဗုဒ္ဓဘာသာ သာသနာပြန့်ပွားရေးအသင်း ရေဘေးသင့်ပြည်သူတို့အတွက် အလှူရှင် Star Zumba Class (ဂျွန်းဘားအဖွဲ့)က စပို့ရှပ်အင်္ကျီ ငါးထည်နှင့် ပုဆိုးအထည်ငါးဆယ်ကိုလည်းကောင်း၊ အလှူရှင် ဦးတင်ခိုင် + ဒေါ်ဥမ္မာအေး မိသားစု ပုသိမ်ကြီးမြို့ (သီဟိုဆန်ရောင်းဝယ်ရေး)တို့က ငွေကျပ်ငါးသိန်းကို ယမန်နေ့က အသီးသီး လှူဒါန်းကုသိုလ်ပြုရာ ဗုဒ္ဓဘာသာ သာသနာပြန့်ပွားရေးအသင်းရုံး(မန္တလေး) ဥက္ကဋ္ဌကိုယ်စား ရုံးအဖွဲ့ ဒေါ်နွယ်နီက လက်ခံရယူ၍ ကျေးဇူးတင်စကားပြောကြားပြီး ဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည်ပေးအပ်ကြောင်း သိရသည်။ ၎င်းအဝတ်အထည်ကို ကျောက်ဆည်ရေဘေးနှင့် ကျောက်ဆည်မြို့ မဟာဂန္ဓာရုံ ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တပဏ္ဍိတ ကျောင်းတိုက်အတွက် ဝတ္ထုငွေအဖြစ် ပေးလှူကြသည်ဟု သိရသည်။

(အပေါ်ပုံ)(ကဆ)



## (၁၉၄)ကြိမ်မြောက် ဆွမ်းလောင်းလှူပွဲ ကျင်းပ

**မန္တလေး အောက်တိုဘာ ၆**

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးမျက်မှန်ရပ်ကွက်၊ အကွက်(၈၀၆)၊ မြေပဒေသာလမ်းသွယ်ရှိ ဆုံစည်းရာ အရဏ်ဆွမ်းကပ်နှင့် ဆွမ်းလောင်းအသင်း၏ (၁၉၄)ကြိမ်မြောက် ဆွမ်းလောင်းလှူပွဲကို ယမန်နေ့နံနက် ၅ နာရီက လမ်း၆၀ နှင့်၂၈(B) လမ်းထောင့်ရှိ အခိုပါအသင်းရုံးရှေ့၌ ကျင်းပရာ လေးပြင်လေးရပ်မှ ဆွမ်းခံကြွရောက်လာကြသည့် သံဃာတော်များအား အသင်းဥက္ကဋ္ဌ ဦးအေးဆောင်၊ အတွင်းရေးမှူး ဦးမောင်မောင်လွင်နှင့် အသင်းဝင် လူငယ်မောင်မယ်များက အရဏ်ဆွမ်း ကြာဆံကြော်၊ ဆွမ်းနှင့်ဆွမ်းဟင်းများ၊ လှူဖွယ်ပစ္စည်းများဖြင့် ဆက်ကပ်လောင်းလှူခဲ့ကြသည်။

(၁၉၄)ကြိမ်မြောက် ဆွမ်းလောင်းလှူနိုင်ရေးအတွက် ဆရာမကြီး ဒေါ်နှင်းနှင်းမော်၊ (ညီမ) ဆရာမကြီး ဒေါ်နုနုရီ(CAE) ပညာရေးမိသားစု၊ ကိုလှိုင်မြင့် (စတီးဆိုင် ၂၆လမ်း)မိသားစု၊ ဒေါ်မမ(ပတ္တမြားသုခ)မိသားစု၊ တိုးတက်ကုန်မာဆိုင်နှင့် အောင်မြန်မာလျှပ်စစ်မိသားစု၊ ဦးတင်ထွန်း + ဒေါ်ခင်ဝင်းကြည်(ရွှေဖားလေးခြံ)မိသားစု၊ ပွင့်ဖူး(သွားနှင့်ခံတွင်းဆေးခန်း)မိသားစု၊ ရှမ်းဌာနေ စားသောက်ဆိုင်မိသားစု၊ ဖခင်ကြီးဦးကိုးအောင် + မိခင်ကြီး ဒေါ်ဝင်းဝင်းမြင့်တို့အား ရည်စူး၍ မသီတာအောင်နှင့် သားတပည့်များ၊ မိခင်ကြီး ဒေါ်ခင်အေးအား ရည်စူး၍ မဆွေ(အိမ်ခြံမြေအကျိုးဆောင်)မိသားစု၊ ဦးသက်မြတ်သူ + ဒေါ်မျိုးမျိုးအေး(မန်းစည်ပင်)မိသားစုတို့က မ,တည်လှူဒါန်းခဲ့ကြသည်။

ဆုံစည်းရာဆွမ်းလောင်းအသင်းကြီးသည် လစဉ် မြန်မာလဆန်း ၃ ရက်နေ့တိုင်း ဆွမ်းလောင်းလှူသွားမည်ဖြစ်ရာ အလှူရှင်များအနေဖြင့် ပါဝင်လှူဒါန်းနိုင်ကြောင်း သိရသည်။

(ဝဲပုံ)

(မန္တလေးနေ့စဉ်-၁)



# တမန်တော် ငှက်ခါးလေး




ဟိုး--- လွန်ခဲ့တဲ့နှစ်(၅၀) အချိန်ကာလ ၂၇နှစ်အရွယ် ကျွန်မချစ်ဦးသူနဲ့ လက်ထပ်ပြီး ယောင်နောက် ဆံထုံးပါ မိဘမေတ္တာရိပ်မှ ခွဲခွာ၍ အိမ်ဦးနတ်တာဝန် ထမ်းဆောင်ရာ ဓာတ်မြေဩဇာစက်ရုံ စလေမြို့သို့ လိုက်ပါသွားရချိန် ပထမဦးဆုံးအကြိမ် မိဘများနှင့်ခွဲခွာရချိန် ချစ်ဖခင်ထံမှ ပထမဦးဆုံး စာလွှာလေး ကျွန်မထံ ရောက်ရှိလာသည်။

သို့

'သားနှင့်သမီး---တဲ့။ 'သမီးနှင့်သား' ဟူ၍ အဖေမရေးခဲ့ပါ။ သားပမာသဘောထား ဦးစားပေး ရေးထားသည်။ သမီးအမေကလေ သမီးတို့စီးသွားတဲ့ကားလေး ထွက်သွားတာကို မျက်စိတစ်ဆုံးလိုက်ပြီး ထွက်ကြည့်နေတာ။ ကျုံးလမ်းပေါ် ကားကွေ့သွားပြီး မမြင်ရတော့မှ သက်ပြင်းကြီးချပြီး အိမ်ထဲပြန်ဝင်လာတယ်။ အိမ်ထဲရောက်တော့ ထိုင်လိုက်၊ ထလိုက်နဲ့လေ။ အိမ်နောက်ဝင်တော့လည်း ရေအိမ်တက်ချင်တာမဟုတ်။ ခဏခဏ အိမ်ရှေ့ထွက်တော့လည်း ရေသောက်ချင်တာမဟုတ်။ ရေကိုသွန်လိုက်၊ သောက်လိုက် မကြာခဏလုပ်ပြီး ဂနာမငြိမ် ဖြစ်နေတယ်။

သူ့ရင်ထဲ အလွန်အင်မတန် ပူလောင်နေလို့များ အေးလိုအေးငြား ရေခဏခဏ သောက်နေသလား မဆိုနိုင်ဘူး သမီးရဲ့ သမီးအမေ ကြည့်ရတာ ဘာနဲ့တူနေသလဲဆိုရင် ဘဲဥတွေ ဝပ်ပေးရတဲ့ ကြက်သားအုပ်မကြီးအတိုင်းပဲ သမီးရေ။ ဥခွံထဲက ထွက်လာကာစ သူ့ရင်သွေးပမာ ကြက်ကလေးထင်ပြီး မခွဲမခွာပေါ့။ အတောင်လေးတွေစုံလာရင်ပဲ 'ဘဲ သဘာဝ' ရေထဲဆင်းပျော်ကြတော့ ကြက်မကြီးခမျာ ကမ်းစပ်ပေါ်မှာ တကွပ်ကွပ်နဲ့ အော်ခေါ်ရင်း တောင်ပြေး မြောက်ပြေးနဲ့ အစိုးရိမ်လွန် ယောက်ယက်ခတ်နေသလိုမျိုးပေါ့။ သူကိုယ်တိုင်လည်း ရေထဲဆင်း မလိုက်နိုင်။ သူ့ရင်သွေး ကြက်ကလေးတွေအမှတ်နဲ့ ရေနစ်မှာစိုးရိမ်ပူပန်ပြီး သောကတွေနဲ့ ယောက်ယက်ခတ် ဗျာများပြီး ပြေးလွှားနေသလိုမျိုးပေါ့။

'ညညလည်း ကောင်းကောင်း မအိပ်ဘူး။ နေ့ခင်းဘက်လည်း မျက်နှာမကောင်းဘူး။ သမီးကို သူသိပ်လွမ်းနေရှာတယ်။ သမီးအမေကလေ 'စာပို့သမား'မြင်တာနဲ့ 'ရေတွေ့တဲ့ ကြာများလို' လန်းဆန်းပြုံးပျော်သွားတာများ ငါ့သမီး မြင်စမ်းစေချင်တယ်။ အိမ်ဆည်းလည်းလေး သမီးက မိသားစုနဲ့ မခွဲစဖူး ပထမဆုံး ခွဲသွားတဲ့ သမီးဦးမို့ သူမခံစားနိုင်ရှာဘူး။ သမီးကို သိပ်လွမ်းနေတတ်တာမို့ ငါ့သမီးက တစ်လကို အနည်းဆုံး စာနှစ်စောင်လောက် ပုံမှန်ရေးထည့်နော်။ အဲဒါမှ သမီးအမေ စားဝင်အိပ်ပျော်ပြီး သမီးကိုလွမ်းတဲ့ ဝေဒနာ သက်သာမှာ။ သမီးတို့ ကျန်းမာပျော်ရွှင်စွာ ရှိနေတာသိရမှ သူစိတ်ချမ်းသာမှာ' တဲ့လေ။

သမီးစာကို အားလုံးစောင့်မျှော်နေကြတယ်တဲ့။

ဝါကျင်ဟောင်းနွမ်း လွမ်းမျက်ရည်တွေ စွန်းထင်းနေတဲ့ အဖေရဲ့ လှပသေသပ်သော နှစ်ငါးဆယ်က လက်ရေးလေးတွေနဲ့ စာကိုဖတ်ရင်း ကျွန်မမျက်ရည်တွေ ပိုးပိုးပေါက်ပေါက် ကျရောက်ကာ စာရွက်ပေါ်က မင်တွေ မျက်ရည်စီးကြောင်းမှာ ပျက်ပြယ်ဝေဝါးသွားတော့သည်။ အဖေကတော့ အိမ်နောက်မှာ သမီးစိုက်ထားခဲ့တဲ့ ရှားစောင်းလက်ပပ်ပင်လေးတွေ မိုးရေဝပြီး စိမ်းမြနေတာ ကြည့်ပြီး သမီးကို အမြဲသတိရနေတယ်။ အဖေ ဒီစာရေးနေတုန်း သမီးအဘွားကလည်း သမီးကို သတိရနေတာ ထည့်ရေးပေးပါလို့ လာပြောနေတယ်။ သမီးကို အဖေ အထူးမှာချင်တာကတော့ တစ်လကို စာနှစ်စောင် ပုံမှန်ရေးထည့်ပါတဲ့။

ကျွန်မ ချစ်ဖခင် ဦးချစ်လှိုင်က နန်းတော်ရှေ့ နယ်လုံးဆိုင်ရာ စာကြည့်သင်းကြီး၏ အတွင်းရေးမှူး ဥက္ကဋ္ဌတာဝန်များ ထမ်းဆောင်ခဲ့သူ စာဖတ်နာသူ ပီပီ ဥပမာ ဥပမေယျတွေနှိုင်းပြီး အမေ့မေတ္တာတွေ သိစေခဲ့သည်။ နှစ်ဖက်မိဘ အဘိုးအဘွား အဒေါ် အပျိုကြီးများ၏ အချစ်ပို အလိုလိုက်ခြင်းခံရသော သမီးဦး၊ မြေးဦးဖြစ်သော ကျွန်မကို ရှစ်နှစ်သမီးအရွယ်မှာ အဖေ့ဘက်က အဘွားက ရေချိုးခေါင်းလျှော်ပေးသည်။ ရှည်လျားသည့် ဆံနွယ်တွေ သွေ့ခြောက်ချိန်မှာ အမေ့ဘက်က အဘွားက အုန်းဆီလိမ်းကာ ကျစ်ဆံမြီးကျစ်ပေးသည်။ အဒေါ်အပျိုကြီးများက ဖန်ပန်းကန်လုံးအပြည့် သနပ်ခါးသွေးကာ လိမ်းပေးကြမြဲ။ အသက် ၂၇နှစ်အရွယ် လက်ထပ်ချိန်အထိ အားလုံးက ကျွန်မကို ပီဘိကလေးတစ်ယောက်ပမာ စိုးရိမ်ပူပန် စိတ်မချဖြစ်နေကြမြဲပင်။

ထိုအချိန်က ကျွန်မတို့ တစ်ရပ်လုံးတွင် ဗိုလ်မှူးဖေသန်း အိမ်တစ်အိမ်မှာသာရှိသော ဖုန်းနံပါတ်ကို အရေးကြုံက အမြန်ဆက်သွယ်နိုင်ရန် အဖေက အမေ့မလျော့ ထည့်ရေးပေးထားသည်။ ထိုခေတ်ထိုအချိန်က ပြည်သူလူထု ဆက်သွယ်ရေးစနစ်အဖြစ် စာတိုက်နှင့်စာပို့လုပ်သားကိုသာ အားထားကြရသည်။ 'ငါးပြားတန် အပြာရောင် ငှက်ခါးလေးဒီဇိုင်း' ပါသည့် တံဆိပ်ခေါင်းလေး စာအိတ်မှာကပ်၍ စာတိုက်ပုံးအနီရောင်လေးထဲ ထည့်လိုက်ရုံဖြင့် စလေ-မန္တလေး မိုင်နှစ်ရာခန့်ခရီး ဝန်ဆောင်ခပြီးစေသည်။ အဘယ်မျှ လွယ်ကူချောမွေ့ သက်သာလိုက်ပါသနည်း။ အလွန်အင်မတန် ကျေးဇူးအထူးတင်ရသည့် စာတိုက်ကြီးနှင့်စာပို့လုလင်တို့အား အားကိုးအားထားပြုခဲ့ကြရသည်။

နေ့ကျောင်းပိတ်ရက်ဆိုလျှင် ကျွန်မထံသို့ စာသုံးလေးစောင် တစ်ပြိုင်တည်းရောက်ရှိလာတတ်ရာ 'အဖေက ငါ့သမီးစာတွေက များလှချည်လား၊ အဖေ ဖတ်ကြည့်လို့ ရမလား' ဟု စိတ်မချဟန် သမီးထံ ခွင့်တောင်းပြီးမှ ဖတ်ကြည့်လေ့ရှိသည်မှာ ကြည်နူးစရာကောင်းလှသည်။ မိဘအုပ်ထိန်းသူမပါဘဲ သွားလာခွင့်မရှိသည့် အပျိုစင်များ ခေတ်မှာ ကျွန်မတို့ အမျိုးသမီးကျောင်းတော်သူအချင်းချင်း အလွမ်းသယ်ကြကာ သတိရကြောင်း၊ လွမ်းရကြောင်း မောင်ပန်းမွေး၏ သုံးကြောင်းကဗျာပါ ပို့စကတ်လေးတွေထည့်ကြ၊ စာတွေထည့်ကြ၊ ဆေးရောင်စုံခရစ်စမတ်ကတ်လှလှလေးတွေအား တမန်တော် ငှက်ခါးလေးက ကူညီပို့ဆောင်ပေးခဲ့သည်။

ထိုထိုသော ကျေးဇူးပြု အကျိုးဆောင်ပေးခဲ့သည့် စာတိုက်ကြီးလုပ်ငန်းကြီးနှင့် စာပို့လုလင်တို့၏ ကျေးဇူးတရားကို အောက်မေ့တသ၍ ကဗျာလေးတစ်ပုဒ်ရေးဖွဲ့ကာ ကျေးဇူးဆပ်ခဲ့ဖူးပါသည်။ တတိယအရွယ် ဘဝနေဝင်ချိန်ရောက်ရှိနေသူ ကျွန်မအတွက် ကျေးဇူးရှိသူများ၊ ကျေးဇူးပြုဖူးသူများ၏ ကျေးဇူးတရားများကို တတ်စွမ်းနိုင်သမျှ တုံ့ပြန်ကျေးဇူးဆပ်လိုခြင်းမှာ ကျွန်မဘဝ၏ နောက်ဆုံးဆန္ဒအဖြစ် လက်တွေ့ကျကျ ထာဝရအစဉ် ကျင့်သုံးနေမြဲ။ ယခုလည်း သက်မဲ့ကျေးဇူးရှင် ငါးပြားတန် ငှက်ခါးတံဆိပ်ခေါင်းလေးအား ကဗျာရူး စာရူးဘဝ ကဗျာစာဖွဲ့သီ ဂုဏ်ပြုထားပုံမှာ ကဗျာခေါင်းစဉ်က 'တမန်တော် ငှက်ခါးလေး' ပါပဲ။

**တမန်တော် ငှက်ခါးလေး**

**– ဝမ်းနည်းဝမ်းသာ ထိုနှစ်ဖြာကို**
**သူ့မှာဆောင်ယူ များပြည်သူထံ**
**အမြန်ပေးပို့ ပို့လာသည့်စာ**
**ကိုယ့်အိမ်ပါမလား စာပို့သမားမြင်**
**ရင်ခုန်ချင်၏ ရင်ခုန်၏။**

**– မိဘထံကစာ သူငယ်ချင်းထံကစာ**
**ချစ်သူထံကစာ သာကြောင်း မာကြောင်း**
**လွမ်းရပါကြောင်း သောင်းပြောင်းစုံစွာ**
**သိချင်ပါ၍ စာလွှာရေးပို့**
**ငှက်ခါးတို့သာ အားကိုးရာမို့**
**ရင်မှာမောလျ မျှော်ရပါကြောင်း**
**နေ့ --- မိုး --- ဆောင်းတည့်။**

**– ငှက်ခါးလာနား ဒီနေ့လားဟု**
**တံခါးဝမှမျှော် ကိုယ့်အိမ်ကျော်သွား**
**ရင်မောသွားပြီ ကြိုးစားပေဦး**
**ကြိုးစားဦးဟော့။**

**– စာတကာ့စာမှာ ရင်ခုန်စွာနဲ့**
**မျှော်ကာမဆုံး သီကုံးကဗျာ**
**ပုံနှိပ်စာဖြင့် ပြန်လာပို့မယ့်**
**ကိုယ့်ရဲ့လမင်း မဂ္ဂဇင်းကဗျာလေး**
**အသက်သွေးပမာ ချစ်မက်စွာမျှော်။**

**– ဟော စေတမန်ငှက်ခါး**
**သူလာနားပြီ ရှင်ကြည်ပီတိ**
**မိုးထိမြင့်ပုံ ကြွားမကုန်နိုင်**

**– လုံမလေးနဲ့ ကလျာ**
**ရုပ်ရှင်တေးကဗျာမှာ**
**ကိုယ့်ကဗျာတွေ ဝေဆာဖော်ပြ**
**ငှက်ခါးလှလေး ယူဆောင်ပေးပို့**
**တို့ရင်ထဲပျော် ကျေးဇူးနော်**
**တမန်တော် ရွှေကျေးငှက်ခါးလေး။**

ထိုသို့ ငှက်ခါးတံဆိပ်ခေါင်းကပ်၍ ကျွန်မကဗျာလေးတွေ မဂ္ဂဇင်းတိုက်များသို့ ပေးပို့ပြီးသည်နှင့် စာပို့လုလင်ကြီး စာလာဝေမည့်အချိန်ကို ရင်ခုန်စွာ စောင့်မျှော်ရသည်မှာ ပဒေါင်းပျိုဖြူတို့၏ လည်တိုင်ပမာ။ ကျွန်မအိမ်ကျော်သွားသည်နှင့် ရင်မောစွာ ကျွန်မကဗျာလေးတွေအားလုံး အပယ်ရတနာဖြစ်သွားကြောင်း သိစေသည်။ ငါးပုဒ်ပို့တာ မရွေးတော့ ၁၀ပုဒ်ထပ်ပို့ကာ ထပ်ထပ်ကြိုးစားရပြန်သည်။ ရွှေလက်တို့ ဘုရင်ကြီးပမာ အကြောင်းအရာတစ်ခုခုက ရင်မှာထိရှလာတိုင်း နှလုံးသားမှာ ကာရံတွေဖြစ်တည်လာပြီး ကဗျာရူးကျွန်မ ကဗျာများစွာ ရေးဖြစ်သည်။

ထိုကဗျာများစွာထဲမှ ကဗျာ ၁၀၀ကိုရွေး၍ စာပေဗိမာန်ကဗျာပေါင်းချုပ်ပြိုင်ပွဲ ဝင်ခဲ့သည်။ 'မှတ်မှတ်ရရ ၁၉၈၆ခုနှစ်၊ စာပေပြိုင်ပွဲမှာ ဆရာကိုရီးကွန့်၏ စိန်လွန်တူးသမားဝတ္ထု အမျိုးသား စာပေဆုရရှိသောနှစ်က ဖြစ်သည်။


ကျွန်မကဗျာလေးတွေ ဆုမရရှိဘဲ အပယ်ရတနာ ဖြစ်သွားပြန်သည်။ 'တစ်ရာ့ငါးဆယ်တန်အပြုံး' အမည်ဖြင့် ဝတ္ထုတိုပေါင်းချုပ်ပြိုင် ဆုမရ၊ မိုးမိုး (အင်းလျား)အမှတ်တရ ဝတ္ထုတိုပြိုင်ပွဲ ပါဝင်ခဲ့သည်။ ဝတ္ထုအမည်က 'ကြောင်စုန်း' မွေးကင်းစ အပြစ်မဲ့ကြောင်ငယ်ငယ်လေးတွေ အလစ်ချောင်းကာ ရက်ရက်စက်စက် မကြာခဏ ကိုက်သတ်စားသည့် 'ကြောင်ယုတ်၊ကြောင်စုန်းကြီး' အကြောင်း ပေမို့ ဆရာညီပုလေးက ဆရာမစာမူ ဆုမရမှာ အသေအချာပဲတဲ့။ ထောပနာပြုခဲ့၏။

ဆုရရ မရရ ကျွန်မအတွက် အသွေးအသားထဲက၊ နှလုံးသားထဲက ခံယူချက်စာမူတွေမို့ ရေးဖြစ်သွားတာကိုပင် 'ကျေနပ်ကြည်နူး စိတ်ပေါ့ပါးသွားတဲ့ဆု ရနေပြီပဲ' တိုးတက်နေတဲ့ အိုင်တီခေတ်ကြီးမှာ ကျွန်မအတွက်တော့ ငှက်ခါးတံဆိပ်ခေါင်းလေးတွေက ချစ်မိတ်ဆွေအဖြစ် ကူညီပေးနေမြဲပင်။

ဒီနေ့မှာပဲ ပုသိမ်ကြီးစာတိုက်မှာ ဆရာဆောင်းဝင်းလတ်အတွက် ဆရာမကြီး ဒေါ်မြင့်မြင့်တင်၏ 'အရောင်များနှင့်ပျော်မွေ့နေသူ' စာအုပ်ကြီးကို စာတိုက်ကြီးများ အကူအညီ ငှက်ခါးတံဆိပ်ခေါင်းအပါအဝင် အထူးထုတ်ဝေသည့် တံဆိပ်ခေါင်းအမျိုးမျိုး အကူအညီရယူလျက် ပေးပို့ခဲ့ပါသည်။ ဗဟိုစာတိုက်ကြီးများ အိမ်တိုင်ရာရောက်လာပို့သူ စာပို့လုလင်များ၊ စာတိုက်ဝန်ထမ်းများအား အထူးကျေးဇူးတင်လျက်။

အထူးသဖြင့် ငှက်ခါးလေးတံဆိပ်ခေါင်း အပါအဝင် မြန်မာမှု၊ မြန်မာ့အလှတရားများဖြင့် နေ့ထူးနေ့မြတ်အထိမ်းအမှတ် တံဆိပ်ခေါင်းမျိုးစုံ ဒီဇိုင်းဖန်တီးရေးဆွဲပေးသူ မြန်မာပညာရှိ မြန်မာမှု ဒီဇိုင်းသုတေသီဘဘ(ဦးအေးမြင့်)အား တသလွမ်းမောစွာ ဂုဏ်ပြုမော်ကွန်းတင်ပါသည်။

**အောက်တိုဘာ ၉ရက်၊ နှစ်(၁၅၀)ပြည့် ကမ္ဘာ့စာပို့တိုက်နေ့သို့ ဂုဏ်ပြုလျက် ---။**




ခင်ဆွေလှိုင်(ပန်းချီ)

# နယ်စပ်တောင်တန်းနှင့် ကမ်းရိုးတန်းဒေသ၏ (၁၇) ကြိမ်မြောက် ဘုံကထိန် ကျင်းပမည်



**မန္တလေး အောက်တိုဘာ ၆**

မန္တလေး၊ နယ်စပ်တောင်တန်းနှင့်ကမ်းရိုးတန်းဒေသရှိ ဘုန်းတော်ကြီးကျောင်းများအတွက် မန္တလေး၊ တောင်စလင်းတိုက်သစ် ဘာဝနာဌာနပဓာနနာယကအဖြစ် ဦးဆောင်သည့် ဗုဒ္ဓဘာသာသာသနာပြန့်ပွားရေးအသင်းချုပ်ဆရာတော် ဘဒ္ဒန္တတိက္ခ အဘိဓဇမဟာရဋ္ဌဂုရု ဦးဆောင်သည့် ကထိန်ဖြစ်မြောက်ရေးအဖွဲ့သည် ယခုနှစ်တွင်လည်း ဘုန်းတော်ကြီးကျောင်းပေါင်း ၁၅၈၃ ကျောင်းတို့အား (၁၇)ကြိမ်မြောက်အဖြစ် ယခင်နှစ်များကဲ့သို့ လှူဒါန်းကုသိုလ်ပြု ရေစက်ချသွားမည်ဖြစ်သည်။

သို့ပါ၍ ဘုန်းကြီးကျောင်းတစ်ကျောင်းစာ ပဒေသာပင် တစ်ပင်ကို ငွေကျပ် ၁၁၀၀၀၀ နှုန်းဖြင့် ကထိန်ဒါယကာ၊ ဒါယိကာမများအဖြစ် ခံယူနိုင်မည်ဖြစ်ပြီး အလှူခံဖျော်ဖြေရေးအဖွဲ့အနေဖြင့် အလှူခံရရှိရေးအတွက် မန္တလေး၊ လေးပြင်လေးရပ်သို့ အလှူခံလှည့်၍ နှီးဆော်ကြမည်ဖြစ်သည်။ လှူ့ဆော်ရေးအဖြစ် အောက်တိုဘာ ၁၀ ရက်နှင့် ၁၁ရက်များတွင်လည်းကောင်း၊ အောက်တိုဘာ ၁၉ရက်နှင့် ၂၁ရက်တွင် ထာဝရမေတ္တာအဖွဲ့၊ မြစ်သားဆင်အဖွဲ့တို့ဖြင့်လည်းကောင်း၊ ထိုနေ့အတွက် မနော်ရမ္မဥယျာဉ်နှင့် ရေနီမြောင်းဈေးတို့တွင်လည်းကောင်း၊ အောက်တိုဘာ ၂၆ ရက်နှင့် ၂၇ရက်တို့တွင် မြစ်သားဆင်အဖွဲ့ဖြင့် ဘုရားကြီးဈေး၊ မန္တလေးကျောက်ဝိုင်းတို့တွင်လည်းကောင်း၊ နိုဝင်ဘာ ၂၊ ၃ ရက်တို့တွင် လမ်း ၄၀ဈေးနှင့် အသင်းထောက်ရှိရာများသို့လည်းကောင်း၊ နိုဝင်ဘာ ၉၊ ၁၀ ရက်များတွင် နန်းရှေ့ဈေးနှင့် ညောင်ပင်ဈေး၊ မြောက်ပြင်ဒါနပါရမီဝန်းကျင်တို့၌ ဆင်အကများဖြင့် လှည့်လည်ဖျော်ဖြေအလှူခံမည်ဟု ဗုဒ္ဓဘာသာသာသနာပြန့်ပွားရေးအသင်း(မန္တလေး)နှင့် (၁၇)ကြိမ် ကထိန်ဖြစ်မြောက်ရေး ဥက္ကဋ္ဌထံမှ သိရသည်။

(အပေါ်ဝဲပုံ)

(၀၄၉)



# စည်ပင်လှစ်ပြကျေးရွာ (Smart Village)၌ တောင်သူအသိပညာပေးဟောပြောပွဲ ကျင်းပ

**ဆင်ပေါင်ဝဲ အောက်တိုဘာ ၆**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ ဆင်ပေါင်ဝဲမြို့နယ် စည်ပင်လှစ်ပြကျေးရွာ (Smart Village) ၌ တောင်သူအသိပညာပေးဟောပြောပွဲကို ယမန်နေ့ မွန်းလွဲ ၂ နာရီက အဆိုပါကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။

ဟောပြောပွဲတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဇေယျက ကျေးလက်နေပြည်သူများ အသိပညာဗဟုသုတများ တိုးပွားလာစေရန်၊ နည်းပညာများရရှိစေရန်နှင့် စွမ်းဆောင်ရည်မြင့်မားလာစေရန် ရည်ရွယ်၍ အသိပညာပေးဟောပြောခဲ့ပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးတင်ထွန်းက ဓာတ်မြေဩဇာသုံးစွဲမှုကိုလည်းကောင်း၊ မြို့နယ်စားသုံးသူရေးရာဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနိုင်ဦးက စားသုံးသူများကာကွယ်ရမည့် နည်းလမ်းများကိုလည်းကောင်း၊ မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ ဦးစီးအရာရှိ ဦးစစ်နိုင်ထွန်းက သဘာဝဘေးအန္တရာယ်ဆိုင်ရာ အချက်အလက်များကိုလည်းကောင်း၊ မြို့နယ်မီးသတ်ဦးစီးဌာနလက်ထောက်ဦးစီးမှူး ဦးထက်မြတ်ရိုးက မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးရှင်းလင်းပြောကြားသည်။**(အပေါ်ပုံ)**

ဆက်လက်၍ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း ဒု-လက်ထောက်ကြီးကြပ်ရေးမှူး ဦးတင့်လွင်က လျှပ်စစ်ဓာတ်အားခနှုန်းထားများ ပြင်ဆင်သတ်မှတ်ခြင်းကိုလည်းကောင်း၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူးဦးစည်သူထွန်းလင်းက စာဖတ်ခြင်းဖြင့် ရရှိလာမည့် အကျိုးကျေးဇူးများကိုလည်းကောင်း အသီးသီးဆွေးနွေးခဲ့ကြပြီး တက်ရောက်လာသည့် ကျေးရွာမှ ပြည်သူများက သိရှိလိုသည်များကို မေးမြန်းကြရာ ဌာနဆိုင်ရာများမှ ပြန်လည်ဆွေးနွေးခဲ့ကြပြီး မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ အသိပညာပေးလက်ကမ်းစာစောင်များကို ကျေးရွာနေပြည်သူများထံ လက်ဝယ်အရောက်ပေးအပ်ခဲ့ကြောင်း သိရသည်။

**ခန့်ဝင်း(ဆင်ပေါင်ဝဲ)**



# ၂၀၂၄ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း နေ့စဉ်ကောက်ယူလျက်ရှိ

**မန္တလေး အောက်တိုဘာ ၆**

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ဥပုသ်တော်ရပ်ကွက်၊ အကွက် ၃၄၊ ၃၂ ကောက်ကွက်များတွင် ယနေ့နံနက်ပိုင်းက ၂၀၂၄ ခုနှစ်၊ လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းများ ဆက်လက်ကောက်ယူလျက် ရှိသည်။

ထိုသို့ သန်းခေါင်စာရင်းများကောက်ယူကြရာတွင် စာရင်းစစ်၊ စာရင်းကောက်များနှင့်အတူ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရာအိမ်မှူးများ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ မြို့နယ်ဦးစီးမှူးရုံးမှ တိုက်နယ်မှူး ဦးရာဇာစိုးသိန်းအပါအဝင် အဖွဲ့ဝင် ၁၁ဦးဖြင့် သန်းခေါင်စာရင်းများ ကောက်ယူကြရာ အမှတ်(၂) နယ်မြေရဲစခန်းမှ ဒုရဲအုပ်မိုးမိုးအောင် ဦးစီးသော တပ်ဖွဲ့ဝင်များက လုံခြုံရေးလိုက်ပါဆောင်ရွက်ပေးကြသည်။ (အပေါ်ဝဲပုံ)

အဆိုပါ သန်းခေါင်စာရင်းကောက်ယူမှုများကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဦးတင်မောင်ဝင်း၊ အောင်မြေသာစံမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ ဦးအောင်သန်းဇော်၊ မြို့နယ်စီမံအဖွဲ့ဝင်(၂) ဦးဇော်လင်းဦး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန၊ မြို့နယ်ဦးစီးမှူး ဦးသိန်းလွင်တို့က လာရောက်ကြည့်ရှုအားပေးကြပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(၀၉၃)

# မင်းဘူးခရိုင်၌ ယခုနှစ် မိုးစပါးစိုက်ပျိုးရာသီအတွက် ကေပေါင်း ၁၇၄၀၀၀ ကျော် စိုက်ပျိုးပြီးစီး

**မင်းဘူး အောက်တိုဘာ ၆**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်အတွင်းရှိ မြို့နယ်ငါးခု၌ ယခုနှစ် မိုးစပါးစိုက်ပျိုးရာသီတွင် ဆန်၊ စပါးဖူလုံပေါများစေရန် မိုးစပါးကို ဧကပေါင်း ၁၇၄၀၀၀ ကျော် စိုက်ပျိုးနိုင်ခဲ့ပြီး စီမံကိန်းလျာထားဧကထက် ကျော်လွန်စိုက်ပျိုးနိုင်ခဲ့ကြောင်း မင်းဘူးခရိုင်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ သိရသည်။


"မင်းဘူးခရိုင်ထဲက မြို့နယ်ငါးခုမှာ ဒီနှစ် မိုးစပါးစိုက်ပျိုးရာသီအတွက် မင်းဘူး(စကု)မြို့နယ်က ၄၀၉၈၈ ဧက၊ ပွင့်ဖြူမြို့နယ်က ၆၉၉၉၉ ဧက၊ စလင်းမြို့နယ်က ၄၇၇၁၅ ဧက၊ ငဖဲမြို့နယ်က ၁၀၂၀၀ ဧကနဲ့ စေတုတ္တရာမြို့နယ်က ၅၆၃၆ ဧက စုစုပေါင်းမိုးစပါးစိုက်ဧက ၁၇၄၅၃၈ ဧကအထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ မင်းဘူးခရိုင်အနေနဲ့ ဒီနှစ်မိုးစပါးကို စက်တင်ဘာလ ၃၀ ရက်မှာ စာရင်းပိတ်လိုက်ပြီးတော့ စီမံကိန်းလျာထားဧကထက် ဧကပေါင်း ၉၀၀ ကျော် ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ခဲ့ပါတယ်"ဟု မင်းဘူးခရိုင် လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးကျော်လွင်က ပြောသည်။

မိုးစပါးစိုက်ပျိုးရာတွင် မင်းဘူးခရိုင်အတွင်းရှိ ဒေသခံတောင်သူများသည် ဈေးကွက်အရ အရည်အသွေးကောင်း ဇရာမင်းနှင့် အထွက်ကောင်း စပါးမျိုးများဖြစ်သည့် မနောသုခ၊ ဆင်းသုခ၊ ရတနာတိုး၊ ပခန်းရွှေဝါ၊ ဆာဖိုးသာ၊ GW-11 ၊ GW-18 ၊ YSR-1 စပါးမျိုးများအပြင် ရေအနည်းလို-၇ နှင့်ရက်-၉၀ စသည့် စပါးမျိုးများကိုလည်း ပိုမိုတိုးချဲ့စိုက်ပျိုးလာကြောင်း၊ မိုးစပါးမျိုးသန့်ပွား၊ စံပြကွက်နှင့် စမ်းသပ်ကွက် တိုးချဲ့စိုက်ပျိုးသည့် ဒေသခံတောင်သူများအတွက် ပြည်ထောင်စုအစိုးရနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့တို့ ပူးပေါင်းပြီး ယူရီးယားဓာတ်မြေဩဇာများကို မိုးစပါး နှစ်ဧကလျှင် တစ်အိတ်နှုန်းဖြင့် ပြင်ပပေါက်ဈေးထက် သက်သာသော ဈေးနှုန်းဖြင့် ဖြန့်ဖြူးရောင်းချပေးခဲ့ကြောင်း၊ ထို့အပြင် စိုက်ပျိုးရေးဦးစီးဌာန၏ လုပ်ငန်းပံ့ပိုးမှုအစီအစဉ်ဖြင့် ယခုနှစ် မိုးစပါးစိုက်ပျိုးသည့် အကျိုးဆောင် တောင်သူများနှင့်ပေါင်းစပ်၍ စိုက်ကွင်းအထောက်အကူပြု စံပြကွက်၊ စမ်းသပ်ကွက်နှင့် မျိုးသန့်ပွား စိုက်ခင်းများကိုလည်း စိုက်ပျိုးဆောင်ရွက်ထားရှိကာ စပါးမျိုးသန့်၊ ကွန်းပေါင်း၊ ယူရီးယား၊ သဘာဝမြေဩဇာနှင့် ပိုးသတ်ဆေးများကို ပံ့ပိုးဖြန့်ဖြူးပေးထားပြီး ပန်းတိုင်အထွက်နှုန်း တိုးတက်ကောင်းမွန်ရရှိရေး စိုက်ပျိုးရေးနည်းပညာများကို ပံ့ပိုးကူညီပေးခြင်းများ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း မင်းဘူးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မင်းဘူးခရိုင်၌ ၂၀၂၄-၂၀၂၅ ခုနှစ် စိုက်ပျိုးရာသီတွင် မိုးစပါးကို ဧကပေါင်း ၁၇၃၅၈၇ ဧက စိုက်ပျိုးရန် စီမံကိန်းလျာထားဆောင်ရွက်ခဲ့ပြီး စက်တင်ဘာ ၃၀ ရက်အထိ ခရိုင်အတွင်းရှိ မြို့နယ်(၅)ခုတွင် ဧကပေါင်း ၁၇၄၅၃၈ ဧကအထိ စိုက်ပျိုးနိုင်ခဲ့သည့်အတွက် စီမံကိန်းလျာထားဧကထက် ၉၅၁ ဧက ကျော်လွန်စိုက်ပျိုးနိုင်ခဲ့ကြောင်း အဆိုပါဦးစီးဌာနမှ သိရသည်။

(အောက်ပုံ)

(၅၀၀)



၀-၀-၀-၀-၀-၀-၀

၀-၀-၀-၀-၀-၀

# အမြို့မြို့ အနယ်နယ်တွင် သန်းခေါင်စာရင်း ဆက်လက်ကောက်ယူလျက်ရှိ



**မန္တလေး အောက်တိုဘာ ၆**

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအား မြို့နယ်အဆင့် စာရင်းစစ်၊ စာရင်းကောက်များက ၅ ရက်မြောက်နေ့အဖြစ် အောက်တိုဘာ ၅ ရက် နံနက်ပိုင်းတွင် ရပ်ကွက်များသို့ ကွင်းဆင်း၍ ဆက်လက်ကောက်ယူလျက်ရှိသည်။

၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရာ၌ အိမ်ထောင်စုမေးခွန်းပုံစံတွင် လူဦးရေဆိုင်ရာ အချက်အလက်များအတွက် မေးခွန်း ၁၁ ချက်၊ ပြည်တွင်းရွှေ့ပြောင်းသွားလာခြင်းအတွက် ၆ ချက်၊ ပညာရေးအကြောင်းအရာအတွက် ၆ ချက်၊ လုပ်သားအင်အားအကြောင်းအရာအတွက် ၇ ချက်၊ မွေးဖွားမှုအကြောင်းအရာအတွက် ၉ ချက်၊ မသန်စွမ်းအကြောင်းအရာအတွက် ၁ ချက်၊ ပြည်ပရွှေ့ပြောင်းသွားလာခြင်းအတွက် ၈ ချက်၊ အိမ်အကြောင်းအရာအတွက် ၁၃ ချက်၊ သေဆုံးမှုနှင့် ကိုယ်ဝန်ဆောင်မိခင်သေဆုံးမှု အတွက် ၇ ချက် စသည်ဖြင့် မေးခွန်း ၆၈ ခုကိုလည်းကောင်း၊ အဖွဲ့အစည်းမေးခွန်းပုံစံတွင် လူဦးရေဆိုင်ရာ အချက်အလက်များအတွက် မေးခွန်း ၉ ချက်၊ ပညာရေးအကြောင်းအရာအတွက် ၁ ချက်၊ လုပ်သားအင်အားအကြောင်းအရာအတွက် ၇ ချက်၊ မသန်စွမ်းမှု အကြောင်းအရာအတွက် ၁ ချက် စသည်ဖြင့် မေးခွန်း ၁၈ ချက်ကိုလည်းကောင်း ကွင်းဆင်း၍ မေးမြန်းကောက်ယူလျက်ရှိရာ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ မဟာမြိုင်(၁)ရပ်ကွက်နှင့် မဟာမြိုင်(၂)ရပ်ကွက်များသို့ မြို့နယ်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်မြင့်ဦး၊ မြို့နယ်သန်းခေါင်စာရင်းကော်မတီ အတွင်းရေးမှူး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူး ဦးကောင်းမြတ်ကျော်နှင့် တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုအားပေးခဲ့သည်။

မဟာအောင်မြေမြို့နယ်အတွင်း ရပ်ကွက် ၁၈ ရပ်ကွက်ရှိ ကောက်ကွက်ပေါင်း ၃၇၇ ကွက်၌ စာရင်းစစ် ၃၃ ဦး၊ စာရင်းကောက် ၁၂၃ ဦးက အောက်တိုဘာ ၁ ရက်မှ ၁၅ ရက်အထိ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို Mobile Tablet များအသုံးပြု၍ တစ်အိမ်တက်ဆင်းစနစ်ဖြင့် စနစ်တကျ ကောက်ယူလျက်ရှိရာ မြို့နယ်သန်းခေါင်စာရင်းကော်မတီဝင် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှဝန်ထမ်းများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ စာရေးဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ရပ်မိ၊ ရပ်ဖများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များက ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။**(အပေါ်ဝဲပုံ) (၀၅၆)**



**မန္တလေး အောက်တိုဘာ ၆**

အောင်မြေသာစံမြို့နယ်တွင် ၂၀၂၄ ခုနှစ်၊ လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူနေမှုအား တာဝန်ရှိသူများမှ အောက်တိုဘာ ၅ ရက် နံနက်ပိုင်းက မြို့နယ်အတွင်းရှိ အမရဋ္ဌာနီအရှေ့၊ ဘုန်းတော်ကြီး၊ ဥပုသ်တော်ရပ်ကွက်များသို့ သွားရောက်၍ ကြည့်ရှုအားပေးကြသည်။

၂၀၂၄ ခုနှစ်၊ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းအား ရပ်ကွက်အလိုက် ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရာအိမ်မှူးများ၊ လဝက မှ တိုက်နယ်မှူးများ၊ စာရင်းစစ်နှင့် စာရင်းကောက်အဖွဲ့များက ကောက်ကွက်များအလိုက် သန်းခေါင်စာရင်းကောက်ယူနေမှုများအား အောင်မြေသာစံခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့မှအဖွဲ့ဝင် ဦးတင်မောင်ဝင်း၊ အောင်မြေသာစံမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်သန်းဇော်၊ အဖွဲ့ဝင်(၂) ဦးဇော်လင်းဦး၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးသိန်းလွင်တို့က သွားရောက်ကြည့်ရှုအားပေးကြပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ သန်းခေါင်စာရင်းကောက်ယူခြင်း လုပ်ငန်းများကို နိုင်ငံတစ်ဝန်း၌ အောက်တိုဘာ ၁ ရက်မှ ၁၅ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **(အပေါ်ပုံ) (၀၃၇)**

**ရွှေဘို အောက်တိုဘာ ၆**

၂၀၂၄ ခုနှစ် အောက်တိုဘာ ၁ ရက်မှစတင်ပြီး တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူလျက်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ရွှေဘိုမြို့နယ်တွင် အောက်တိုဘာ ၅ ရက် နံနက်ပိုင်းက မြို့ပေါ်ရပ်ကွက်များ၌ ဆက်လက်ကောက်ယူလျက်ရှိသည်။



သန်းခေါင်စာရင်းကောက်ယူရာတွင် လူဦးရေနှင့်အိမ်အကြောင်းအရာများ တိကျမှန်ကန်မှုရှိစေရန်အတွက် စာရင်းစစ်၊ စာရင်းကောက်များက CAPI နည်းပညာဖြင့် Mobile Tablet အသုံးပြုပြီး တစ်အိမ်တက်ဆင်းကွင်းဆင်းကောက်ယူနေမှုများကို အခက်အခဲမရှိ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရေးအတွက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူးနှင့် ခရိုင်၊ မြို့နယ် သန်းခေါင်စာရင်းကော်မတီဝင်များ၊ တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်ပြီး လိုအပ်သည်များ ဆောင်ရွက်ပေးလျက်ရှိသည်။

ရွှေဘိုမြို့နယ်တွင် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူခြင်းကို မြို့ပေါ်ရပ်ကွက်၊ စာရင်းကောက်ကွက် ၁၆ကွက်အား စာရင်းစစ်၊ စာရင်းကောက် ၆၁ ဦးဖြင့် အောက်တိုဘာ ၁ ရက်မှ ၁၅ ရက်အထိ ကောက်ယူသွားမည်ဖြစ်ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**(မြို့နယ်-ပြန်/ဆက်)**

၀-၀-၀-၀-၀-၀-၀

**သာစည် အောက်တိုဘာ ၆**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ သာစည်မြို့နယ်၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းကို ကောက်ကွက်အသီးသီးတွင် စာရင်းစစ်၊ စာရင်းကောက်များ ဆက်လက်ကောက်ယူလျက်ရှိရာ အောက်တိုဘာ ၅ ရက်က ခရိုင်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးဇော်တင်မိုးနှင့် တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုအားပေးခဲ့သည်။

ကွင်းဆင်းကြည့်ရှုရာတွင် ခရိုင်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌနှင့် ကော်မတီအတွင်းရေးမှူး၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ ခရိုင်ဦးစီးမှူးရုံးမှ ခရိုင်ဦးစီးမှူး ဦးနိုင်ဝင်းကျော်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာများ၊ မြို့နယ်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးသက်ကျော်နှင့် မြို့နယ်သန်းခေါင်စာရင်းကော်မတီဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက အမှတ်(၄)ရပ်ကွက် ကောက်ကွက်များတွင် စာရင်းစစ်၊ စာရင်းကောက်များနှင့် တာဝန်ရှိသူများ ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူနေမှုများကို လှည့်လည်ကြည့်ရှုအားပေးပြီး စာရင်းကောက်ယူရေး အဆင်ပြေစေရန် ခရိုင်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌနှင့် ကော်မတီအတွင်းရေးမှူးတို့က လိုအပ်သည်များကို သက်ဆိုင်ရာတာဝန်ရှိသူများနှင့်ပေါင်းစပ်ညှိနှိုင်းပေးခဲ့သည်။

သာစည်မြို့နယ်တွင် စုစုပေါင်း စာရင်းစစ် ၃၃ ဦးနှင့် စာရင်းကောက် ၁၂၄ ဦးတို့က အောက်တိုဘာ ၁၅ ရက်အထိ နေ့စဉ် နံနက် ၇ နာရီမှ ညနေ ၆ နာရီအထိ ကောက်ကွက် ၄၁၂ ကွက်ကို ကောက်ယူသွားမည်ဖြစ်ကြောင်း သိရသည်။

**(အောက်ပုံ) (၄၈၇)**

**မိုင်းဆတ် အောက်တိုဘာ ၆**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းဆတ်မြို့တွင် ၂၀၂၄ ခုနှစ်၊ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းများကို ရှမ်းပြည်နယ် (အရှေ့ပိုင်း) ခရိုင်သန်းခေါင်စာရင်းကော်မတီ၏ကြီးကြပ်မှုဖြင့် အောက်တိုဘာ ၁ရက် နံနက်ပိုင်းမှစ၍ မြို့နယ်အတွင်းရှိ ရပ်ကွက်နှင့်ကျေးရွာများတွင် စာရင်းစစ်၊ စာရင်းကောက်အဖွဲ့များက တစ်အိမ်တက်ဆင်း ကောက်ယူလျက်ရှိသည်။



အဆိုပါ လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူရာတွင် မြို့နယ်အတွင်းရှိ ရပ်ကွက်နှင့်ကျေးရွာများတွင် စာရင်းစစ်၊ စာရင်းကောက်အဖွဲ့များက ကွန်ပျူတာအထောက်အကူပြု လူတစ်ဦးချင်း ကောက်ယူသည့်စနစ်ဖြင့် (Mobile Tablet) များကိုအသုံးပြုကာ အိမ်ထောင်စု မေးခွန်းပုံစံ ၆၈ ခု၊ အဖွဲ့အစည်းမေးခွန်းပုံစံ ၁၈ ခုဖြင့် တစ်အိမ်တက်ဆင်း ကောက်ယူလျက်ရှိကြောင်း သိရသည်။

**(ဝဲပုံ)(မြို့နယ်-ပြန်/ဆက်)**



## ထန်းကိုင်းကျေးရွာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် ဌာနဆိုင်ရာများမှ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်ရန် ပြည်သူများနှင့် တွေ့ဆုံဆွေးနွေး

**အထက်မင်းလှ အောက်တိုဘာ ၆**

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ မင်းလှမြို့နယ်တွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် ဌာနဆိုင်ရာများ ပူးပေါင်းအဖွဲ့မှ ယမန်နေ့ မွန်းလွဲ(၁)နာရီက ထန်းကိုင်းကျေးရွာဘုန်းကြီးကျောင်းဓမ္မာရုံတွင် ကျေးရွာနေပြည်သူများနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား ရှင်းလင်းဆွေးနွေးခဲ့သည်။



ရှေးဦးစွာမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသန်းထွန်းအောင်က မင်းလှမြို့နယ်အတွင်း ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ အပါအဝင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် ဌာနဆိုင်ရာများ ပူးပေါင်းအဖွဲ့မှ လာရောက်အသိပေးရှင်းလင်းခြင်းဖြစ်ကြောင်း၊ မိမိတို့၏ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး၊ နယ်မြေလုံခြုံရေး ပူးပေါင်းဆောင်ရွက်ရန်၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ဒေသဖွံ့ဖြိုးရေး၊ ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာများနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးပြောကြားခဲ့သည်။ **(အပေါ်ပုံ)**

ယင်းနောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) ဗိုလ်မှူးမြတ်သူက ကျေးရွာနေပြည်သူများ သိရှိလိုက်နာနိုင်ရန် လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များ၊ နယ်မြေအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးဆောင်ရွက်နေမှုများနှင့် ရပ်ရွာလုံခြုံရေးကို အားလုံးဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရန် ဆွေးနွေးပြောကြားခဲ့သည်။ ထို့နောက်ဌာနဆိုင်ရာများအလိုက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းဆွေးနွေးခဲ့ကြသည်။ ယင်းနောက်တက်ရောက်လာသူများက သိလိုသည်များကို မေးမြန်းကြရာ သက်ဆိုင်ရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းပြောကြားခဲ့သည်။ ဆက်လက်၍ မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှ ကျန်းမာရေးစစ်ဆေးပေးပြီး ဆေးကုသပေးခြင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မင်းလှမြို့နယ်ဦးစီးမှူးရုံးမှ ပန်းခင်းစီမံချက်ဖြင့် အိမ်တိုင်ရာရောက် လူဦးရေစစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ ဒေသခံပြည်သူများအား အခြေခံစားသောက်ကုန်ဖြစ်သည့် ဆန်(၂၄)ပြည်ပါ(၁၅)အိတ်နှင့် စားအုန်းဆီ(၂၃၀)ပိဿာအား မြို့နယ်ဆန်၊ ဆီလုပ်ငန်းရှင်များအသင်းမှ သတ်မှတ်ရည်ညွှန်းဈေးဖြင့် ရောင်းချပေးခြင်း ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**စော်ထက်(သရက်)**



## မန္တလေးတိုင်းဒေသကြီး သန်းခေါင်စာရင်းကော်မတီ အတွင်းရေးမှူး ပုသိမ်ကြီးမြို့နယ်သို့ ကွင်းဆင်းကြည့်ရှုအားပေး

**ပုသိမ်ကြီး အောက်တိုဘာ ၆**

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ ရေထွက်ကျေးရွာအုပ်စု၊ နှမ်းကြဲကျေးရွာအုပ်စုနှင့် ရန်ကင်းတောင်ကျေးရွာအုပ်စုတို့တွင် ယနေ့မွန်းလွဲ ၁ နာရီက ၂၀၂၄ ခုနှစ် သန်းခေါင်စာရင်းကောက်ယူနေမှု အခြေအနေများကို မန္တလေးတိုင်းဒေသကြီးသန်းခေါင်စာရင်းကော်မတီအတွင်းရေးမှူး ဦးစိုးလွင်နှင့် မြို့နယ်သန်းခေါင်စာရင်းကော်မတီဝင်များ၊ တာဝန်ရှိသူများလိုက်ပါလျက် ကွင်းဆင်းကြည့်ရှုဆောင်ရွက်ခဲ့သည်။

ပုသိမ်ကြီးမြို့နယ်တွင် သန်းခေါင်စာရင်းကောက်ယူရန် မြို့ပေါ်ရပ်ကွက်ကြီးတစ်ခု၊ ကျေးရွာအုပ်စု(၅၇)စု၊ ကျေးရွာ(၁၃၇)ရွာအား စာရင်းကောက်အဖွဲ့ ၄၅ ဖွဲ့ဖြင့် စာရင်းကောက်ကွက်ပေါင်း ၅၅၉ ကွက်ကို အောက်တိုဘာ ၁ ရက်နေ့မှ ၁၅ ရက်နေ့အထိ သန်းခေါင်စာရင်းကောက်ခံသွားမည်ဖြစ်ကြောင်း မြို့နယ်သန်းခေါင်စာရင်းကော်မတီထံမှ သိရသည်။ **(အပေါ်ပုံ)**

**(ဝ၉၅)**

## တောင်သမန် ဦးပိန်တံတားတွင် လက်ပန်းချီရေးဆွဲပေးခြင်းဖြင့် ဒေသခံအမျိုးသမီးများ ဝင်ငွေရရှိ

**မန္တလေး အောက်တိုဘာ ၆**

အမရပူရ၊ တောင်သမန် ဦးပိန်တံတားသို့ လာရောက်လည်ပတ်သူများအား ဒေသခံအမျိုးသမီးများက လက်ပန်းချီရေးဆွဲပေးခြင်းဖြင့် နေ့စဉ်ဝင်ငွေရရှိနေကြောင်း အမရပူရမြို့မှ လက်ပန်းချီရေးဆွဲပေးသူ မသက်ထားခင်က ပြောသည်။

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် တွေ့ရသော လက်ပန်းချီရေးဆွဲသည့် လုပ်ငန်းသည် တောင်သမန် ဦးပိန်တံတားသို့ ရောက်ရှိလာသည်မှာ ၂ နှစ်ကျော်ခန့်ရှိပြီဟု ဆိုသည်။

"ပုဂံကနေ ကူးစက်လာတယ်လို့ပြောရမယ်။ တောင်သမန်လာကြတဲ့ အမျိုးသမီးအများစုကို ရေးပေးရတော့ ဝင်ငွေရတဲ့ လုပ်ငန်းတစ်ခုအဖြစ် လုပ်တဲ့သူ အရင်နှစ်ထက်များလာတော့ အဖွဲ့လိုက် နေရာခွဲထားတယ်။ ဆွဲချင်တဲ့သူကို လက်ပန်းချီ နမူနာပုံပေါင်း ၂၀၀၀ လောက်ပြတော့ သူတို့သဘောကျတာရွေးတယ်။ တစ်ရက်ကို အနည်းဆုံး ငွေကျပ် ၃၀၀၀ တော့ရတယ်။ တချို့ရက်ဆိုရင် ငွေကျပ် ၂၀၀၀၀ လောက်ထိရတယ်" ဟု ၎င်းက ပြောသည်။ **(အောက်ပုံ)**

လက်ပန်းချီရေးဆွဲသည့် နှုန်းထားများမှာ လက်ရာနှင့် အရွယ်အစားပေါ်မူတည်၍ အနည်းဆုံး ငွေကျပ် ၃၀၀၀ မှ ၁၅၀၀၀ ဝန်းကျင်ထိရှိကြောင်း၊ လက်ရှိအချိန်တွင် လက်ပန်းချီရေးဆွဲပေးနေသူ ဒေသခံ ၂၀ ဦးကျော်ရှိရာ တံတားပေါ်ရှိ ဇရပ်ဆောင်များနှင့် တံတားအဝင်နေရာများတွင် အုပ်စု ၆ စုခွဲ၍ လုပ်ကိုင်နေကြကြောင်း သိရသည်။

"သုံးတဲ့ ဆေးက ဈေးကြီးတယ်။ ရန်ကုန်ကို Packing လိုက်မှာမှ သက်သာတယ်။ စပြီးရေးဆွဲချိန်မှာ အမဲပုပ်ရောင်ဖြစ်ပြီး ၁၀ မိနစ်လောက်ကြာလို့ ခြောက်သွားတဲ့အခါ ပွတ်လိုက်ရင် နီညိုရောင်လေးကျန်ခဲ့တယ်။ အဲဒီအရောင်က ၁၀ ရက်လောက်ခံတယ်။ ပုံဆွဲပေးတဲ့အခါ လက်ရာအလိုက် တစ်ပုံကို အနည်းဆုံး ၃ မိနစ်ကနေ ၅ မိနစ်ကျော်ထိကြာပါတယ်" ဟု ဆက်လက်ပြောကြားသည်။

အများဆုံးရေးဆွဲပေးရသော လက်ပန်းချီပုံများမှာ ရေးဆွဲခငွေကျပ် ၃၀၀၀ ဖြစ်သည့် အသဲပုံနှင့် ၎င်းတို့ အမည်များဖြစ်ပြီး ရေးဆွဲခ တစ်သောင်းဝန်းကျင်ရှိ ပုံများမှာ ရေးဆွဲသူနည်းပါးကြောင်း၊ စည်ကားလွှမ်းသောနေ့များတွင် ရေးဆွဲသူနည်းပါးပြီး ပုံမှန်စည်ကားသည့် တနင်္ဂနွေ၊ ဥပုသ်နေ့များတွင် အလှဓာတ်ပုံရိုက်ခြင်းနှင့် လက်ပန်းချီရေးဆွဲသူများပြားကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၉)**



## အောင်မြေသာစံမြို့နယ်အတွင်း လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူနေမှုအား ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ လိုက်လံကြည့်ရှုအားပေး

**မန္တလေး အောက်တိုဘာ ၆**

အောင်မြေသာစံခရိုင် ၊ အောင်မြေသာစံမြို့နယ်အတွင်း လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူနေမှုအား ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့မှ ယနေ့နံနက် ၉ နာရီမှစတင်၍ မြို့နယ်အတွင်းရှိ ရပ်ကွက်များသို့ သွားရောက်၍ သန်းခေါင်စာရင်းကောက်ယူနေမှုများအား လိုက်လံကြည့်ရှုအားပေးကြသည်။

ထိုသို့ လိုက်လံကြည့်ရှု အားပေးရာတွင် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးကော်မတီဥက္ကဋ္ဌ၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဒေါက်တာအောင်ဆွေ၊ အတွင်းရေးမှူး ဦးသန်းထွန်းအောင်၊ မြို့နယ်လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူရေး ကော်မတီဥက္ကဋ္ဌ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်သန်းဇော်၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစန်းထွန်းလင်း၊ မြို့နယ်လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူရေး ကော်မတီ အတွင်းရေးမှူး ဦးသိန်းလွင်တို့ ပါဝင်သောအဖွဲ့သည် ဒေါနဘွားရပ်ကွက်၊ မင်းတဲအီကင်းရပ်ကွက်နှင့် သီရိမာလာအရှေ့ရပ်ကွက်များသို့ သွားရောက်ပြီး သန်းခေါင်စာရင်းကောက်ယူနေမှုများကို လိုက်လံကြည့်ရှုအားပေးပြီး ခရိုင်အုပ်ချုပ်ရေးမှူးက စာရင်းစစ်နှင့် စာရင်းကောက်အဖွဲ့များအနေဖြင့် အချက်အလက်များ မှန်ကန်စွာကောက်ယူ ဖြည့်သွင်းရေး၊ ပြည်သူများကလည်း မေးမြန်းမှုများကို မှန်ကန်စွာ ဖြေဆိုရေးနှင့် တာဝန်ရှိသူများကလည်း သန်းခေါင်စာရင်းကောက်ယူမှု လုပ်ငန်းများကို သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေးတို့ကို ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရန် မှာကြားသည်။

၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူမှု လုပ်ငန်းများအား ယခု အောက်တိုဘာ ၁ ရက်နေ့မှ စတင်၍ အောက်တိုဘာ ၁၅ ရက်နေ့အထိ နိုင်ငံတစ်ဝန်း ကောက်ယူသွားမည်ဖြစ်ကြောင်း သိရသည်။ **(အောက်ပုံ)(ဝ၃၇)**



| အီတလီ စီးရီးအေဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၇)အနိုင်၊ အရှုံး NGB | | | |
|---|---|---|---|
| ဂျူဗင်တပ် | ၁ - ၁ | ကယ်ဂလီယာရီ | |
| ဘိုလော့ညာ | ၀ - ၀ | ပါးမား | |
| လာဇီယို | ၂ - ၁ | အမ်ပိုလီ | |
| မွန်ဇာ | ၁ - ၁ | ရိုးမား | |

| ဂျာမန်ဘွန်ဒက်လီဂါ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၆)အနိုင်၊ အရှုံး NGB | | |
|---|---|---|
| ဟိုင်ဒင်ဟိမ်း | ၀ - ၁ | လိုက်ပဇစ် |
| ဖရိုက်ဘတ် | ၃ - ၃ | ဘိုင်ယန်မြူးနစ် |

| စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၉)အနိုင်၊ အရှုံး NGB | | |
|---|---|---|
| ဂျီရိုနာ | ၂ - ၁ | ဘီလ်ဘာအို |
| အလာဗက်စ် | ၀ - ၃ | ဘာစီလိုနာ |

| ပြင်သစ်လီဂူး ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၇)အနိုင်၊ အရှုံး NGB | | |
|---|---|---|
| လိုင်ယွန် | ၂ - ၀ | နန့်တက်စ် |
| ဘရက် | ၂ - ၀ | လီဟာဗာ |
| စထရာဘို့ | ၂ - ၂ | လန်းစ် |
| ရမ်းစ် | ၄ - ၂ | မောင့်ပယ်လီယာ |

# အသက် (၂၀)နှစ်အောက် အမျိုးသား ဘော်လီဘောပြိုင်ပွဲနှင့် အသက်(၂၅)နှစ်အောက် အမျိုးသား၊ အမျိုးသမီး ကြက်တောင်ရိုက်ပြိုင်ပွဲ ဆုချီးမြှင့်ခြင်း အခမ်းအနား ကျင်းပ



**တောင်ကြီး အောက်တိုဘာ ၆**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့၊ သစ်တောရပ်ကွက်ရှိ ပြည်နယ်လေ့ကျင့်ရေးအားကစားရုံ၌ အောက်တိုဘာ ၅ ရက် နံနက် ၁၀ နာရီက ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်ဖလား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း၊ ဒေသများနှင့် ခရိုင်များအလိုက် အသက်(၂၀)နှစ်အောက် အမျိုးသားဘော်လီဘောပြိုင်ပွဲနှင့် မြို့နယ်အလိုက် အသက်(၂၅)နှစ်အောက် အမျိုးသား၊ အမျိုးသမီးကြက်တောင်ရိုက် ပြိုင်ပွဲဆုချီးမြှင့်ခြင်း အခမ်းအနား ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးသန်းဦးလွင်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ပြည်နယ်စီးပွားရေးရာဝန်ကြီး ဦးခွန်သိန်းမောင်နှင့် ပြည်နယ်ဝန်ကြီးများ၊ တက်ရောက်လာသူများမှ အမျိုးသား ဘောလီဘောပြိုင်ပွဲတွင် နောက်ဆုံး ဗိုလ်လုပွဲစဉ်ဖြစ်သော တောင်ကြီးခရိုင်အသင်းနှင့် မိုင်းဆတ်ခရိုင်အသင်းတို့ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ပြည်နယ်စီးပွားရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများက အမျိုးသားဘော်လီဘောပြိုင်ပွဲတွင် ပထမဆုရရှိသော တောင်ကြီးခရိုင်အသင်း၊ ဒုတိယဆုရရှိသော မိုင်းဆတ်ခရိုင်အသင်း၊ တတိယဆုရရှိသော ကျိုင်းတုံခရိုင်အသင်းတို့အားလည်းကောင်း၊ အမျိုးသားကြက်တောင်ရိုက်ပြိုင်ပွဲ ပထမဆုရရှိသော တောင်ကြီးမြို့နယ်အသင်း၊ ဒုတိယဆုရရှိသော လားရှိုးမြို့နယ်အသင်း၊ တတိယပူးတွဲဆုရရှိသော ပင်လောင်းနှင့် လွိုင်လင်မြို့နယ်အသင်းတို့အား လည်းကောင်း၊ အမျိုးသမီးကြက်တောင်ရိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသော တောင်ကြီးမြို့နယ်အသင်း၊ ဒုတိယဆုရရှိသော လားရှိုးမြို့နယ်အသင်း၊ တတိယပူးတွဲဆုရရှိသော လဲချားနှင့် လွိုင်လင်မြို့နယ်အသင်းတို့အားလည်းကောင်း၊ အကောင်းဆုံးအားကစားသမားဆုရရှိသော ကစားသမားများအားလည်းကောင်း ပထမတံခွန်စိုက်ဖလား၊ တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုများ အသီးသီးချီးမြှင့်ပေးအပ်သည်။

အဆိုပါ အားကစားပြိုင်ပွဲများကို အောက်တိုဘာ ၁ ရက်မှ ၅ ရက်ထိ ကျင်းပခဲ့ပြီး အမျိုးသား ဘော်လီဘောပြိုင်ပွဲတွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း၊ ဒေသများနှင့် ခရိုင်များအလိုက် အသင်း ၁၅သင်း၊ကြက်တောင်ရိုက်ပြိုင်ပွဲတွင် မြို့နယ်အလိုက် အမျိုးသား၊ အမျိုးသမီး(၇)သင်းစီ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရ သည်။

**(အပေါ်ဝဲပုံ) (၃၆၈)**



# နဝမအကြိမ်မြောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ညောင်ဦး အောက်တိုဘာ ၆**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တောင်ဘီလေးကျေးရွာအုပ်စု၊ စည်ပင်သာကျေးရွာ၌ နဝမအကြိမ်မြောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက် လည်ပတ်ရန်ပုံငွေ ထုတ်ချေးပေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပရာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ဖြူမျိုးသွယ်က ကျေးရွာတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် ရည်ရွယ်ပြီး ထုတ်ချေးပေးခြင်းဖြစ်၍ စီမံကိန်းလုပ်ငန်းများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရန် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက ချေးငွေအတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေများကို လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက စည်ပင်သာကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၂၈ ဦးကို ငွေကျပ် ၁၂ ဒသမ ၈၅ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၄၆ ဦးကို ငွေကျပ် ၁၈ ဒသမ ၁ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၂၉ ဦးကို ငွေကျပ် ၁၃ ဒသမ ၉၅ သန်း၊ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၀၃ ဦးကို ငွေကျပ် ၄၄ ဒသမ ၉ သန်းထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ) (၄၄၅)**

# မိုးစပါးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း

**ကျွန်းလှ အောက်တိုဘာ ၆**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ်အတွင်းရှိ လယ်ယာမြေများသည် မိုးကောင်းသောက်ဖြစ်သော်လည်း စိုက်ပျိုးရေးလုပ်ငန်းကို ချောင်းရေ၊ မြောင်းရေနှင့် မြေအောက်ရေတင်ပြီးလုပ်ကိုင်ကြရာ ယခုနှစ်မိုးရာသီစိုက်ပျိုးသော မိုးစပါးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။

အဆိုပါ မိုးစပါးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းစေရန်အတွက် စိုက်နည်းစနစ်မှန်ကန်ရေး သင်တန်းများဖွင့်လှစ်ခြင်း၊ ကွင်းသရုပ်ပြပွဲများကျင်းပခြင်း၊ ပိုးမွှားကျရောက်မှုကင်းထောက်ခြင်း၊သဘာဝမြေသြဇာနှင့် ဓာတ်မြေသြဇာ အချိုးကျအချိန်ကိုက်သုံးစွဲရေး ပညာပေးခြင်းစသည့် စိုက်ပျိုးရေးဆိုင်ရာများ နည်းပညာပေးလျက်ရှိပြီး ယူရီးယားဓာတ်မြေသြဇာများ ဈေးနှုန်းသက်သာစွာဖြန့်ဖြူးပေးကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောကြားသည်။

ကျွန်းလှမြို့နယ်တွင် ၂၀၂၄-၂၀၂၅ ခုနှစ် မိုးစပါးစိုက်ပျိုးရန် ၃၄၀၉၇ ဧကလျာထားပြီး ၃၄၀၉၈ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ဒေသရာသီဥတုနှင့်ကိုက်ညီသည့် ဧရာမင်း၊ မနောသုခ၊ ရွှေသွယ်ရင်၊ ချမ်းမြေ့မေစပါးမျိုးများ စိုက်ပျိုးကြကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**(အောက်ပုံ) (၄၈၀)**





# မွေးစမှ ၁ နှစ်ခွဲအထိ ကလေးငယ်များ လစဉ်ပုံမှန် ကာကွယ်ဆေးထိုးခြင်း၊ တိုက်ကျွေးခြင်းများ ဆောင်ရွက်

**မင်းဘူး အောက်တိုဘာ ၆**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ မင်းဘူးမြို့တွင် မွေးစမှ အသက် ၁ နှစ်ခွဲ အထိ ကလေးငယ်များ လစဉ်ပုံမှန် ကာကွယ်ဆေး ထိုးနှံပေးခြင်းကို ယမန်နေ့နံနက် ၉ နာရီက အမှတ်(၄)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးတွင် ထိုးနှံပေးခဲ့သည်။

ထိုသို့ ထိုးနှံပေးခြင်းကို မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများက ဘီစီဂျီ၊ အသည်းရောင်အသားဝါ(ဘီ)၊ ပိုလီယို၊ ပြင်းထန်အဆုတ်ရောင်(ပီစီဗီ)၊ပြင်းထန်ဝမ်းပျက်ဝမ်းလျှော(ရိုတာ)၊ ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်၊ ဦးနှောက်အမြှေးရောင်၊(ငါးမျိုးစပ်ကာကွယ်ဆေး)၊ ဝက်သက်ဂျိုက်သိုး၊ ဂျပန်ဦးနှောက်အမြှေးရောင်ကာကွယ်ဆေးများကို မွေးစမှ(၂)လ၊ (၄)လ၊ (၆)လ၊ (၉)လနှင့် တစ်နှစ်ခွဲ ကလေးငယ်များအား အသက်အရွယ်အလိုက် ကာကွယ်ဆေး ထိုးနှံခြင်း၊ တိုက်ကျွေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **(အပေါ်ပုံ) (၅၀၄)**

# လူငယ်နှင့် စာရိတ္တဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲ ကျင်းပ

**ငဖဲ အောက်တိုဘာ ၆**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ ငဖဲမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး ပြည်သူ့စာကြည့်တိုက်ခန်းမတွင် လူငယ်များ ဗလငါးတန်နှင့် ပြည့်စုံစေရန် ရည်ရွယ်ပြီး လူငယ်နှင့်စာရိတ္တဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲ Talk Show ကို အောက်တိုဘာ ၃ရက် နံနက် ၁၀ နာရီက ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် ငဖဲမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ယုယုသိန်းက ဗလငါးတန်တွင် တစ်ခုအပါအဝင်ဖြစ်သည့် စာရိတ္တဗလသည် လူငယ်မောင်မယ် ကျောင်းသား၊ ကျောင်းသူများ၏ ရည်မှန်းချက်ကို ရောက်အောင် ပို့ဆောင်ပေးနိုင်သည့်အရာဖြစ်ကြောင်း၊ စာရိတ္တသည် လူတို့၏ ကိုယ်ကျင့်တရားဖြစ်ပြီး ကိုယ်ကျင့်တရားသည် လူတို့၏အသက်သွေးခဲဖြစ်ကြောင်း၊ ကျောင်းသား၊ ကျောင်းသူတစ်ဦးချင်းစီက ပြုစုပျိုးထောင်ရမည့် ကာယဗလ၊ ဉာဏဗလ၊ စာရိတ္တဗလ၊ မိတ္တဗလ၊ ဘောဂဗလ ဟူသည့် ဗလငါးတန်တွင် စာရိတ္တဗလသည် အမွန်မြတ်ဆုံး၊ အရေးကြီးဆုံး ဗဟိုမဏ္ဍိုင်ဖြစ်ကြောင်းနှင့် စာထောက်-၃ ဦးစိုးမိုးသူက ကျောင်းသား၊ ကျောင်းသူလူငယ် မောင်မယ်များအနေဖြင့် မကောင်းမှုပြုရမှာကိုကြောက်ခြင်း၊ မကောင်းမှုလုပ်ဆောင်ရမှာကိုရှက်ခြင်း ဟူသည့် စာရိတ္တကောင်းတွေ ပိုင်ဆိုင်ပါက တိုင်းပြည်အတွက် အားထားရသည့် လူတော်လူကောင်းများ ဖြစ်လာမည်ဖြစ်ကြောင်းနှင့် စာရိတ္တဗလပြည့်စုံစေရန် လိုက်နာဆောင်ရွက်ရမည့် နည်းလမ်းများကို အသိပညာပေး ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။




**(ဝဲပုံ) မယု(ငဖဲ)**

# အမျိုးသားကင်ဆာရောဂါကုသရေးဌာန(ဒဂုံဆိပ်ကမ်း) တစ်ရက်လျှင် ကင်ဆာလူနာ ၅၀ မှ ၁၀၀အထိ ကုသမှုပေးနိုင်မည်
## အထူးကုဆေးရုံသစ်ကြီး - ရန်ကုန် တည်ဆောက်ရေးစီမံကိန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် အောက်တိုဘာ ၆

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာ သက်ခိုင်ဝင်းသည် ကျန်းမာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များနှင့်အတူ ယမန်နေ့ နံနက် ၁၁ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံဆိပ်ကမ်းမြို့နယ်ရှိ အမျိုးသားကင်ဆာရောဂါကုသရေးဌာန (National Cancer Institute-NCI)သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။



ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက အမျိုးသားကင်ဆာရောဂါကုသရေးဌာနတွင် ယခုအခါ ဓာတ်ရောင်ခြည်ကုသစက်များနှင့်အတူ တွဲဖက်အသုံးပြုရမည့် ဓာတ်ရောင်ခြည်ဖြင့် ကုသမှုအထောက်အကူပြုစက် (CT Simulator) တပ်ဆင်ခြင်းလုပ်ငန်းဆောင်ရွက်လျက်ရှိပြီး မကြာမီပြီးစီးမည်ဖြစ်၍ အောက်တိုဘာလ တတိယပတ်မှစ၍ ကနဦးလက်တွေ့သင်ကြားကုသမှု စတင်နိုင်မည်ဖြစ်ကြောင်း၊ ယင်းနောက် လူနာသစ်များကို ကုသမှုပေးနိုင်ရန် စီစဉ်လျက်ရှိကြောင်း၊ ယခုတပ်ဆင်ပြီးဖြစ်သည့် ဓာတ်ရောင်ခြည်ဖြင့် ကင်ဆာရောဂါ ကုသစက်သစ် Linear Accelerator ဖြင့် တစ်ရက်လျှင် ကင်ဆာလူနာ ၅၀ မှ ၁၀၀အထိ ကုသမှုပေးနိုင်မည်ဖြစ်ပြီး ထပ်မံ၍ ဓာတ်ရောင်ခြည်ဖြင့် ကင်ဆာရောဂါ ကုသစက်သစ်နှစ်လုံး တပ်ဆင်ပြီးပါက ယခုနှစ် ဒီဇင်ဘာလမှ စတင်၍ တစ်ရက်လျှင် စုစုပေါင်း လူနာ ၂၀၀ အထိ ဓာတ်ရောင်ခြည်ဖြင့် ကုသပေးနိုင်တော့မည်ဖြစ်ကြောင်း၊ အောက်တိုဘာလမှစတင်၍ လူနာများ ဘေးကင်းလုံခြုံစိတ်ချစွာဖြင့် စိတ်အေးချမ်းသာစွာ ကုသနိုင်ရန်အတွက် အစစအရာရာ အဆင်ပြေအောင် စီစဉ်ဆောင်ရွက်ထားရှိရန်၊ လိုအပ်သော လူ့စွမ်းအားအရင်းအမြစ် ပြည့်ဝစွာထားရှိနိုင်ရေး စီစဉ်ဆောင်ရွက်ထားရှိရန် မှာကြားသည်။

ဆက်လက်၍ ကင်ဆာရောဂါဝေဒနာရှင်လူနာများ စိတ်အေးချမ်းသာစွာ ကုသမှုခံယူနိုင်ရန်အတွက် L Shape ရှစ်ထပ် အဆောက်အအုံကိုလည်းကောင်း၊ အမျိုးသားကင်ဆာရောဂါကုသရေးဌာနတွင် တာဝန်ထမ်းဆောင်မည့် ကျန်းမာရေးဝန်ထမ်းများအတွက် လေးခန်းတွဲငါးထပ် အရာထမ်းအိမ်ရာ တစ်လုံး၊ အမှုထမ်းအိမ်ရာ နှစ်လုံးတို့ကိုလည်းကောင်း ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တာဝန်ယူဆောက်လုပ်လျက်ရှိရာ လုပ်ငန်းပြီးစီးမှုအခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် JICA အကူအညီဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော လမ်းမတော်မြို့နယ်ရှိ အထူးကုဆေးရုံသစ်ကြီး - ရန်ကုန် တည်ဆောက်ရေးစီမံကိန်း (The Project for Construction of New Yangon Specialist Hospital-New YSH)သို့ သွားရောက်ကာ စီမံကိန်းအတိုင်ပင်ခံကုမ္ပဏီနှင့် ဆေးရုံအဆောက်အအုံတည်ဆောက်ရေးကုမ္ပဏီများ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အဆောက်အအုံဦးစီးဌာနနှင့် ကုသရေးဦးစီးဌာနတို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် တွေ့ဆုံကာ ခုနစ်ထပ် ဆေးရုံအဆောက်အအုံ ဆောက်လုပ်ရေးလုပ်ငန်းများ စွမ်းအားပြည့် အကောင်အထည်ဖော်ဆောင်ရွက်ရေး မှာကြားကာ ဆောက်လုပ်ရေးလုပ်ငန်းခွင်သို့ သွားရောက်၍ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ စီမံကိန်းကို ကျန်းမာရေးဝန်ကြီးဌာနနှင့် JICA တို့အကြား Grant Agreement လက်မှတ်ရေးထိုးခြင်း ဆောင်ရွက်ခဲ့ပြီး COVID-19 ကပ်ရောဂါကာလအတွင်း ဆောက်လုပ်ရေးလုပ်ငန်းများ ရပ်နားခဲ့သော်လည်း ယခုနှစ် ဇွန်လမှစတင်၍ ပြင်ဆင်တည်ဆောက်ရေးလုပ်ငန်းများ ပြန်လည်စတင်ခဲ့သည်။

အထူးကုဆေးရုံသစ်ကြီး-ရန်ကုန် တည်ဆောက်ရေးစီမံကိန်းပြီးစီးပါက နိုင်ငံတကာအဆင့်မီ ဆေးရုံဒီဇိုင်းနှင့် ဆေးရုံသုံးပစ္စည်းများ ပါဝင်သော နှလုံး၊ ဦးနှောက်နှင့်အာရုံကြော အထူးကုဆေးရုံကြီးအဖြစ် ရပ်တည်ကာ ပြည်သူလူထုအား အရည်အသွေးပြည့် ကျန်းမာရေး စောင့်ရှောက်ရေးလုပ်ငန်းများ ပိုမိုဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ် စိုင်ခြံကျေးရွာအနီးရှိ ဝက်အင်းနဂါး ရွှံ့မီးတောင် ပေါက်ကွဲမှုဖြစ်ပွား



ကျောက်ဖြူမြို့နယ် စိုင်ခြံကျေးရွာအနီးရှိ ဝက်အင်းနဂါး ရွှံ့မီးတောင် ပေါက်ကွဲမှုကိုတွေ့ရစဉ်။

နေပြည်တော် အောက်တိုဘာ ၆

ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ် စိုင်ခြံကျေးရွာအနီးတွင် ဒေသအခေါ် ဝက်အင်းနဂါးအမည်ရှိ ရွှံ့မီးတောင်လေးခုပါ မီးတောင်အုပ်စုမှ မြောက်ဘက်အစွန်ဆုံးမီးတောင်သည် အောက်တိုဘာ ၅ ရက် နံနက် ၁၁ နာရီခန့်တွင် မိနစ် ၃၀ ကြာ ပေါက်ကွဲမှုဖြစ်ပေါ်ခဲ့ရာ ရွှံ့ရည်ပူများသည် အမြင့် ၁၀ ပေခန့်အထိ လွင့်စဉ်ပေါက်ထွက်ခဲ့ပြီး ရွှံ့မီးတောင်၏ဘေးပတ်လည် ပေ ၃၀၀ ခန့် ရွှံ့ချော်ရည်များ ဖုံးလွှမ်းခဲ့သည်။ အဆိုပါ မီးတောင်ပေါက်ကွဲမှုကြောင့် လူ၊ တိရစ္ဆာန်နှင့် လယ်ယာမြေစိုက်ခင်းများ ထိခိုက်ပျက်စီးဆုံးရှုံးမှုမရှိကြောင်း သိရသည်။

### အများဆုံးပေါက်ကွဲလေ့ရှိ

ရမ်းဗြဲကျွန်း ကျောက်ဖြူမြို့နယ် စိုင်ခြံကျေးရွာအနီးတွင် ဝက်အင်းနဂါးရွှံ့မီးတောင်အုပ်စု၊ ပန်းရှည်နဂါးရွှံ့မီးတောင်အုပ်စုနှင့် သပြေတောနဂါးရွှံ့မီးတောင်အုပ်စု သုံးခုရှိပြီး ပန်းရှည်နဂါးရွှံ့မီးတောင်အုပ်စုနှင့် ဝက်အင်းနဂါးရွှံ့မီးတောင်အုပ်စုတို့မှာ အများဆုံးပေါက်ကွဲလေ့ရှိကြောင်း၊

စာမျက်နှာ ၁၀ သို့

## ချဲလ်ဆီးနှင့် မန်ယူတို့ သရေတစ်မှတ်စီသာ ရယူနိုင်ခဲ့၊ ဘရိုက်တန်အသင်းက စပါးအသင်းအား သုံးဂိုး၊ နှစ်ဂိုးဖြင့် အနိုင်ရ

**လန်ဒန် အောက်တိုဘာ ၆**

ပရီးမီးယားလိဂ်ပွဲစဉ်(၇) အဖြစ် ယနေ့မြန်မာစံတော်ချိန် ည ၇ နာရီ ၃၀ မိနစ်က ချဲလ်ဆီးအသင်းနှင့် နော်တင်ဟမ် အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ တစ်ဖက်တစ်ဂိုးစီဖြင့် သရေရလဒ် ထွက်ပေါ်ခဲ့သည်။



ချဲလ်ဆီးအသင်းအတွက် သွင်းဂိုးတစ်ဂိုးကို ပွဲချိန် ၅၇ မိနစ်တွင် မာဒူအေကေက သွင်းယူပေးခဲ့ပြီး နော်တင်ဟမ်အသင်းအတွက် သွင်းဂိုးတစ်ဂိုးကို ပွဲချိန် ၄၉ မိနစ်တွင် ခရစ်စ္စဝုဒ်က သွင်း ယူပေးခဲ့သည်။

ဆက်လက်၍ ဗီလာအသင်းနှင့် မန်ယူအသင်းတို့ ပွဲစဉ်တွင်လည်း ဂိုးမရှိသရေရလဒ်သာ ပွဲစဉ်ပြီးဆုံးခဲ့သည်။

ဗီလာအသင်းနှင့် မန်ယူအသင်းတို့သည် တစ်ဖက်နှင့်တစ်ဖက် အကြိတ်အနယ်ယှဉ်ပြိုင် ကစားကြသော်လည်း ပွဲချိန် မိနစ် ၉၀ ပြီးဆုံးသည်အထိ သွင်းဂိုးများရရှိအောင် သွင်းယူနိုင်ခြင်း မရှိသောကြောင့် ဂိုးမရှိသရေရလဒ်ဖြင့်သာ ပွဲစဉ်ပြီးဆုံးခဲ့သည်။

ယနေ့ မြန်မာစံတော်ချိန် ည ၁၀ နာရီက ဘရိုက်တန်အသင်းနှင့် စပါးအသင်းတို့ ပွဲစဉ်တွင်လည်း ဘရိုက်တန်အသင်းက စပါးအသင်းအား သုံးဂိုး၊ နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ဘရိုက်တန်အသင်းအတွက် သွင်းဂိုးကို ပွဲချိန် ၄၈ မိနစ်တွင် မင်တက်၊ ပွဲချိန် ၅၈ မိနစ်တွင် ဟွတ်တာ၊ ပွဲချိန် ၆၆ မိနစ်တွင် ဝဲလ်ဘက်တို့က သွင်းယူပေးခဲ့သည်။ စပါးအသင်းအတွက် သွင်းဂိုးနှစ်ဂိုးကိုမူ ပွဲချိန် ၂၄ မိနစ်တွင် ဘရန်နန်ဂျွန်ဆင်၊ ပွဲချိန် ၃၈ မိနစ်တွင် မတ်ဒီဆန်တို့က သွင်းယူပေးခဲ့သည်။

(NBG)

## နေရာကွက်ကျား မိုးအနည်းငယ်ရွာမည်

**နေပြည်တော် အောက်တိုဘာ ၆**

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး နေရာကွက်ကျား မိုးအနည်းငယ်ရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်ပါသည်။

မိုး/ဇလ